www.burmeseclassic.com



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# (နိဒါန်း)

ဆောင်းဦးပေါက်ချိန် ဖြစ်သောကြောင့် တောင်ပေါ်မြို့ကလေး၏ မွန်းတည့်ပြီးခါစ နေခြည်သည် ငွေ့ငွေ့လေး နွေးနေရုံသာရှိ၏။ သီဟကျော်က မြင်းနှစ်ကောင်ဆွဲသော ဒေါက်ကပ်ကိုမောင်းရင်း သူ့မျက်နှာကို လာရောက် တိုးဖွေ့သည့် လေပြည်ငွေ့ကို တစ်ဝကြီး ရှိုက်လိုက်သည်။ သူ့ပါးပြင်နှင့် ဆံစတွေကို တိုးဝင်နေသည့် လေပြည်အထိအတွေ့က မွေးကင်းစ ကလေးငယ်တစ်ယောက် ရှုထုတ်လိုက်သော ထွက်သက်ကဲ့သို့ နူးညံ့ညင်သာနေသည်။

သီဟကျော်က မြင်းဇက်ထိန်းကြိုးကို လက်ဝဲဘက်လက်ဖဝါးထဲတွင် ကိုင်ထားသည်ဆိုရုံမျှ လျော့လျဲလျဲထိန်းထားရင်း နှင်တံကြာပွတ်ကို ညာဘက်လက်ဖြင့် လှည်းအိမ်ကို တဒေါက်ဒေါက်မြည်အောင် ရိုက်နေမိ၏။

'ဒေါက်... ဒေါက်... ဒေါက်'

'ခွပ်... ခွပ်... ခွပ်'

ကျောက်တုံးတွေ ထူထပ်များပြားရာ တောင်တက်လမ်းလေး အတိုင်း တခွပ်ခွပ်ပြေးနေသော မြင်းခွာသံတို့နှင့် လှည်းအိမ်ကို နှင်တံဖြင့် ရိုက်ခတ်နေသံ တဒေါက်ဒေါက်တို့က စည်းချက်ကျကျ ပေါ်ထွက်



www.burmeseclassic.com

www.burmeseclassic.com

နေ၏။

သီဟကျော်က သူ့နံဘေးတွင် ယှဉ်တွဲထိုင်လျက်ပါလာသော သူ့ချစ်သူ သင်းသီရိဘက်သို့ အသာငဲ့စောင်းကြည့်ဖြစ်၏။

သင်းသီရိကတော့ သီဟကျော်၏ ဝဲဘက်လက်မောင်းကို ဆုပ်တွယ်မှီခိုရင်း...

'ဒီလိုမျိုးကြီးစီးရတာ သီရိတော့ ကြောက်တယ်... မောင်'

သင်းသီရိက သီဟကျော်၏ ပခုံးစွန်းကို သူမ၏ နဖူးဦးစပ်ဖြင့် မှေးတင်ရင်း တုန်ယင်တိုးဖျော့စွာ ပြောလိုက်သည်။

ဟုတ်တော့လဲ ဟုတ်သည်။ သူတို့ ယခုစီးနေသော ဒေါက်ကပ်ဆိုသည်က ရိုးရိုးမြင်းလှည်းလိုမဟုတ်။ လူဝင်ထိုင်ပြီးစီးရသော ဗီဒိုမြင့်မြင့်တစ်လုံးလို လှည်းအိမ်ကိုမှ မြင်းနှစ်ကောင်က ဆွဲခြင်းဖြစ်သည်။ လှည်းအိမ်အတွင်းမှ ဝင်စီးလျှင် သက်သောင့်သက်သာနှင့် ပြတင်းပေါက်ကို လက်တင်ပြီး စတိုင်ကျကျ စီးသွားရုံသာ (အထူးသဖြင့် သူတို့တောင်ပေါ်မြို့လေးကို လာရောက်လည်ပတ်ကြသော နိုင်ငံခြားသားဧည့်သည်တွေဆိုရင် ယခုခေတ်တွင် တွေ့ရမြင်ရ ရှားပါးပြီးဖြစ်သော ဒီလိုဒေါက်ကပ်မျိုးကိုမှ ဈေးကြီးပေးကာ ငှားရမ်းစီးနင်းလေ့ရှိ၏)။

အခု သီဟကျော်နှင့် သင်းသီရိတို့ ချစ်သူနှစ်ဦးကတော့ လှည်းအိမ်အတွင်းမှ စီးသည်မဟုတ်ဘဲ လှည်းအိမ်အပေါ် အမိုးစွန်းရှိ လှည်းသမားနေရာတွင်ထိုင်ကာ ကိုယ်တိုင်မောင်းနှင်နေကြခြင်း ဖြစ်သည်။

လှည်းမောင်းသူထိုင်သည့် နေရာက လှည်းအိမ်အပေါ်ဘက်အပိုင်းတွင် ရှိသောကြောင့် မြေပြင်မှကြည့်လျှင် လူတစ်ရပ်ကျော်ကျော်ခန့် မြင့်သည်။ ထို့အမြင့်ပမာဏသည် အောက်ကနေမော့ကြည့်လျှင်ဘာမှ မပြောပလောက်ဟု ထင်ဖွယ်ရာရှိသော်လည်း အပေါ်မှ ထိုင်ရင်းမြေပြင်သို့ ငုံ့ကြည့်မိလျှင်က 'မတော်တဆ ပြုတ်ကျသွားမှဖြင့် ကျိုးရပဲ့ရချည်ရဲ့' ဟူသော အတွေးမျိုး ဝင်လာစေနိုင်လောက်သည့် အမြင့်ပမာဏပင် ဖြစ်လေသည်။





သီဟကျော်က သူ့ချစ်သူသင်းသီရိ၏ စိုးရိမ်စိတ်ကို နားလည်ဈေးသိပ်သည့်အနေဖြင့် သူမ၏ နဖူးဆံစပ်ကို အသာအယာ ငုံ့နမ်းလိုက်၏။

'အို... မောင် မလုပ်နဲ့လေ၊ ဒီအပေါ်ကြီးမှာ'

သင်းသီရိက ကိုယ်ကိုနောက်သို့ ယို့ပြီး တွန်းရုန်းလိုက်သည်။ သီဟကျော်က ဟက်ခနဲတစ်ချက် ရယ်မောလိုက်ပြီး သင်းသီရိကို ထပ်မံကျီစယ်ဖို့ နောက်တစ်ကြိမ် နမ်းမည့်ဟန်ပြင်လိုက်၏။

'အို... ကြည့်စမ်း ပြောနေတာ မရဘူးလား မောင်'

သင်းသီရိက တွန့်လိမ်ရုန်းကန်နေသဖြင့် ဒေါက်ကပ်ပေါ်မှ ပြုတ်ကျတော့မလို ဖြစ်နေသည်။ မြင်းနှစ်ကောင်ကလည်း ပြေးအားကောင်းကောင်းဖြင့် လှည်းကို ကဆုန်စိုင်းဆွဲပြေးနေသည်ဖြစ်ရာ ဒီလိုအရှိန်မျိုးဖြင့် လှည်းပေါ်က ပြုတ်ကျလိုက်လျှင် အသက်အန္တရာယ်ပင် စိုးရိမ်နိုင်စရာရှိနေသည်။

သို့တိုင်အောင်လည်း သီဟကျော်က အလျှော့မပေး။ ကြာတော့သင်းသီရိတစ်ယောက် မျက်နှာကလေး နီမြန်းလာပြီး သီဟကျော်၏ ပခုံးကို သူမ၏ လက်သီးဆုပ်ဖြင့် ထုကာနှက်ကာ...

'မောင်နော်... မလုပ်နဲ့ဆို ပြောနေတာ မရဘူးလား၊ အို... နှစ်ယောက်စလုံး ပြုတ်ကျကုန်တော့မှာပဲ။ ဟင်... မလုပ်နဲ့ဆို ပြောနေတာမရဘူးလား ကဲ... ဟယ်'

သီဟကျော်က မြင်းဇက်ထိန်းကြိုးကို လွှတ်ချလိုက်ပြီး သင်းသီရိတစ်ကိုယ်လုံးကို ထွေးပိုက်ပွေ့ဖက်လိုက်၏။ ရေတံခွန်တောင်ပေါ်သို့တက်သော တောင်တက်ကျောက်ခင်းလမ်းပေါ်တွင် ပြေးလွှားနေသောမြင်းခွာသံတခွပ်ခွပ်၊ ငွေဆည်းလည်းသံတချွင်ချွင်တို့ကြားတွင် ချစ်သူနှစ်ဦး၏ ရယ်သံသည် တသိမ့်သိမ့် ပျံ့သွားလေတော့သည်။

●



www.burmeseclassic.com

www.burmeseclassic.com

ရေတံခွန်တောင်၏ အမြင့်ပိုင်းသို့ ရောက်လာလေလေ လှည်းတစ်ခုလုံးကို ဆွဲငင်ပြေးလွှားနေသော မြင်းတို့၏ ခြေလှမ်းတွေက လေးလံ နှေးကွေးလာလေလေဖြစ်၏။

သီဟကျော်က ကျောက်ခင်းလမ်းပေါ်ထိခတ်နေသည့် မြင်းခွာသံတွေ တဖြည်းဖြည်းကျဲလာသည်ကို ကြည့်ရင်း အတွေးတွေ လွင့်နေမိ၏။

ဘယ်အရာမဆို ဒီလိုပါပဲလား။ စစခြင်းမှာတော့ ခြေလှမ်းသွက်သွက်ဖြင့် ဝန်ထုပ်ဝန်ပိုးကို ရုန်းခဲ့ကြတာပါပဲ (ရည်မှန်းချက် တစ်ခုခုနဲ့ပေါ့) အမြင့်ဆုံးဆိုတဲ့ ပန်းတိုင်နဲ့ နီးလာလေလေ ကိုယ်ဆွဲလာရတဲ့ လှည်းအိမ်ဟာ ဝန်ထုပ်ဝန်ပိုးအဖြစ်နဲ့ ကိုယ့်ကို နှောင်ဖွဲ့နှာကျင်စေလေလေပေါ့။

အောင်မြင်ခြင်းဆိုတာကကော ဒီလိုပဲလား...။ ငွေကြေးဆိုတာကကော ဝန်ထုပ်ဝန်ပိုးလား...။ အချစ်ဆိုတာကတော့ လှည်းအိမ်တစ်ခုပဲလား...။

'မောင်... ဘာတွေစဉ်းစားနေတာလဲဟင်'

သင်းသီရိအသံကြောင့် သူ ဖျတ်ခနဲ သတိပြန်ဝင်လာသည်။

'ဟင့်အင်း...ဘာမှမစဉ်းစားပါဘူး။ ဘာဖြစ်လို့လဲဟင်...သီရိ'

သင်းသီရိက အစိုးရိမ်ကဲသော မျက်နှာဖြင့်...





'မောင်ရယ်... တောင်ပေါ်တက်မှာဆိုရင်လဲ ဒီမြင်းလှည်းကြီးကိုထားပြီး နှစ်ယောက်တည်း လမ်းလျှောက်တက်ရအောင်ပါ၊ တောင်တက်လမ်းက မတ်ရတဲ့ကြားထဲ မောင့်လှည်းအိမ်က မြင့်လည်းမြင့်သေး၊ လူးလဲ လူးနေသေးတယ်။ သီရိတော့ ဖြုတ်ကျမှာကြောက်တယ်... မောင်'

သင်းသီရိပြောသည်ကလည်း မလွန်ပါ။ သူတို့မြို့ကလေးတွင် ဟောသည့် ရေတံခွန်တောင်က အမြင့်ဆုံးဖြစ်၏။ ခြေလျင်တက်လျှင် သုံးလေးနာရီကြာအောင် တက်ရသဖြင့် လူသူအရောက်အပေါက်လည်း နည်းသည်။

သို့သော် ဒီမြင်းနှစ်ကောင်နှင့် ဒေါက်ကပ်လှည်းကို စောင့်ကြည့်ပေးမည့်သူမရှိဘဲ လမ်းခုလတ်တွင် ဒီအတိုင်းပစ်ထားခဲ့ရမှာကိုလည်း စိတ်မချနိုင်စရာ ဖြစ်နေ၏။ မြင်းနှစ်ကောင်တန်ဖိုးမပါပဲ ဒေါက်ကပ်လှည်းအိမ်၏ တန်ဖိုးအလုံးစုံကပင်လျှင် နှစ်သိန်းကျော် သုံးသိန်းနီးပါးခန့် ပေါက်ဈေးရှိ၏။

ငွေကြေးတန်ဖိုးအရ များလွန်းလှသည်ဟု မဆိုနိုင်သည်ထားဦးတော့ ဒီ ဒေါက်ကပ်မြင်းလှည်းက သီဟကျော်ဖခင်ပိုင်သည့် ခရီးသွားလုပ်ငန်းတွင် နိုင်ငံခြားသားဧည့်သည်များအတွက် အထူးတလည် ငှားရမ်းရန် သီးသီးသန့်သန့်ထားသော မြင်းလှည်းဖြစ်ရာ တစ်စုံတစ်ရာပင် အပွန်းအပဲ့ အစွန်းအထင်းခံ၍ မဖြစ်ချေ။

ထို့ကြောင့် သီဟကျော်က...

'ဟာ... မြင်းလှည်းကို ဒီအတိုင်းထားပစ်ခဲ့လို့ ဘယ်ဖြစ်မလဲ၊ အခိုးခံရတာတို့ ဘာတို့ဖြစ်ရင် ဖေဖေက ကိုယ့်ကို သတ်မှာကွ'

'အဲဒါကြောင့် အစကတည်းက သီရိပြောသားပဲ ဟောဒီဒေါက်ကပ်ကြီး မစီးချင်ပါဘူးဆိုမှ၊ မောင်ပဲ အတင်းစွတ်ယူလာပြီး စီးနိုင်ပြီးတော့...'

သင်းသီရိ၏ အကျင့်က သည်လိုပင်ဖြစ်သည်။ သူမ၏ စိတ်



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်နှင့် မတွေ့သည့်အခါတိုင်း တဖျစ်တောက်တောက်နှင့် နောက်ကြောင်းပြန်၍ မပြီးတော့...

'ကျွတ်... ကျွတ်... ကျွတ်'

သီဟကျော်က စုပ်သပ်၍ မြင်းဇက်ကိုအုပ်ကာ လှည်းကို ရပ်တန့်လိုက်ရင်း...

'ကဲ... ဒါဆိုလဲ သီရိသဘောပဲ၊ လှည်းကို ဒီမှာထားပစ်ခဲ့မယ် အဲ... မြင်းလှည်းတစ်ခုခုဖြစ်လို့ မောင့်အဖေက မောင့်ကိုသတ်ရင် သီရိ ဝမ်းသာမှာပေါ့... ဟုတ်လား'

ထိုစကားကြောင့် သီရိ မျက်နှာကွက်ခနဲ ပျက်သွားပြီး...

'မောင်ဟာလေ ထစ်ခနဲဆိုရင် ယောကျ်ားတန်မဲ့ ထေ့ဖို့ ငေါ့ဖို့လောက်ပဲ သိတယ်၊ ကိုယ့်ချစ်သူ ဘယ်လောက်ကြောက်နေသလဲဆိုတာကိုတော့ ထည့်မစဉ်းစားဘူး။ ဟိုး... လွန်ခဲ့တဲ့ ငါးနှစ်လောက်တုန်းက လုံ့ဆွေဆိုတဲ့ သီရိသူငယ်ချင်းတစ်ယောက် ယောဒီတောင်ပေါ်ကနေ ဆိုင်ကယ်ကော လူကော ပြုတ်ကျသွားဖူးတယ်။ ကံကောင်းလို့ မသေတာ။ မောင်ပဲစဉ်းစားကြည့်စမ်း အဲဒီအကြောင်းကို သိထားတဲ့ သီရိအတွက် ဘယ်လောက်ကြောက်နေရမလဲဆိုတာ'

သီဟကျော်က ပခုံးကို တွန့်ပြလိုက်သည်။ တခြားလူတွေအကြောင်းကို သူစိတ်မဝင်စားလှပါ။ မိန်းမတွေအကျင့်က သည်လိုပဲလားမသိ။ ရည်းစားကို သူငယ်ချင်းတွေအကြောင်းပြောမည်။ သူငယ်ချင်းတွေကိုကျပြန်တော့ ရည်းစားအကြောင်းပြောမည်။ ဒါနှင့်ပင် ပြီးနေကြသည်ထင်၏။

သီဟကျော်က...

'သီရိမှာ အဲဒီလိုသူငယ်ချင်းမျိုး ရှိတယ်လို့ အရင်က မောင် တစ်ခါမှ မကြားဘူးပါလား'

'အင်း... သူက အိမ်ထဲကအိမ်ပြင်မှ မထွက်တာ၊ ပြီးတော့ သူ့မှာ





အပေါင်းအသင်းဆိုလို့ သီရိတစ်ယောက်ပဲရှိတာ မောင်ရဲ့၊ ပြီးခဲ့တဲ့ အပတ်ကတောင် သူ့အိမ်ကို သွားလည်ရင်း မောင့်ဓာတ်ပုံကိုပြပြီး မောင်နဲ့ သီရိအကြောင်းတွေကို ပြောပြဖြစ်သေးတယ်'

ကြည့်စမ်း... ထင်သည့်အတိုင်းပါပဲ။ မိန်းမတွေက ဒီကအကြောင်း ဟိုမှာပြော ဟိုကအကြောင်း ဒီမှာပြောသည့်ကိစ္စကို အတော်အားသွန်ခွန်စိုက် လုပ်တတ်ကြ၏။

သီဟကျော်က မျက်မှောင်ကို ကျုံ့လိုက်ရင်း...

'ဟင်... ဘာအကြောင်းတွေ ပြောခဲ့တာလဲ'

'ဩော်... ဒီနှစ်နွေရာသီကျရင် မောင့်မိဘတွေကို ဖွင့်ပြောပြီး မောင်နဲ့ သီရိလက်ထပ်ကြတော့မယ်ဆိုတာကိုလေ... ဟုတ်တယ် မဟုတ်လားမောင်...၊ မောင့်မိဘတွေက သီရိနဲ့ သဘောတူမှာပါနော်'

သီဟကျော်က မော့ဟိုက်လေးလံသော သက်ပြင်းကို တိုးတိုးတိတ်တိတ် ခိုး၍ရှိုက်လိုက်သည်။ လာမည့် ဖေဖော်ဝါရီလဆန်းတွင် သူ့မိဘတွေက သူ့ကို ဩစတေးလျမှာ ကျောင်းသွားတက်ဖို့ စီစဉ်ထားသည့်အကြောင်း သီရိကို သူပြောပြဖို့ ဆွံ့အနေခဲ့သည်။

သီရိ၏ မျက်နှာလေးကို သူ ငေးစိုက်ကြည့်လိုက်၏။ ကပိုကရိုကျနေသည့် မျက်နှာဝိုင်းဝိုင်းလေးသည် အသစ်ချပ်ချွတ် ငွေဒင်္ဂါးတစ်ပြားလိုတောက်ပရွှန်းလဲ့ကာ အချိုးအဆစ်ကျကျ ချစ်စရာကောင်းနေလေသည်။

သီဟကျော်က ချစ်သူ့မျက်နှာကို တစိမ့်စိမ့်ကြည့်နေရာမှ ရင်ခွင်ထဲသို့ ဆွဲသွင်းလိုက်၏။ သင်းသီရိ၏ ကိုယ်လုံးလေးကလဲ အလိုက်သင့်ပါလာလေသည်။

ထို့နောက် သီဟကျော်က နှင်တံကို ဝှံ့လိုက်ရာ အလိုက်သိသော မြင်းလိမ္မာနှစ်ကောင်က လေးကန်သော ခြေလှမ်းများဖြင့် လှည်းကို တောင်ထိပ်ဆီသို့ တရွေ့ရွေ့ ဆွဲငင်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

သစ်ပင်ခက်လက်ကိုင်းဖျားတွေကို ထိဟပ်နေသော နေရောင်သည်ပင် နုပြီရာမှ တစ်စတစ်စ ရင့်ရော်ကာ ရွှေအိုရောင်သန်းစ ပြုလာပြီ။

●





နေခြည်အိုသည် တောင်ထိပ်ဖျားမှာ တွဲလွဲခိုကာ မကြာခင် မှိုင်းရီတော့မည့် ဆည်းဆာရနံ့ကို လွင့်ပျံ့လာစေ၏။

'မောင်ရယ်... မှောင်လည်း မှောင်လာပြီ... ပြန်ကြစို့နော်'

သင်းသီရိစကားကြောင့် သီဟကျော်က သစ်ပင်ရိပ်အောက်တွင် ထိုင်နေရာမှ ချစ်သူလက်ကို ဆွဲခေါ်ကာ ဒေါက်ကပ်ပေါ်သို့ ပွေ့ချီတင်ပေးလိုက်၏။

ထို့နောက် လှည်းဘောင်ကို လက်ဖြင့် တွဲခိုအားပြုကာ အပေါ်သို့ လွှားခနဲ ခုန်တက်လိုက်သည်။

မြင်းဇက်ကြိုးကို ခပ်တင်းတင်းကိုင်ပြီး လှည်းအိမ်နံဘေးတွင် ထိုးထားသည့်နှင်တံကို နှုတ်ယူအလိုက်တွင် သင်းသီရိက သူ့လက်မောင်းကို ဖျစ်ညှစ်ဆုပ်ကိုင်လိုက်ပြီး...

'မောင်... ခြေလျင်ပဲ ပြန်ကြရအောင်လေ... သီရိ မစီးရဲဘူး ကြောက်တယ်'

'ဟာ... သီရိကလည်း လမ်းလျှောက်ရင် မြင်းလှည်းကြီးကို ဆွဲသွားရမှာ ဘယ်လိုလုပ် အဆင်ပြေမှာလဲ၊ ကဲပါ... သီရိကြောက်ရင် မျက်လုံးကိုသာ မှိတ်ထား။ အဆင်းလမ်းဆိုတော့ မြန်ပါတယ်။ နောက်ငါးမိနစ်လောက်ဆို အောက်ခြေကိုရောက်ပြီ၊ ခဏလေးပဲဥစ္စာ ဟုတ်ပြီလား...'



www.burmeseclassic.com

www.burmeseclassic.com



သီဟကျော်က ချော့ချော့မော့မော့ပြောရင်း နှင်တံကို လေထဲမှာ ဝှိုးခနဲမြည်အောင် ဇော့ယမ်းလိုက်ရင်း...

'ဟဲ့...'

'ရှူး... ဖျောင်း'

'ခွပ်... ခွပ်... ခွပ်'

နှင်တံသံကို ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် မြင်းနှစ်ကောင်က ကဆုန်စိုင်းပြေးတော့သည်။ လှည်းဝန်ရိုး လှည်ပတ်သံသည်ပင် တဝီဝီမြည်လာပြီး ကျောက်ခဲတုံးကြီးကြီးများကို လှည်းဘီးက ဖြတ်ကြိတ်နင်းသည့်အခါတိုင်း ဂျုန်းခနဲ ဂျိုင်းခနဲ ခုန်ဆောင့်သွားသည်။

လမ်းဘေးဝဲယာရှိ သစ်ပင်တွေကို တရိပ်ရိပ်သာ မြင်ရတော့သည်။ မျက်နှာကို လေးတိုးနေသည့် အရှိန်က ကြောက်ခမန်းလိလိ။

'ဘုရား... ဘုရား... မောင်ရယ် ဖြည်းဖြည်း'

အဆင်းလမ်းက မတ်စောက်သောကြောင့် အရှိန်ကို ဘယ်လိုမှ ထိန်းမရတော့။

သံမဏိရထားကြီးတစ်စင်း တဟုန်ထိုး အားလွန်သွန်ကျလာသလို မျိုးနှင့် တူနေသည်။

သီဟကျော်၏ အသက်ရှူနှုန်းတွေ မြန်လာသည်။ မျက်လုံးတွေလည်း ပြာလာ၏။ သူ့နားထဲတွင် တဝေါဝေါမြည်သံလို မသဲမကွဲလေတိုးသံတွေကိုသာ ကြားနေရတော့၏။

ထိုစဉ်မှာပင်...

'ဂျုန်း'

'ဟာ...'

တောင်ကမ်းပါးယံဘက်ရှိ လက်တစ်ဖက်စာခန့် ကျောက်တုံးကြီးအပေါ် လှည်းဘီးက အရှိန်ဖြင့် ဝင်ဆောင့်ကာ မြောက်တက်သွားပြီး ချောက်ကမ်းပါးဘက်ဆီသို့ လှည်းက တိမ်းမှောက်သွား၏။





'အား!!!...'

လှည်းမှောက်သွားပြီဆိုသော အသိနှင့်အတူ သီဟကျော်၏ ကိုယ်ခန္ဓာက လေထဲသို့ လွင့်စင်တက်သွား၏။ သင်းသီရိ၏ ပခုံးကို ပွေ့ဖက်ထားသည့် သူ့လက်ကို ဖျတ်ခနဲ လွတ်ကာ လှည်းနံရံကို မိမိရရ လှမ်းဆုပ်ကိုင်လိုက်သဖြင့် ချောက်ကမ်းပါးအစပ်တွင် လှည်းကို တွဲလွဲနှိုလျက် ကျန်နေခဲ့ခြင်းဖြစ်သည်။

'အား... ကယ်ပါဦး... ကယ်ပါဦး...'

သူ ငုံ့ကြည့်လိုက်သည်။

အာခေါင်ခြစ်အော်နေသော အသံနှင့်အတူ သင်းသီရိတစ်ယောက် ရေတွင်းထဲပစ်ချခံလိုက်ရသော ခဲလုံးလေးလို ကူကယ်ရာမဲ့ လိမ့်ကျသွားသည်ကို မြင်လိုက်ရ၏။

နက်ရှိုင်းလှသော ချောက်ကမ်းပါးနံရံတစ်လျှောက် နောက်ဆုံးထွက်သက်ကို ညှစ်ထုတ် အော်ဟစ်လိုက်သော သင်းသီရိ အော်သံက ချောက်ချားဖွယ်အတိ။

သီရိရေ... သီရိရေ... ။

ရင်ခေါင်းထဲမှ လှိုင်းထန်သောအသံဖြင့် သီဟကျော် အော်ဟစ်ခေါ်ငင်နေမိသည်။

သင်းသီရိကတော့ ကြားနိုင်တော့မည် မဟုတ်ပါ။

တောင်စောင်းတစ်လျှောက် လိမ့်ကျသွားရင်း ကျောက်တုံးကျောက်ချွန်များဖြင့် မျက်နှာတစ်ပြင်လုံးကို အမွန်းခံလိုက်ရသကဲ့သို့ တိုက်ခြစ်ပွန်းပဲ့ကွဲပြဲကာ မှတ်မိနိုင်စရာ မရှိလောက်အောင်ပင် သင်းသီရိတစ်ယောက် ရုပ်ပျက်ဆင်းပျက်ဖြင့် သေဆုံးနေပြီ ဖြစ်လေတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

'အစ်ကိုကို ပေါ့ဆိမ့်တစ်ခွက်ပေးကွာ၊ ဟေ့ကောင်... သီဟကျော် မင်းကကော ဘာသောက်မှာတုန်း'

'အင်း... ငါဘာသောက်ရင် ကောင်းမလဲ၊ ကြက်ဥ သံပုရာကွာ'

သီဟကျော်က ခဏလောက် စဉ်းစားပြီးမှ မှာလိုက်၏။ နောက်သူမှာလိုက်သည့်အရာကို သဘောမကျသဖြင့် လှည့်ထွက်ရန် ပြင်နေသော စားပွဲထိုးလေးကို လက်လှမ်းတို့လိုက်ကာ...

'ကြက်ဥသံပုရာမလုပ်နဲ့တော့ကွာ... ကျဆိမ့်ပဲပေးတော့'

'ဟုတ်ကဲ့... အစ်ကို'

'ဟာ... နေဦး... နေဦး... ကျဆိမ့်မလုပ်နဲ့တော့ ပုံမှန်ပဲပေးတော့'

'ထပ်ပြင်ဦးမှာလား... အစ်ကို'

စားပွဲထိုးလေးက အပြောင်းအလဲမြန်သော သီဟကျော်ကို ကြည့်ပြီး ခပ်ထေ့ထေ့ပြောလိုက်သည်။ သီဟကျော်နှင့် စားပွဲထိုးလေးတို့ ပြောနေကြသည်ကိုကြည့်ပြီး မင်းစိုးက ရယ်မောလိုက်ကာ...

'သီဟကျော်ရာ... လက်ဖက်ရည်လေးမှာတာကိုပဲ မင်း ရည်းစားတွေ တစ်ယောက်ပြီးတစ်ယောက် ပြောင်းထားနေသလိုမျိုး အခုတစ်မျိုး တော်ကြာတစ်မျိုး ပြောင်းနေရတယ်လို့'

မင်းစိုးစကားကြောင့် သီဟကျော်က ဟက်ခနဲရယ်မောလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ မင်းစိုးပြောသလိုပင် သူက ရည်းစားတွေကို ထည်လဲထားတတ်သည်။ သူ့အတွက် ဘယ်အရာကမှ စွဲစွဲလန်းလန်းနှင့် ကြာကြာခံသည် မရှိ။

မင်းစိုးက ရေနွေးကြမ်းပန်းကန်ထဲသို့ ရေနွေးကို ငှဲ့ထည့်ရင်း...

'ဟိုမှာတုန်းကရော မင်း... ရည်းစားဘယ်နှယောက် ရခဲ့လဲ'

ဟိုမှာတုန်းက ဆိုသည်မှာ သူကျောင်းသွားတက်သော ဩစတေးလျနိုင်ငံကို ပြောခြင်းဖြစ်၏။ အခု ပြန်ရောက်သည်မှာ လပိုင်းကျော်ကျော်သာ ရှိသေးသည်။ သို့ရာတွင် သူ ထုံးစံအတိုင်း သည်အချိန်တိုလေးအတွင်းမှာပင် အထက်တန်းကျောင်းတုန်းက သူငယ်ချင်း ယမင်းနှင့် သမီးရည်းစားဖြစ်နေကြပြီ။

သီဟကျော်က စားပွဲထိုးလေးလာချပေးသော လက်ဖက်ရည်ပန်းကန်ကို မွှေရင်း...

'ကျောင်းက သုံးနှစ်တက်ရမယ်ဆိုပြီး နှစ်နှစ်ပဲတက်ရတော့ ကက်သရင်းဆိုတဲ့ ရည်းစားတစ်ယောက်ပဲ ရခဲ့ပါတယ်ကွာ။ ကျန်တဲ့ဟာတွေက မပြောပလောက်ပါဘူး'

'ဟား... ဟား... ဟား... မင်းကတော့ တကယ့်ကောင်ပဲကွာ။ ကျောင်းပြီးအောင်သာ တက်ခဲ့ရရင် မိန်းမတောင် ရမလားမသိဘူး'

'ဒီလိုပဲပေါ့ကွာ... သွားကောင်းတုန်း အစားမျိုးစုံစားကြည့်မှ အရသာမျိုးစုံကို သိမှာပေါ့ကွာ ဟား... ဟား... ဟား'

သီဟကျော်နှင့် မင်းစိုးတို့ ရယ်သံကြောင့် ဘေးဝိုင်းမှာ ထိုင်နေကြသည့် သူများပင် လှည့်ကြည့်ကြ၏။ သူတို့ အခုထိုင်နေသော လက်ဖက်ရည်ဆိုင်ကလေးက ဒီမြို့တွင် အကောင်းဆုံးဖြစ်သဖြင့် အမြဲလိုလို လူစည်ကားနေ၏။ လွန်ခဲ့သည့် နှစ်နှစ်လောက်ကတော့ သည်ဆိုင်လေးသည် သစ်သားဖြင့် ဆောက်ထားသော ခပ်ကျည်းကျည်း ခပ်ကျုတ်ကျုတ် ဆိုင်ပင် ဖြစ်သော်လည်း အခုတော့ အုတ်အင်္ဂတေဖြင့် ခိုင်ခိုင်မာမာ





ဆောက်ထားသော ကျယ်ကျယ်လွင့်လွင့်ဆိုင်ပင် ဖြစ်နေပြီ။

အစစအရာရာ ပြောင်းလဲနေပြီဖြစ်သော သူတို့ မြို့ကလေးကို ကြည့်ပြီး သီဟကျော်ရင်ထဲတွင် တစ်ကြိမ်တစ်ခါမှ မရောက်ဘူးသော မြို့တစ်ခုသို့ ရောက်နေသည်ဟု ခံစားမိသည်။

သူ့ရှေ့တွင် ထိုင်နေသော မင်းစိုးပင် အရင်နှင့်မတူတော့။ ဆံပင်အရှည်ကို နောက်မှာစုစည်းထားပြီး ငယ်ငယ်တုန်းက ဖြူဝင်းပြေပြစ်ခဲ့သည့်မျက်နှာက အခု ဝက်ခြံဖုအချို့နှင့် အနည်းငယ် ညိုမှောင်ရင့်ရော်နေပြီ။

လူလုံးကလည်း ထွားသဖြင့် သီဟကျော်နှင့် ယှဉ်လျှင်ပင် သက်တူရွယ်တူဟု မထင်ရတော့ပေ။ သီဟကျော်ကတော့ အရပ်နည်းနည်းပိုမြင့်လာသည်မှလွဲလျှင် အသားဖြူဖြူ မျက်နှာဝိုင်းဝိုင်းနှင့် ငယ်ရုပ်ပင် မပျောက်သေး။ အရောင်တောက်တောက် အင်္ကျီများနှင့် ဒူးကျော်ကျော် ဘောင်းဘီတိုကိုသာ ဝတ်ဆင်လေ့ရှိသည့် သူ့ကို တချို့လူတွေက အသက်နှစ်ဆယ့်ငါးနှစ် ရှိပြီလို့ပင် မထင်ပေ။

မင်းစိုးက လက်ဖက်ရည်တစ်ငုံသောက်လိုက်ပြီး...

'ဒါနဲ့... မင်း ယမင်းကိုရော တကယ်ကြိုက်လို့လားကွ၊ သူ့ကိုတော့ တခြားကောင်မလေးတွေလိုမျိုး ပေါ့ပေါ့တန်တန် သဘောမထားပါနဲ့၊ သူက မင်းရော ငါ့အပေါ်မှာ တော်တော်ကောင်းရှာတယ်ကွ၊ ပြီးတော့ သူက ငါတို့ရဲ့ ငယ်သူငယ်ချင်းအရင်းကြီးလေ'

မင်းစိုး၏ စကားကြောင့် သီဟကျော်၏ မျက်လုံးထဲတွင် ယမင်း၏ ရုပ်လွှာက ပေါ်လာသည်။ အပြစ်ကင်းမဲ့စွာ လှပနေသည့် သွယ်လျလျ မျက်နှာကလေးနှင့်အတူ ရယ်လိုက်တိုင်း သွားတက်ဖွေးဖွေးအလှက သူ့ရင်ကို သူငယ်ချင်းအချစ်ထက်ပိုသော ခံစားချက်ကို ပေးလေ၏။

မင်းစိုးပြောသလိုတော့ တကယ်ကြိုက်သည် မကြိုက်သည်ကို သီဟကျော် မဝေခွဲတတ်ပေ။ သို့သော်... သူ့ရင်ထဲတွင်တော့ ယမင်း၏



www.burmeseclassic.com

www.burmeseclassic.com



ပုံရိပ်များကို တွယ်ငြိမိတာအမှန်။ အမြဲလိုလို ခွင့်လွှတ်နားလည်တတ်သည့် ယမင်းအတွက် သူ့နှလုံးသားထောင့်ကျဉ်းတစ်နေရာကို အပိုင်ပေးထားခဲ့သည်ဟု လက်ခံယုံကြည်ထားသည်။

သို့သော်… ထိုလက်ခံယုံကြည်ထားသော အရာကပင် နောက်မိနစ်အနည်းငယ်ကြာသောအခါ မှေးမှိန်ရမည်ကို သူ ထင်မှတ်မထားခဲ့ပေ။ သူလို့ အပြောင်းအလဲမြန်တတ်သူ တစ်ယောက်အဖို့ အချစ်ဆိုတာ နာရီလက်တံများလိုပင် ဘယ်သောအခါမှ တသမတ်ထဲမရှိ အမြဲပင် ရွေ့လျားပြောင်းလဲနေသည်။

ပြဿနာတွေရဲ့ အစက… ။

သီဟကျော်က မင်းစိုးနှင့် စကားပြောနေရင်း အပြင်ဘက်သို့ အမှုမဲ့အမှတ်မဲ့ လှမ်းကြည့်လိုက်၏။

‘ဟင်…’

သူ့အမြင်အာရုံထဲသို့ တိုးဝင်လာသော ပုံရိပ်တစ်ခုက သူ့နှလုံးသားတစ်ခုလုံးကို အပြင်းထန်ဆုံး အရှိန်ဖြင့် လှုပ်ခပ်သွားစေသည်။ ဒိန်းခနဲမြည်သွားသော ရင်ခုန်သံနှင့်အတူ လည်ပတ်စီးဆင်းနေသော သွေးတွေ ပွခနဲ ဖြစ်သွား၏။

‘လှလိုက်တာ…’

မထိန်းနိုင် မသိမ်းနိုင် လျှံထွက်ကျသွားသော စကားသံက အာမေဋိတ် ဆန်လွန်းနေသည်။

လေတွင် ဝဲလွင့်နေသော ဆံစတွေနှင့်အပြိုင် ညင်သာလွန်းနေသည့် ခြေလှမ်း၊ နေရောင်ဖြင့် တလက်လက် ဝင်းစိုအိညက်နေသော အသားအရေတို့ကြောင့် သီဟကျော် ကိုယ့်မျက်လုံးကိုကိုယ် မယုံနိုင်အောင်ဖြစ်သွားပြီး ရှေ့တည့်တည့်တွင် မြင်နေရသော မိန်းကလေးပုံရိပ်ကို မိုးပေါ်ကကျလာသော နတ်သမီးလားလို့ပင် အောက်မေ့မိလိုက်သည်။

ဟန်မဆောင်နိုင်အောင် ငေးကြည့်နေသော သီဟကျော်ကို





မင်းစိုးက…

‘ဟေ့ကောင်… ဟေ့ကောင်… သတိလေးဘာလေး ထားပါဦး။ ဘယ်လိုဖြစ်လို့ ဒီလောက် ရုပ်ပျက်ဆင်းပျက် ဖြစ်နေရတာလဲ’

‘မင်းစိုး… အဲဒီကောင်မလေးက ဘယ်သူလဲဟင်’

ဆိုင်ရှေ့မှ ဖြတ်လျှောက်သွားသော မိန်းကလေးဆီမှ အကြည့်ကို မခွာဘဲ သီဟကျော်က အိပ်မက်ယောင်သူတစ်ဦးပမာ မေးလိုက်သည်။

မင်းစိုးက ခေါင်းကို ကုတ်လိုက်ရင်း…

‘ငါလဲ လူဝင်မှုကြီးကြပ်ရေး ဌာနကမှ မဟုတ်တာ၊ ဘယ်လိုလုပ် သိပါ့မလဲကွာ’

ဟု စိတ်ပျက်လက်ပျက်ဖြင့် ပြန်ပြောလိုက်သည်။

‘ငါ… ငါ… သူ့ကို အရမ်းကြီး ကြိုက်သွားပြီကွာ၊ ငါတွေ့ဖူးသမျှထဲမှာ သူက အလှဆုံးပဲ’

‘ဟင်… မင်းဟာကလဲ ဘယ်လိုဖြစ်ရတာလဲ။ ယမင်းရှိတာကိုလဲ သတိရစမ်းပါဦး၊ ချက်ချင်းကြီးကို ပြောင်းလဲသွားလိုက်တာ’

မင်းစိုးက သီဟကျော်ကိုကြည့်ပြီး နားမလည်နိုင်ဟန်ဖြင့် ပြောလိုက်သည်။ သီဟကျော်ကတော့ မင်းစိုးပြောနေသည့် စကားများကိုပင် ကြားဟန်မတူ။ ဣန္ဒြေမဆည်နိုင်အောင်ပင် ဖြစ်နေပြီး စိတ်လှုပ်ရှားနေသော အသံဖြင့်…

‘သူ့ကို… ငါ သွားမိတ်ဆက်မယ်’

‘ဟာ… ဟေ့ကောင်… ဟေ့ကောင်’

မင်းစိုး၏ စကားသံ မဆုံးခင်မှာပင် သီဟကျော်က လက်ဖက်ရည်ဆိုင်အပြင်သို့ မပြေးရုံတမယ် လှမ်းထွက်သွားလေသည်။ မင်းစိုးပင် တားမရဆီးမရ ဖြစ်သွားသော သီဟကျော်ကိုကြည့်ကာ ခေါင်းကို ခါယမ်းလိုက်ပြီး လေးလေးကန်ကန် သက်ပြင်းကို ချလိုက်မိတော့၏။

●



www.burmeseclassic.com

www.burmeseclassic.com



'ဟိတ်...'

သီဟကျော်၏ အသံကြောင့် လက်ဖက်သုပ်ဆိုင်ထဲသို့ လှမ်းဝင်နေသော မိန်းကလေး၏ ခြေလှမ်းတွေက တုံ့ရပ်သွားပြီး နောက်သို့ လှည့်ကြည့်လိုက်သည်။

သူမနောက်ကျောဘက်တွင် သီဟကျော်က ပြုံးကာရပ်နေသည်။ ထိုမိန်းကလေးက သီဟကျော်ကို ဇဝေဇဝါဖြင့် ကြည့်နေသည့် အချိန်မှာပင်...

'လက်ဖက်သုပ်လာစားတာလား... ခုနက လက်ဖက်ရည်ဆိုင်ထဲကနေ လှမ်းမြင်လိုက်လို့ ကိုယ်ထလိုက်လာတာ'

ပြောပြီးမှ ကိုယ့်စကားက အူကြောင်ကြောင် နိုင်သွားမှန်း သီဟကျော် သိလိုက်သည်။ ဒါပေမယ့် မတတ်နိုင်တော့။ ငကြောင်ဟု ပြန်ပြောလျှင်ပင် သူက ရှေ့ဆက်တိုးရမည် ဖြစ်သည်။

သို့သော်... သူ့အထင်က လွဲသွားခဲ့၏။

သူ့ရှေ့တွင်ရပ်နေသော မိန်းကလေးက...

'ဟင်... ဟုတ်တယ်၊ တို့လည်း ခုနက ဆိုင်ရှေ့က မဖြတ်ခင် သူ့ကို ကြည့်နေတာ'

ဆည်းလည်းသံလေးလို ချိုသာသောအသံနှင့်အတူ အံ့သြသွားဟန်ဖြင့် မျက်လုံးလေးဝိုင်းကာ ပြောလိုက်သော သူမ၏ စကားကြောင့် သူ့ရင်ထဲတွင် နွေးခနဲ ဖြစ်သွားသည်။





သူလဲ ငါ့ကို ကြည့်နေတယ်ဆိုပါလား။ ဘယ်လောက်တောင် ရင်ခုန်စရာကောင်းလိုက်သလဲ။

ဒီစက္ကန့်ပိုင်း အချိန်လေးအတွင်းမှာပင် သူ့တစ်ကိုယ်လုံး လေထဲသို့ မြောက်တက်သွားသလို ခံစားလိုက်သည်။ ပျော်ရွှင်မှုဟူသော အသိကြောင့် ရင်တစ်ခုလုံးပင် တလှပ်လှပ်ဖြစ်နေ၏။

အသံတွေပင် တုန်ခါနေသည်။

'ကိုယ်... သူနဲ့ အတူတူလိုက်ထိုင်လို့ရလား...'

'အင်း...'

မိန်းကလေးက မပွင့်တပွင့် ပြန်ပြောရင်း သီဟကျော် လက်ညှိုးညွှန်ပြရာ စားပွဲဝိုင်းသို့ သွားလေ၏။ သီဟကျော်က ကိုယ့်ကိုကိုယ်ပင် မယုံနိုင်အောင်ဖြစ်နေပြီး လှမ်းနေသော ခြေလှမ်းတွေပင် မြေပြင်နှင့် ထိရဲ့လားလို့ ငုံ့ကြည့်မိလိုက်သည်။

ထင်ချင်လဲထင်ချင်စရာပင်။ သူ့တစ်သက်တာတွင် ရည်းစားတွေ အများကြီးထားခဲ့ဖူးတာ မှန်ပေမယ့် ဒီလောက် ရင်ခုန်စရာကောင်းသည့် မိန်းကလေးတစ်ယောက်နှင့်တော့ အချိန်ခဏလေးအတွင်းမှာပင် မရင်းနှီးသွားဖူးခဲ့ပေ။ ထို့ကြောင့်ပင် သီဟကျော်က သံလိုက်တုံးနှင့်တွေ့သော သံစတစ်စလို ညို့ငင်ရာသို့ လိုက်ပါသွားလေ၏။

ထောင့်စွန်းကျသော စားပွဲဝိုင်းတွင် ဝင်ထိုင်လိုက်ရင်း မိန်းကလေးက...

'တို့နာမည်က ဟေဇယ်တဲ့၊ သူ့နာမည်ကရော'

'သီဟကျော်'

ခပ်တိုးတိုးပြန်ပြောလိုက်ရင်း ဟေဇယ်ဆိုသော နတ်သမီးလေးကို သီဟကျော်က အလွတ်မပေးတမ်း စိုက်ကြည့်နေသည်။

ဖြူဝင်းနေသည့် မျက်နှာအသားပြင်ပေါ်တွင် မျက်နှာအစိတ်အပိုင်းအင်္ဂါတွေက ရှင်းလင်းသေသပ်စွာဖြင့် နေသားတကျ ရှိလွန်းနေ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ကြည်ပြာရောင် မျက်ဝန်းဝိုင်းဝိုင်းလေးပေါ်သို့ အုပ်မိုးထားသော ကော့ညွတ်နေသည့် မျက်တောင်လေးနှင့်အတူ နီမြန်းတွတ်တွေးနေသော နှုတ်ခမ်းဖူးဖူးလေးက စိတ်တိုင်းကျထုဆစ်ထားသော ပန်းပုရုပ်ထက်ပင် အသက်ဝင်လွန်းလှ၏။

ရေနွေးကြမ်းတစ်ခွက်ကိုငဲ့ပြီး သူ့ထံသို့ ကမ်းပေးလာသော နူးညံ့အိစက်နေသည့် လက်ချောင်းကလေးတွေကို ကြည့်ရင်း (စိတ်လှုပ်ရှားလွန်းသဖြင့်) အာခေါင်တွေပင် ခြောက်ကပ်သွားသည်။

နောက်တစ်ကြိမ် ဆည်းလည်းသံလေး လေထဲတွင် လွင့်ပျံ့လာ၏။

'သီဟလို့ပဲ ခေါ်မယ်နော်၊ ဒါနဲ့ သီဟက ဒီနားမှာ နေတာလား'

သီဟကျော်က ခေါင်းကို အလျှင်စလိုပင် ညိတ်ပြလိုက်ပြီး...

'အင်း... ဟုတ်တယ်၊ ဟေဇယ်ကကော ဘယ်မှာနေတာလဲ ပြီးတော့ ကျောင်းကရော ဘယ်ကျောင်းမှာတက်နေတာလဲ'

အလောတကြီးမေးလိုက်သော မေးခွန်းများကြောင့် သူမက တသိမ့်သိမ့် ရယ်မောလိုက်၏။ ကမ္ဘာကြီးကို နူးညံ့လှပစွာ ဖွဲ့စည်းထားသည့် အရာများထဲတွင် ချစ်သူ၏ ရယ်သံအချို့လဲ ပါသည်။

'အင်း... တို့က ဒီမြို့ကို ပြောင်းလာတာ မကြာသေးဘူးလေ။ လပိုင်းပဲ ရှိပါသေးတယ်။ အခု တို့က နိုင်ငံခြားဘာသာတက္ကသိုလ်မှာ တက်နေတာ။ ပြင်သစ်စာအဓိကနဲ့ ဒုတိယနှစ်လေ'

ထိုအချိန်မှာပင် လက်ဖက်သုပ်လာချသဖြင့် စကားစက ပြတ်သွားသည်။ ထိုနောက်တွင်လည်း နှုတ်ခမ်းလွှာလေး တလှုပ်လှုပ်နှင့် လက်ဖက်သုပ်စားနေသော သူမကို ကြည့်နေမိသဖြင့် သီဟကျော်တို့ စကားမဆက်ဖြစ်ကြ။

သီဟကျော်က လက်ဖက်သုပ်ဆိုင်မှတစ်ဆင့် လက်ဖက်ရည်ဆိုင်သို့ လှမ်းကြည့်လိုက်သည်။ မင်းစိုးက တစ်ယောက်တည်း ငုငု ကြီးထိုင်နေပြီး သူ့ကို စိတ်မရှည်စွာဖြင့် စောင့်မျှော်နေပုံရသည်။





သီဟကျော်က မင်းစိုးကို မသိချင်ဟန်ဆောင်နေလိုက်ပြီး ဟေဇယ်ကို ကြည့်လိုက်၏။ ဟေဇယ်ကတော့ မုန်လာဥနီစားနေသော အဖြူရောင် ယုန်လေးတစ်ကောင်ကဲ့သို့ အပြစ်ကင်းမဲ့စွာ လက်ဖက်သုပ်ကိုသာ တလှုပ်လှုပ်နှင့် စားနေသည်။

သီဟကျော်က...

'နောက်ထပ်ဆုံချင်ရင်... ဘယ်လိုလုပ်... '

သူ့စကားမဆုံးခင်မှာပင် သူမက တခစ်ခစ်နှင့် ရယ်မောလိုက်ပြီး...

'အင်း... စနေနေ့ဆိုရင်တော့ ရမယ်ထင်တယ်၊ အဲဒီနေ့ကျရင် ဟေဇယ် အားတယ်လေ။ ညနေ ၆ နာရီလောက် ဘယ်လိုလဲ'

အဆင်ပြေလွန်းမက ပြေနေသည့်အတွက် ကိုယ့်ကံကြမ္မာကိုပင် သီဟကျော် မယုံနိုင်တော့။

ညနေခင်း၏ နေခြည်နုနုက သူ့ကိုယ်ခန္ဓာကိုယ်ပေါ်သို့ ပျော်ရွှင်စွာ ခုန်ပေါက်သက်ဆင်းလာကြ၏။

ထိုနေခြည်များနှင့်အတူ သူ့ရင်ထဲမှ အလင်းဖြစ်သည့် ရှေ့တွင် ထိုင်နေသော နတ်သမီးလေးထံသို့ အရှိန်ပြင်းပြင်း စီးဆင်းသွားလေတော့သည်။

တကယ်တော့ အလင်း၏ ဆန့်ကျင်ဘက်အရပ်သည် အမှောင်ဖြစ်ကြောင်းကိုတော့ သူ အသိနောက်ကျခဲ့လေ၏။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

နောက်တစ်နေ့ နေ့လည်ခင်း။

သီဟကျော်က မင်းစိုးနှင့် ချိန်းထားသဖြင့် ဆိုင်ကယ်ယူရန် ဂိုဒေါင်တံခါးကို ဆွဲဖွင့်လိုက်သည်။ ဂိုဒေါင်ထဲတွင်တော့ သူ့ဆိုင်ကယ်နှင့်အတူ ဖခင်ဖြစ်သူ ဦးမြတ်မင်း၏ ကားကိုပါ တွေ့လိုက်သဖြင့် သီဟကျော်ခေါင်းထဲတွင် အတွေးတစ်ခု လင်းပွင့်သွားသည်။

ဟာ... အတော်ပဲ စနေနေ့ကျရင် ဒီကားကို ယူသွားရမယ်။ ဖေဖေက ရန်ကုန်မှာ နှစ်ပတ်လောက်ကြာမှာဆိုတော့ အေးအေး ဆေးဆေးပဲ။

သီဟကျော်က ထိုအတွေးကြောင့်ပင် ပျော်ရွှင်သွားပြီး စနေနေ့အတွက် ကြိုတင်ရင်ခုန်သွားမိသည်။ သူ့အတွက် ဟေဇယ်ဆိုသော မိန်းမလှလေးနဲ့ နောက်ထပ်တစ်ကြိမ် တွေ့ဆုံဖို့အရေးက စိတ်လှုပ်ရှားဖို့ ကောင်းနေသည်။ မနေ့ညကစပြီး အခုချိန်ထိကို သူမ၏ ပုံရိပ်က သူ့စိတ်တစ်ခုလုံးကို စိုးမိုးနေ၏။

သီဟကျော်က ဝင်လာသော အတွေးများကြောင့် ကြည်နူးသလိုဖြစ်သွားပြီး ပြုံးလိုက်မိသည်။ ထို့နောက် ဂိုဒေါင်ထဲမှ ဆိုင်ကယ်ကို ထုတ်ကာ မောင်းထွက်လာခဲ့သည်။





တောင်ပေါ်မြို့လေးဖြစ်သည်နှင့်အညီ သူတို့မြို့ရှိ လမ်းများက အဆင်းအတက် အကွေ့အကောက် များလှ၏။ အထူးသဖြင့် သီဟကျော်နေထိုင်ရာ (၁၁) ရပ်ကွက်နှင့် မင်းစိုးအိမ်ရှိရာ (၁၂) ရပ်ကွက်ကြားရှိ လမ်းများက ပို၍ အဆင်းအတက်များသည်။ သို့သော်... သီဟကျော်က ဆိုင်ကယ်လီဗာကို တစ်ဆုံးဆွဲကာ အရှိန်ခပ်ပြင်းပြင်း မောင်းလာခဲ့သည်။

ဒါကြောင့်လည်း ဖခင်ဖြစ်သူ ဦးမြတ်မင်းက သူအပြင်သွားပြီဆို စိတ်မချခြင်းဖြစ်သည်။ တစ်ဦးတည်းသောသားမို့ မိခင်ဖြစ်သူက အလိုလိုက်ထားပေမယ့် ဖခင်ဖြစ်သူကတော့ သူ့ကို သိပ်အလိုမလိုက်ချေ။ အထူးသဖြင့် ကား၊ ဆိုင်ကယ်တို့ကို ယခုပုံစံအတိုင်း မောင်းနှင်နေသည်ကိုသာ တွေ့လျှင် ဦးမြတ်မင်းက ဆူလို့ပြီးတော့မှာ မဟုတ်တော့ချေ။ အခု ဦးမြတ်မင်းက ရန်ကုန်သို့ အလုပ်ကိစ္စဖြင့် သွားနေသဖြင့် သီဟကျော်က လွတ်လပ်ချင်တိုင်း လွတ်လပ်နေသည်။

မကြာခင်မှာပင် မင်းစိုးတို့ လမ်းထိပ်ကိုရောက်လာသဖြင့် သီဟကျော်က ဆိုင်ကယ်ကို လမ်းထဲသို့ ချိုးကွေ့ဝင်လိုက်သည်။ မင်းစိုးတို့အိမ်က လမ်းထိပ်နားမှာပင် ရှိသောကြောင့် ချိုးကွေ့ဝင်ပြီးခါစလောက်မှာ အိမ်ရှေ့သို့ ရောက်သွား၏။

မင်းစိုးက ခြံထဲတွင် သူ့ဆိုင်ကယ်ကို ရေဆေးနေသည်။ သီဟကျော်က ခြံဝမှ ဘဲလ်ကိုတီးလိုက်မှ တွေ့သွားပြီး...

'ခြံတံခါးကို တွန်းပြီးဝင်လာခဲ့ သီဟကျော်၊ သော့မခတ်ထားဘူး'

ဟုပြောရင်း လက်ထဲတွင် ကိုင်ထားသော ရေပိုက်ကို မြက်ခင်းပြင်ပေါ်သို့ ပစ်လိုက်သည်။ သီဟကျော်က ဆိုင်ကယ်ကို ဒေါက်ထောက်ရပ်ထားလိုက်ပြီး မင်းစိုးတို့ခြံထဲသို့ ဝင်လာခဲ့သည်။

သီဟကျော်က လျှောက်လာရင်း...

'မင်းကလဲ မနေ့က ငါ့ကိုတောင် မစောင့်ဘူး၊ တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com

တည်း ထပြန်သွားတယ်လို့'

'ပထမတော့ ငါလည်း စောင့်နေသေးတာပဲ၊ နောက်တော့ ဟို ကောင်မလေးနဲ့ ကြူနေတဲ့ မင်းရဲ့မျက်နှာကိုတွေ့တော့ အမြင်ကပ်ပြီး ထပြန်လာတာ'

'ဟား... ဟား... ဟား... မင်းက ငါ့ကို မနာလိုဖြစ်နေတာပါကွာ'

သီဟကျော်က ရယ်ရယ်မောမောဖြင့်ပြောရင်း မင်းစိုးဘေးရှိ ခန်းပေါ်တွင် ဝင်ထိုင်လိုက်သည်။ မင်းစိုးက သီဟကျော်ကိုကြည့်ပြီး

'အေးပါ... ရယ်ထားပါ... ရယ်ထားပါ၊ ယမင်း သိသွားလို့ ပြဿနာတက်ရင် ငါမပါဘူးနော်၊ သီဟကျော်'

မင်းစိုးပြောလိုက်သော စကားကြောင့် သီဟကျော် နည်းနည်း ရင်ထိတ်သွားသည်။ ဟုတ်တယ် ယမင်းသိသွားရင် ဒီကိစ္စကို ဘယ်လို ဖြေရှင်းရမလဲ။ ယမင်းနေရာမှာ တခြားမိန်းကလေးဆိုလျှင် သူ့အတွက် သိပ်ပြဿနာမဟုတ်။ အခုဟာက ယမင်းမိဘတွေနှင့် ရင်းရင်းနှီးနှီး သိကျွမ်းရုံတင်မဟုတ်ဘဲ သူတို့နှစ်ယောက် ကြိုက်နေသည်ကိုပင် သိသိ ကြီးနှင့် မသိချင်ဟန်ဆောင်နေကြပြီး တိုးတိုးကျိတ်ကျိတ် သဘောတူ နေကြသူတွေ ဖြစ်သည်။

သီဟကျော်က လေသံပျော့ပျော့ဖြင့်...

'အေးပါကွာ... ငါသိပါတယ်၊ မင်းမပြောရင် ယမင်းသိစရာ အကြောင်းမရှိပါဘူး။ မင်းက ပါးစပ်လုံပါတယ်ကွာ နော်'

မင်းစိုးက သဘောကျစွာ ရယ်မောလိုက်ပြီး...

'မင်းကတော့ကွာ တတ်လည်းတတ်နိုင်တဲ့ကောင်ပဲ၊ စိတ်ချပါ ကွာ ငါကတော့ မပြောပါဘူး။ အေး... တစ်ခုခုဖြစ်လို့ ငါ့ကိုလာမေး ရင်တော့... '

မင်းစိုးက စကားကို ဆက်မပြောဘဲ ရေစိုနေသော ဆိုင်ကယ် ကို အဝတ်ဖြင့် သုတ်နေ၏။





မင်းစိုး၏ စကားနှင့် အပြုအမူကြောင့် သီဟကျော်က အောင့် သက်သက်ဖြစ်သွားပြီး...

'မင်းကလည်း ဘာဖြစ်နေတာလဲ၊ ဘာပြဿနာမှ မဖြစ်ပါဘူး။ အချိန်တန်ရင် အားလုံး အေးအေးဆေးဆေး ဖြစ်သွားလိမ့်မယ်။ ပြီး တော့ ငါ တကယ် အဲ့ဒီကောင်မလေးကို ကြိုက်သွားပြီကွ'

မင်းစိုးက ဆိုင်ကယ်ကို သုတ်နေရာမှ သီဟကျော်ကို အံ့သြသွား ဟန်ဖြင့် တစ်ချက်လှမ်းကြည့်လိုက်သည်။ ထို့နောက် တစ်စုံတစ်ရာကို လှမ်းပြောရန် ပြင်လိုက်သည့်အချိန်မှာပင်...

'တီ... တီ... တီ'

ခြံရှေ့မှ ဆိုင်ကယ်ဟွန်းသံကြောင့် နှစ်ဦးသား လှည့်ကြည့်လိုက် ကြသည်။

ယမင်း...။ ဆိုင်ကယ်ဦးထုပ်ကို ဦးခေါင်းမှ ချွတ်လိုက်ရင်း သူတို့ကို ပြုံးပြလိုက်သည်။ နောက် သူမ ဆိုင်ကယ်ကို သီဟကျော်၏ ဆိုင်ကယ်ဘေးတွင် ဒေါက်ထောက်ရပ်လိုက်ပြီး ခြံထဲသို့ ဝင်လာ၏။

ယမင်းကို တွေ့လိုက်ရသောကြောင့် သီဟကျော် မျက်နှာ ကွက်ခနဲပျက်သွားပြီး အလောတကြီး လေသံဖြင့် မင်းစိုးကို ပြောလိုက် သည်။

'ဟေ့ကောင်... ဟေ့ကောင်... ယမင်းကို ဟိုကိစ္စအကြောင်း သွားမပြောနဲ့နော်'

သီဟကျော်၏ စိုးရိမ်တကြီးပြောလိုက်သော စကားကြောင့် မင်းစိုးက ဟက်ခနဲ ရယ်လိုက်ပြီး...

'လာ... လာ... ယမင်း နင့်ကို ငါ ပြောစရာရှိလို့၊ ဒီကောင် သီဟကျော်လေ မနေ့ညနေက ဘာလုပ်တယ်နင်ထင်လဲ'

'ဟေ့ကောင်... မင်းစိုး'

'ဘာလုပ်လဲ... '



www.burmeseclassic.com

www.burmeseclassic.com



ယမင်းက မင်းစိုးကို မေးလိုက်ပြီး သီဟကျော်ကို စိုက်ကြည့်၏။

သွားပြီ... ဒီကောင် အကုန်လျှောက်ပြောတော့မယ်ထင်တယ်ဟု သီဟကျော်က တွေးလိုက်မိချိန်မှာပင် မင်းစိုးက ပြုံးဖြဲဖြဲနှင့်...

‘ဘီယာသွားသောက်တယ်ဟာ... ငါလည်း တားလို့မရဘူး’

‘ဟွန်း... ဒါများ’

ယမင်းက ‘ဘာမှမပြောပလောက်ဘူး’ ဆိုသော အမူအရာဖြင့် မင်းစိုးကို ကြည့်ရင်း သီဟကျော်ထိုင်နေသည့် ဒန်းပေါ်တွင် ဝင်ထိုင်လိုက်သည်။

သီဟကျော်က အခုမှ ရင်ထဲကအလုံးကြီး ကျသွားပြီး မင်းစိုးကို မကျေမချမ်း မျက်လုံးများဖြင့် ကြည့်လိုက်၏။ မင်းစိုးကတော့ ဘာမှ မဖြစ်သလိုနှင့် ‘ခဏနော်’ ဟုဆိုကာ အိမ်ထဲသို့ ဝင်သွားသည်။

ယမင်းက ဒန်းကို ခြေဖျားထောက်လွှဲလိုက်ပြီး...

‘အတော်ပဲ ငါလည်း ညနေကျရင် ဖုန်းဆက်မလို့၊ အခု ဒီလမ်းထိပ်ကနေ ဖြတ်သွားရင်း မင်းစိုးအိမ်ရှေ့မှာ နင့်ဆိုင်ကယ်ရပ်ထားတာ တွေ့လို့ ဝင်လာတာ’

ယမင်းနှင့် သီဟကျော်က သမီးရည်းစားဖြစ်သည့်အချိန်ထိ ငယ်ငယ်တုန်းကအတိုင်းသာ ‘နင်နဲ့ ငါနဲ့’ ပြောဆိုနေကြဆဲပင်။

သီဟကျော်က ယမင်းကို စောင်းငဲ့ကြည့်လိုက်ပြီး...

‘ဘာကိစ္စရှိလို့လဲ... ယမင်း’

‘ဟင်... နင်ကလည်း ကိစ္စရှိမှ ရှာရမှာလား၊ ငါက နင့်ကို စနေနေ့ကြရင် ရုပ်ရှင်လိုက်ပြခိုင်းမလို့၊ အခု Spider man (3) ရုံတင်နေတာဟ’

သေပြီ... ဒုက္ခပါပဲ၊ စနေနေ့ကျရင် သူ ဟောဇယ်နဲ့ တွေ့ဖို့ချိန်းထားသည်။ ယမင်းကလည်း တိုက်တိုက်ဆိုင်ဆိုင်ပင် ထိုနေ့မှရွေးပြီး ချိန်းလာသည်။





ငါ ဘာလုပ်ရမလဲ...? ယမင်းကို ရုပ်ရှင်လိုက်ပြလိုက်ရမလား။

ဟင့်အင်း... မဖြစ်ဘူး။ ဟောဇယ်နဲ့ချိန်းထားတာ ဖျက်လို့မဖြစ်ဘူး။

သီဟကျော်က ယမင်းလက်ကို ခပ်ဖွဖွဆုပ်ကိုင်လိုက်ပြီး...

‘တနင်္ဂနွေနေ့ကျမှ ကြည့်ပါလားဟာ။ ရုံတင်ခါစဆိုတော့ လက်မှတ်က ခက်မှာဟ’

‘ဒီလိုပြောမယ်ဆိုတာ သိသားပဲ၊ အဲဒါကြောင့် ငါက လက်မှတ်တောင် ကြိုမှာထားပြီးပြီ’

ယမင်းက သူ့ကို မချိုမချဉ်ပြုံးပြရင်း ပြောလိုက်၏။ သီဟကျော်က စိတ်ပြောင်းလိုပြောင်းငြား ပြောကြည့်လိုက်ပေမယ့် ယမင်းဘက်က စနစ်ကျလွန်းနေသဖြင့် အကြံအိုက်သွားသည်။

ယမင်းက အမူအရာပျက်နေသော သီဟကျော်ကိုကြည့်ပြီး...

‘ဘာဖြစ်လို့လဲ... လိုက်မပြချင်ဘူးလား... ’

‘မ... မဟုတ်ပါဘူး... လိုက်ပြချင်ပါတယ်။ ဒါပေမယ့် အဲဒီနေ့ကျရင် အစ်မဝမ်းကွဲတစ်ယောက်ရဲ့ ကလေးကို သွားထိန်းပေးစရာ ရှိလို့ပါ’

‘ဟင်... နင့်မှာ ညီတွေဘာတွေ ရှိတယ်လို့ ပြောသံလဲ မကြားဖူးပါဘူး။ အခုမှ ဘယ်ကဘယ်လို ရောက်လာရတာတုန်း’

ယမင်း၏ စကားကြောင့် သီဟကျော် အလိမ်ပေါ်သွားပြီလားဟု ကိုယ့်ကိုကိုယ် စိုးရိမ်စိတ် ဝင်သွားမိသည်။ ထို့ကြောင့် သီဟကျော်က ချက်ချင်း...

‘သြော်... သူတို့က တခြားမြို့မှာနေလို့ မပြောဖြစ်ခဲ့တာပါ။ အခု သူတို့က ဒီမြို့ကို ပြောင်းလာကြတာလေ။ ပြောင်းလာလာချင်းပဲ အစ်မရဲ့ ကလေးက ရာသီဥတုပြောင်းပြီးဖျား၊ မိဘနှစ်ပါးလုံးကလည်း အလုပ် ကိုယ်စီနဲ့ဆိုတော့ ထိန်းပေးမယ့်သူ မရှိဘူး ဖြစ်နေတာ။ အဲဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



မေမေက ငါ့ကို ကလေးသွားထိန်းပေးဖို့ ပြောနေတာပေါ့'

'အို... သနားစရာကလေးလေးပဲ'

ယမင်းက စုပ်တသပ်သပ်ဖြင့် စိတ်မကောင်းစွာ ပြောလိုက်သည်။ သူမက ကလေးဆိုလျှင် အလွန်ချစ်တတ်၏။ လမ်းသွားရင်း ကလေးတွေ့လျှင် မချီမပွေ့ဘဲ မနေနိုင်။ ထို့ကြောင့် သီဟကျော်က တမင်သက်သက် ကလေးကို အကြောင်းပြလိုက်ခြင်း ဖြစ်သည်။ သီဟကျော်ထင်သည့်အတိုင်းပင် သူမက...

'ဒါဆိုလဲ သွားပေးလိုက်ပါ သီဟကျော်၊ ရုပ်ရှင်က နောက်ရက်မှကြည့်လဲ ရတဲ့ဥစ္စာပဲ...'

သီဟကျော်၏ ရင်ထဲတွင် ယမင်းကို လိမ်ပြောလိုက်ရ၍ စိတ်မကောင်းဖြစ်မိသွားသည်။ စိတ်ထဲ၌လည်း အပြစ်ရှိသလို ခံစားလိုက်ရသည်။ သို့သော်... မတတ်နိုင်တော့ပါ။ ဟေဇယ်နှင့် နောက်တစ်ကြိမ် ထပ်တွေ့ဖို့ နည်းလမ်းက ဒီတစ်နည်းပဲ ရှိ၏။

ဒန်းက ခပ်ဖြည်းဖြည်း၊ ခပ်မှန်မှန် လွှပ်ရှားခါယမ်းနေ၍ ယမင်းဆီမှ ကိုယ်သင်းရနံ့လေးက သူ့ထံသို့ သင်းသင်းရီရီ လွင့်ပျံ့လာသည်။ ထိုကိုယ်သင်းရနံ့လေးကို ရှူရှိုက်မိနေသည့် သူ့အဖို့မှာပင် လိပ်ပြာမလုံသလို ဖြစ်နေ၏။

■





## အခန်း (၃)

စနေနေ့။

သီဟကျော်က လက်မှနာရီကို ကြည့်လိုက်သည်။ ငါးနာရီခွဲ။

တမင်သက်သက် စိတ်လောကြီးစွာ အိမ်မှ စောထွက်လာခဲ့ခြင်း ဖြစ်သည်။ သီဟကျော်က လည်တဆန့်ဆန့် လမ်းမဘက်သို့ မျှော်ကြည့်နေမိ၏။ သို့သော် ချိန်းထားသည့်နေရာက လမ်းဆုံလမ်းခွတွင် ဖြစ်နေသောကြောင့် ဘယ်လမ်းက လာမည်ကိုမသိဘဲ စိတ်ထင်ရာအတိုင်း သီဟကျော်က လျှောက်ကြည့်နေရသည်။

သူတို့မြို့ကလေးက ညနေခင်းအချိန်တွင် လူစည်ကားတတ်သဖြင့် ဟိုလူနိုးနိုး ဒီလူနိုးနိုး လိုက်ကြည့်နေရသည်မှာ စိတ်ပင်ပန်းစရာကောင်းလှ၏။ ထို့အပြင် လာမှလာပါ့မလားဆိုသော အတွေးကလည်း သူ့ရင်ကို မောနေစေသည်။

ကြာတော့ အသက်ရှူနှုန်းတွေမြန်လာပြီး နေမထိထိုင်မသာ ဖြစ်လာ၏။ စိတ်ဂနာမငြိမ်ဖြစ်ပြီး လက်ဆစ်တွေ တဖျောက်ဖျောက် ချိုးနေမိသဖြင့် လက်ချောင်းကလေးများပင် နာကျင်လာသည်။

ဆည်းဆာနေရောင်ခြည်ပင် တဖြည်းဖြည်း ဖျော့တော့မှေးမှိန်လာပြီး ဝန်းကျင်တွင် အမှောင်ရိပ်က သန်းစပြုနေပြီ။ သီဟကျော်သည် နောက်တစ်ကြိမ် နာရီကို ငုံ့ကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

ခြောက်နာရီ ကျော်နေပြီ။

သူမျှော်နေသည့် မိန်းကလေးက အခုထိပင် ရောက်မလာသေး။

နောက်ဆုံး သီဟကျော်က ထိုင်နေသည့်နေရာမှ ထလိုက်ပြီး ကားနားသို့ သွားရပ်နေသည်။ ကားနှင့် သူထိုင်နေခဲ့သော နေရာက သိပ်မဝေးပေမယ့် ချိန်းထားသည့်နေရာ မဟုတ်သဖြင့် လွဲများလွဲသွားမလားဟူသော အသိကလည်း သူ့စိတ်ကို ချီတုံချတုံ ဖြစ်နေစေပြန်သည်။

ခဏလောက်ကြာတော့ အရင်ထိုင်စောင့်ခဲ့သော နေရာကို ပြန်သွားမည်ဟု တွေးလိုက်မိ၏။

ထိုစဉ်မှာပင်...

'ဟိတ်... စောင့်နေတာ ကြာပြီလား'

အသံချိုချိုလေး တစ်သံက သူနောက်ကျောဘက်မှ ထွက်ပေါ်လာသည်။

ထိုအသံကြောင့် သီဟကျော်က ချက်ချင်း အနောက်သို့ လှည့်ကြည့်လိုက်သည်။

'ဟေဇယ်'

ဝမ်းသာအားရ ရေရွတ်လိုက်သော အသံနှင့်အတူ သူ့ရင်တစ်ခုလုံး ဒိန်းခနဲမြည်အောင် ကျယ်လောင်သွား၏။ သေချာမှုတစ်ခုက သူ့ရင်ကို ပေါ့ပါးလန်းဆန်းသွားစေသည်။

ထိုထက်ပို၍ ကြည်နူးဖို့ကောင်းသည့် အချက်က...

ဟေဇယ်ကော သူပါ အဝတ်အစားဆင်တူ ဖြစ်နေခြင်းဖြစ်၏။

သူက စာတန်းအနည်းငယ်ပါသော တီရှပ်အပြာရောင်နှင့် ဂျင်းဘောင်းဘီကို ဝတ်ဆင်ထားပြီး သူမက ကာတွန်းရုပ်ပါသော အပြာရောင်တီရှပ်နှင့် ဂျင်းဘောင်းဘီကို ဝတ်ဆင်ထား၏။

နှစ်ယောက်စလုံး ထိုထူးခြားချက်ကို သတိပြုမိသွားပြီး ပြုံးလိုက်





မိကြသည်။ ထိုအပြုံး၏ နောက်ကွယ်တွင်တော့ ရင်ခုန်စရာတွေ ရှိနေပေလိမ့်မည်။ လတ်ဆတ်နေသော ရင်ခုန်သံနှင့်အတူ အချစ်တစ်ခု မွေးဖွားလာခဲ့ပြီဆိုသည်ကို နှစ်ဦးစလုံး ခံစားနားလည်လိုက်ကြ၏။

သီဟကျော်က ဟေဇယ်အနားသို့ တိုးကပ်လိုက်ပြီး...

'တော်သေးတာပေါ့... လာလို့၊ ကိုယ်က မလာတော့ဘူးထင်လို့ စိုးရိမ်နေတာ'

'လာမှာပေါ့... တို့ကို ဘာလို့ မလာဘူးလို့ ထင်နေတာလဲ၊ တို့လဲ သီဟ လာမှလာပါ့မလားဆိုပြီး စိတ်ပူနေတာ'

လောကတစ်ခုလုံး ထိုနူးညံ့ညင်သာသော စကားသံကြောင့် သာယာချိုမြိန်သွားလေ၏။ ရင်ခုန်သံနှင့်အချိုးညီ ချစ်ခြင်းတရားတွေက စည်းချက်ညီ ထွက်ပေါ်နေသည်။ စောစောက မှောင်ရိပ်သန်းနေသော ဝန်းကျင်ပင် သူတို့၏ အပြုံးများဖြင့် လင်းလက်ကုန်ကြပြီ။

ကိုယ်ငွေ့ နွေးနွေးလေးရသည်အထိ သူမက သီဟကျော်အနားသို့ တိုးကပ်ပြီး...

'ဘယ်သွားကြမှာလဲ...'

'ဟေဇယ်... ကြိုက်တဲ့နေရာသွားလေ'

သူမက ခဏလောက် စဉ်းစားနေလိုက်ပြီး နောက်... သွားတက်ကလေးပေါ်အောင် ပြုံးလိုက်ကာ...

'ရုပ်ရှင်သွားကြည့်ကြမယ်လေ'

'ဟင်...'

တိုးဖွဖွပြောလိုက်သော သူမ၏ စကားသံက သီဟကျော်၏ နားထဲတွင် ပေါက်ကွဲကျယ်လောင်သွား၏။ ထိုစကားသံနှင့်အပြိုင် အမြင်အာရုံထဲ၌လည်း ယမင်း၏ ရုပ်ပုံက ဖျတ်ခနဲပေါ်လာသည်။

အမျိုးအမည်မသိ ဝေဒနာတစ်ခုနှင့်အတူ သူ့ရင်ထဲတွင် စိုးရိမ်စိတ်တို့က တဖွားဖွားပေါ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ဟေဇယ်က…

'ဘာဖြစ်လို့လဲ… မောင်၊ သီဟ…'

'ဩော်… ဘာ… ဘာမှမဖြစ်ပါဘူး ဟေဇယ်။ သွားလေ…'

မတတ်နိုင်တော့။ ရုပ်ရှင်ရုံထဲရောက်မှ မီးစင်ကြည့်ကတော့မည်။ ဒီအချိန်မှာ ငြင်းဆန်သည့် စကားလုံးတွေက သိပ်မသင့်တော်လှပေ။ အထူးသဖြင့် ဟေဇယ်၏ အလိုဆန္ဒကို တွန်းလှန်ဖို့ သူ့တွင် အင်အားမရှိပေ။

ဘုရား… ဘုရား… ယမင်းနဲ့ မဆုံပါစေနဲ့။

ဟု စိတ်ထဲမှ တီးတိုးရေရွတ်ရင်း သီဟကျော်က ကားတံခါးကို ဆွဲဖွင့်လိုက်တော့သည်။

●





ရုပ်ရှင်ပြစက်၏ ကာဗွန်မီးအလင်းတန်း နှစ်ခုက ပိတ်ကားမျက်နှာပြင်ပေါ်တွင် အမျိုးမျိုးသော ရုပ်ပုံများကို ထင်ဟပ်နေစေသည်။ ရုပ်ရှင်ကားထဲမှ တေးဂီတအသံနှင့် စကားပြောသံတို့က ပတ်ပတ်လည်ရှိ ရုပ်ရှင်ရုံနံရံများဆီမှ တိုးတစ်လှည့် ကျယ်တစ်ခါ ထွက်ပေါ်နေသည်။

သို့သော်… ထိုအရာတွေကို သူစိတ်မဝင်စားပေ။ ပိတ်ကားပြင်ပေါ်မှ ပြန်ဟပ်လာသော အလင်းရောင်ဖြင့် ဟေဇယ်၏ တစ်ဝက်တစ်ပျက်အလှကိုသာ သီဟကျော် ငေးစိုက်ကြည့်နေမိ၏။

စိတ်လှုပ်ရှားစရာကောင်းလောက်အောင် လှပနေသည့် မျက်နှာလေးကြောင့် သီဟကျော်က ပြနေသော ရုပ်ရှင်ကိုပင် မကြည့်ဖြစ်တော့ပေ။ စိတ်ဝင်စားသွားသောအခါ ဝိုင်းစက်သွားသော မျက်လုံးများနှင့် အလိုမကျသည့်အခါ စူထွက်လာသော နှုတ်ခမ်းလေးက သူ့အကြည့်တွေကို မခွာနိုင်အောင် ဆွဲဆောင်နေသည်။ ထို့အပြင် သူ့လက်ကို ဆုပ်ကိုင်ထားသော သူမလက်ဖဝါး၏ အထိအတွေ့က အိစက်နူးညံ့လွန်းလှ၏။ လည်ဂုတ်ဖွေးဖွေးလေးပေါ်သို့ ဝဲလွင့်ကျနေသည့် ဖြောင့်စင်းအိတုန်သော ဆံနွယ်ခက်များဆီက ရနံ့သင်းသင်းလေးကလည်း သူ့စိတ်အာရုံကို ရုန်းမထွက်နိုင်အောင် ချည်တုပ်နှောင်ထား၏။

သူမက သီဟကျော်ဘက်သို့ ညင်ညင်သာသာ ငုံ့စောင်းကြည့်လာပြီး…



www.burmeseclassic.com

www.burmeseclassic.com



'ဟင်… ရုပ်ရှင်မကြည့်ဘဲ ဘာလို့ တို့ကို ကြည့်နေရတာလဲ'

သီဟကျော်က ပြုံးရုံသာ ပြုံးပြလိုက်သည်။ တချို့သော ခံစားမှုများက နှုတ်မှ ဖွင့်ပြောရလျှင် တော်တော် နမြောစရာကောင်းလှ၏။

သူမ၏ လက်ဖဝါးနုနုအောက်မှ သူ့လက်ကို အသာရုန်းထွက်လိုက်ပြီး…

'ချောကလက် စားဦးမလား'

ဟုဆိုကာ မုန့်ထုပ်တွေထည့်ထားသော အိတ်ကို လှမ်းယူလိုက်သည်။ နောက်တစ်ကြိမ် သူမက လက်ဖဝါးနုလေးဖြင့် သူ့လက်ကို ဖမ်းဆုပ်လိုက်ပြီး ကြည်ရွှရွှအသံလေးဖြင့်…

'ဟင့်အင်း… အခုမစားသေးဘူး၊ သီဟပေးတဲ့ ချောကလက်ကို အိမ်ရောက်မှ စားတော့မယ်'

ဘာအတွက်ကြောင့်မှန်းမသိ။ သူ့ရင်တွေ တလှပ်လှပ်ခုန်နေသည်။

နေထိုင်လာခဲ့သည့် သက်တမ်းနှစ်ဆယ့်ငါးနှစ်အတွင်း ဒီလောက်ချိုမြိန်သည့် ခံစားမှုမျိုးကို သူ တစ်ခါမျှ မရဘူးခဲ့ပေ။ ဒါသည်ပင် အချစ်ဆိုရင်တော့ သူ ဟေဇယ်ကို ရူးရူးမူးမူးချစ်တာ သေချာသွားပြီ။

ရုပ်ရှင်ထဲမှာ ပင့်ကူလူသားက တိုက်တစ်ခုမှ တစ်ခုပေါ်သို့ လွှားခနဲ လွှားခနဲ ခုန်လွှဲသွားသည့် ခံစားမှုမျိုးလို သူ့ခံစားမှု အာရုံတွေက တသိမ့်သိမ့် တငြိမ့်ငြိမ့်… ။

ထိုစဉ်မှာပင် သီဟကျော်၏ မျက်လုံးထောင့်စွန်းတစ်နေရာတွင် ပုံရိပ်တစ်ခုကို ဖျတ်ခနဲ တွေ့လိုက်ရသည်။

'ဟင်… ဖြူပြာ'

ယမင်း၏ သူငယ်ချင်း ဖြူပြာကို ရုပ်ရှင်ရုံထဲတွင် တွေ့လိုက်ရသောကြောင့် သီဟကျော်က အလန့်တကြား ရေရွတ်မိလိုက်သည်။ ပြီးသွားမှ ဟေဇယ်များ ကြားသွားမလားဆိုသော အသိဖြင့် ထူပူသွား၏။ သို့သော် တိုက်တိုက်ဆိုင်ဆိုင်ပင် ရုပ်ရှင်ထဲမှ ပေါက်ကွဲခန်းတစ်ခု၏





အသံက သူ့အသံကို ဖုံးလွှမ်းသွားသဖြင့် ဟေဇယ်က သတိမပြုမိဘဲ ရုပ်ရှင်ကိုသာ စိတ်ဝင်တစား ကြည့်နေသည်။

သီဟကျော်က ရင်တထိတ်ထိတ်ဖြင့် ဖြူပြာကို လှမ်းကြည့်လိုက်၏။ ဖြူပြာကတော့ သူ့ကိုမမြင်ဘဲ နေကြာစေ့ကို တခွပ်ခွပ်စားနေရင်း ရုပ်ရှင်ကို စိတ်ဝင်တစား ကြည့်နေသည်။

ရုပ်ရှင်မပြီးခင် မြန်မြန်ထွက်မှ။ နို့မို့ဆို ဖြူပြာ ငါ့ကို တွေ့သွားနိုင်တယ်။ အတွေးများက ယောက်ယက်ခတ်ကုန်သည်။

ထိုအတွေးကြောင့် သီဟကျော်က ထိုင်ရမလို ထရမလိုဖြစ်နေပြီး ယမင်းပါ ပါလာသလားဆိုသော အသိဖြင့် ဖြူပြာဘေးမှ ကောင်မလေးကို လှမ်း လှမ်းကြည့်နေမိ၏။

ဟေဇယ်ကတော့ သီဟကျော်၏ ယောက်ယက်ခတ်နေသော အမူအရာတွေကို သတိမထားမိဘဲ ရုပ်ရှင်ကိုသာ စိတ်ဝင်စားနေသည်။

သီဟကျော်က ရုပ်ရှင်ရုံထဲမှာ ထိုင်နေရသည်ကိုပင် အခန်းကျဉ်းထဲရောက်နေရသကဲ့သို့ စိတ်ပင်ပန်းနွမ်းနယ်လာ၏။ ရုပ်ရှင်ကလည်း ပြီးဖို့ အချိန်တော်တော်လိုသေးသည်။

ရုပ်ရှင်ရုံထဲမှ လေထုက ပို၍ အေးစိမ့်လာသည်ဟု ထင်မိသည်။

ငါဘာလုပ်ရမလဲ? ဒီအတိုင်းထိုင်နေရင် ငါ့ကို ဖြူပြာတွေ့သွားနိုင်တယ်။ မြန်မြန်ရုံအပြင်ဘက်ကို ထွက်တာကောင်းမယ်။

ထိုအတွေးနှင့်အတူ သီဟကျော်က…

'ဟေဇယ်… ကိုယ် ခေါင်းတွေမူးနေလို့ အပြင်ကနေ စောင့်နေမယ်နော်။ ဘာမှမဖြစ်နဲ့ ရုပ်ရှင်ပြီးအောင်သာ ကြည့်နော်'

ဟေဇယ်က နားမလည်နိုင်သည့် မျက်လုံးတွေဖြင့် သီဟကျော်ကို ကြည့်လိုက်သည်။

သီဟကျော်က ဟေဇယ်၏ တုန့်ပြန်စကားကိုပင် မစောင့်တော့ဘဲ ရုပ်ရှင်ရုံထဲမှ ခပ်ကုတ်ကုတ်ထွက်လာခဲ့သည်။

●



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်ရုံအတွင်းရှိ အေးစိမ့်နေသော လေထုက နောက်ကျောမလုံဖြစ်နေသည့် သူ့အတွက် မကောင်းဆိုးဝါး အငွေ့အသက်တစ်ခုလို ကျောချမ်းနေစေသည်။ ဒီကြားထဲ ခုံစောင်းတစ်ခုနှင့် ဝင်တိုက်မိသည့်အတွက် ခြေမက နာကျင်နေ၏။

သီဟကျော်က နောက်လှည့်တကြည့်ဖြင့် လာခဲ့ရင်း ရုပ်ရှင်ရုံအထွက်ပေါက် အမှောင်ရိပ်ကျနေသော နေရာတစ်ခုနား ရောက်သည့်အချိန်မှာတော့…

'ဟင်…'

ထိုအာမေဋိတ်အသံနှင့်အတူ သီဟကျော်၏မျက်လုံး ဗိုင်းစက်ပြူးကျယ်ကုန်သည်။

ရုပ်ပျက်ဆင်းပျက် မျက်နှာတစ်ခုလုံး ဓားနှင့် အမွှန်းခံထားရသကဲ့သို့ အမာရွတ်အမြောင်းမြောင်းထနေသော မိန်းကလေးတစ်ယောက်။ အမှောင်ရိပ်ကိုကွယ်ပြီး သူ့ကို စိမ်းစိမ်းခါးခါး ရပ်ကြည့်နေသည်။ ထိုမိန်းကလေးကိုကြည့်ပြီး သီဟကျော်တစ်ယောက် လူလား၊ တစ္ဆေ သရဲလား ဆိုတာတောင် မဝေခွဲတတ်တော့။

ထိုမိန်းကလေး၏ မျက်နှာပေါ်က အမာရွတ်တွေက မျက်နှာတစ်ခုလုံးကို မျက်နှာဖုံးစွပ်ထားသည့်နှယ်။ လူရုပ်ပင်မပေါ်တော့။ အမာရွတ်တွေကြားမှ မျက်လုံး နှစ်လုံးကြောင့်သာ လူမျက်နှာမှန်း သိရခြင်း





ဖြစ်သည်။ ကြောက်စိတ်တွေက သူ့ကိုယ်ခန္ဓာကိုပေါ်သို့ မိုးသီးမိုးပေါက်တွေလို ပြိုကျလာသည်။ သီဟကျော်က ကြောက်စိတ်ကို တင်းမခံနိုင်တော့။

ကစဉ့်အလျားဖြစ်သွားသော စိတ်နှင့်အတူ ခြေလှမ်းတွေကို ထိုမိန်းကလေးနှင့် အဝေးဆုံးနေရာသို့ ရွေ့လျားလိုက်သည်။

ထိုစက္ကန့်ပိုင်း အချိန်လေးမှာပင်…

အေးစက်စက် လက်တစ်ဖက်က သူ့ပခုံးကို လာရောက်ဆုပ်ကိုင်လိုက်လေသည်။

'အား!!!'

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

သေမတတ် ကြောက်ရွံ့သွားသော နှလုံးသားနှင့်အတူ သီဟကျော် အလန့်တကြား အော်လိုက်မိသည်။ ကိုယ်ခန္ဓာကလည်း တပြိုင်တည်းလိုလို နောက်သို့ လှည့်လိုက်မိ၏။

'ဟင်... ဘာဖြစ်တာလဲ သီဟ'

ဟေဇယ်က အံ့အားသင့်သွားသော အမူအရာဖြင့် မေးလိုက်ရင်း သီဟကျော်၏ ရှေ့တွင် ရပ်နေသည်။ သီဟကျော်က သွေးရူးသွေးတန်းဖြင့် ဟေဇယ်ပခုံးကိုကျော်ကာ ရုပ်ရှင်ရုံအပေါက်ဝသို့ လှမ်းကြည့်လိုက်၏။

စောစောက အမာရွတ်နှင့် မိန်းကလေးကို မတွေ့ရတော့။

ဟေဇယ်က သီဟကျော်၏ လက်မောင်းကို လှုပ်ကိုင်လိုက်ရင်း...

'သီဟ... ဘာဖြစ်သွားတာလဲ၊ တို့က သီဟတစ်ယောက် အပြင်ဘက်မှာ ပျင်းနေမှာစိုးလို့ ရုပ်ရှင်ဆက်မကြည့်ဘဲ ထွက်လာတာ။ တို့ လှမ်းကိုင်လိုက်တာနဲ့ ဘာလို့ ဒီလောက်တောင် ကြောက်လန့်တကြား ဖြစ်သွားတာလဲ'

သီဟကျော်ကတော့ ဟေဇယ့်စကားတွေထက် ခုနက မိန်းကလေး၏ ကြောက်စရာပုံရိပ်ကိုသာ မျက်လုံးထဲ မြင်ယောင်နေမိသည်။

ဘယ်သူလဲ? ငါ့ကို ဘာလို့ စိမ်းစိမ်းခါးခါး ကြည့်နေရတာလဲ?





သေသွားတဲ့ သင်းသီရိများလား?။

မေးခွန်းပေါင်းစုံတို့ကြောင့် သူ့ရင်တစ်ခုလုံး တင်းကျပ်ပိတ်လှောင်သွား၏။

ထိုအချိန်မှာပင် ဟေဇယ်က...

'သီဟ သွားကြရအောင်လေ။ ဟိုမှာ ရုပ်ရှင်ပြီးလို့ လူတွေတောင် ထွက်လာကြပြီ'

'ဟင်... ဟုတ်လား၊ ဒါဆို သွားမယ်... သွားမယ်'

သီဟကျော်၏ ကူကြွေပျက်နေသော အမူအရာများကြောင့် ဟေဇယ်က မျက်မှောင်ကြုတ်ကာ ကြည့်နေသည်။ ထို့နောက် သီဟကျော်က သူမလက်ကိုဆွဲကာ ရုပ်ရှင်ရုံအပြင်ဘက်သို့ အလျင်စလို ထွက်လာ၍ သူမက ဘာမှ စဉ်းစားမနေတော့ဘဲ လိုက်လာခဲ့တော့သည်။

ကားပါကင်သို့ ရောက်သည့်အချိန်မှာလည်း သီဟကျော်က...

'တက်လေ... ဟေဇယ်၊ မြို့ထဲမှာ တစ်ခုခုသွားစားပြီးမှ ပြန်ကြတာပေါ့'

သီဟကျော်၏စကားကြောင့် ဟေဇယ်က လက်မှနာရီကို ကြည့်လိုက်ပြီး...

'အင်း... သိပ်တော့အချိန်မရတော့ဘူး။ မြန်မြန်စားပြီး ပြန်မှဖြစ်မယ်'

'စိတ်ချပါ။ မကြာပါဘူး... ကဲ... တက်တက်'

'ဟင့်အင်း... သီဟမောင်းတာ မစီးချင်ဘူး။ ဟေဇယ်ကိုယ်တိုင်ပဲ မောင်းချင်တယ်'

ဟေဇယ်ပြန်ပြောလိုက်သော စကားကြောင့် သီဟကျော် အံ့အားသင့်သွားသည်။ မိန်းကလေးတော်တော်များများက ကားမောင်းတတ်လှေမရှိ။ မောင်းတတ်လျှင်လည်း ကားမောင်းရမည်ကို ပန်းလေးကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အခုတော့ ဟေဇယ်က ထိုသို့မဟုတ်။ ကိုယ်တိုင်မောင်းချင်သည်ဟု ပြောလာ၏။

ပြီးတော့ ဒီကားက ဖေဖေကိုယ်တိုင်ပင် နိုင်ငံခြားသားဧည့်သည်များမရှိမှ စီးလေ့ရှိသည်။ အခုတောင် သီဟကျော်က သူ့ဖခင်မရှိတုန်း ယူစီးလာခဲ့ခြင်းဖြစ်ပြီး တစ်စုံတစ်ရာ အပွန်းအပဲ့ခံ၍ မဖြစ်ချေ။

ဟေဇယ်က...

'ဘာလဲ... ဟေဇယ့်ကို ကားကောင်းကောင်း မမောင်းတတ်ဘူးထင်လို့လား'

'ဟို... ဟိုဥစ္စာ၊... မဖြစ်'

သီဟကျော်၏ စကားတွေက အထစ်ထစ်အငေါ့ငေါ့။ မဖြစ်နိုင်ဘူးဟု တည့်တည့်ငြင်းရမည်ကို ဝန်လေးသလို ခံစားနေရသည်။

ချစ်သူ၏ ဆန္ဒသည် သူ့အတွက်တော့ အာဏာအပြင်းထန်ဆုံး အမိန့်တစ်ခုပင် မဟုတ်ပါလား။

သို့သော်... တစ်ဘက်က ကြည့်ပြန်လျှင်လည်း ဒီကားသာ မတော်တဆ တစ်ခုခုဖြစ်သွားခဲ့လျှင် ပြဿနာက လွယ်လွယ်နှင့် ရှင်း၍ရမည် မဟုတ်။

သီဟကျော် တွန့်ဆုတ်တွေဝေနေသည်ကို ဟေဇယ်က တစ်ချက် အကဲခတ်လိုက်ပြီး...

'ဘာလဲ... တို့ကို ကားပေးမမောင်းချင်လို့လား။ ဒါဆိုလည်း ရတယ်လေ'

'ဟာ... မဟုတ်ပါဘူး။ နည်းနည်းအံ့သြသွားလို့ပါ။ ကဲ... မောင်းမယ်ဆိုရင်လဲ တက်လေ'

သီဟကျော်က ဖျာဖျာသလဲ သဘောတူမိလျက်သား ဖြစ်သွား၏။ ဟေဇယ်က ကားပေါ်သို့ တက်လိုက်ပြီး စက်နှိုးကာ မောင်းထွက်လိုက်သည်။





နံပါတ် (၄) ဂီယာအထိ အဆင့်ဆင့်ပြောင်းပြီးချိန်တွင် မောင်းနေသော ကား၏အရှိန်က တစ်နာရီကို ကီလို ၈၀ နှုန်းလောက်ရှိ၏။ ထို့အတွက်ကြောင့် သီဟကျော်က ထိတ်လန့်သွားပြီး ဟေဇယ်ကို ကြည့်လိုက်မိသည်။

သူမကတော့ ကားကို အရှိန်ပြင်းပြင်းမောင်းနေရသည်ကို စိတ်ကျေနပ်နေသည်ထင်၏။ ပါးစပ်မှ ဂူးဂူးဝါးဝါးအော်ကာပင် ကားကို မောင်းနေလေသည်။

ကားမှန်ပြတင်းမှ မြင်ရသော မြင်ကွင်းတွေပင် တရိပ်ရိပ်နှင့် နောက်မှာ ကျန်ခဲ့၏။

မြို့ထဲနှင့် နီးလာလေလေ ကားများနှင့် လူတွေက ပိုရှုပ်လာလေ ဖြစ်လာသည်။ ထို့ကြောင့် သီဟကျော်က သတိပေးသည့်အနေဖြင့် ဟေဇယ်ကို ပြောလိုက်သည်။

'ဖြည်းဖြည်းမောင်းပါလား ဟေဇယ်ရယ်၊ မတော်တဆ လူတွေဘာတွေများ ဝင်တိုက်မိရင်ဖြင့် ဒုက္ခရောက်နေဦးမယ်'

'မစိုးရိမ်ပါနဲ့ သီဟရယ်၊ ဒီလောက်တော့ အပျော့ပါ'

ယုံကြည်မှုအပြည့်ဖြင့် ပြောလိုက်သော ဟေဇယ့်စကားကြောင့် သီဟကျော် ဘာပြန်ပြောလို့ ပြောရမှန်းတောင် မသိတော့။ ဟုတ်တော့လည်း ဟုတ်သည်။ အခု ဟေဇယ်ကားမောင်းနေသည့် ပုံစံက အတော့်ကို ကျွမ်းကျင်ပိုင်နိုင်လွန်းလှသည်။

သူပင် မြို့ထဲ၌ ဒီလောက်အရှိန်များများဖြင့် မမောင်းရဲ။

လမ်းတစ်လျှောက်ရှိ လူများက ဝေါခနဲမောင်းသွားသော သူတို့ကားကို အထူးအဆန်းသဖွယ် လိုက်ကြည့်ကြသည်။

ထိုအချိန်မှာပင်...

'ဟာ...'

'ဟင်...'



www.burmeseclassic.com

www.burmeseclassic.com



'ကျွိ...'

လမ်းကြားတစ်ခုအတွင်းမှ ဆိုင်ကယ်တစ်စီးက ရုတ်တရက် ဖြတ်ထွက်လာသဖြင့် ဟေဇယ်က ကားကို လမ်းဘေးသို့ ဆွဲချလိုက်သည်။

ဘယ်လိုမှ မမျှော်လင့်ထားသော ကိစ္စမို့ ကားအရှိန်ကို ထိန်းမရတော့။

'ဒုန်း...'

'အား!...'

ကျယ်လောင်သော ထိုအသံများနှင့်အတူ သီဟကျော်၏ အမြင်အာရုံတွေ ဝေဝါးသွားတော့သည်။

●





'သီဟ... သီဟ... ဘာဖြစ်သွားသေးလဲ... ဟင်... သွေးတွေ'

ဟေဇယ်က ငိုသံပါဖြင့် သူ့ပခုံးကို ကိုင်လှုပ်ပြီး စိုးရိမ်တကြီး ရေရွတ်လိုက်သော စကားသံကြောင့် သီဟကျော် ပြန်သတိရလာသည်။

သီဟကျော်က အားတင်းကာ မျက်လုံးကို ဖွင့်ကြည့်လိုက်၏။

ဝေဝါးနေသော အမြင်အာရုံနှင့်ပင် သူ့ကို မျက်နှာအပေါ်မှ အုပ်မိုးကြည့်နေသော ဟေဇယ်ကို တွေ့လိုက်ရသည်။ ကိုယ်ခန္ဓာမှ တဆစ်ဆစ်နာကျင်နေသည့် ဝေဒနာတွေကြားမှပင် သူက ကုန်းရုန်းထလိုက်ပြီး...

'အား... ကျွတ်... ကျွတ်... ဟေဇယ်ရော ဘာဖြစ်သွားသေးလဲ'

'ရတယ်... သီဟ... ဘာမှမဖြစ်ဘူး။ လက်ပဲ နည်းနည်းနာသွားတာ'

ဟေဇယ်က ပြန်ဖြေလိုက်ရင်း သူ့ကို တွဲထူလိုက်သည်။ ကားက လမ်းဘေးရှိ သစ်ပင်တစ်ပင်ကို တိုက်မိထားကာ ဘမ်ပါတစ်ခုလုံး ချိုင့်ဝင်နေသည်။

ဘေးပတ်ဝန်းကျင်မှ လူတွေ ဝိုင်းအုံမလာကြသောကြောင့် တော်သေး၏။ သီဟကျော်က နဖူးမှ ယိုစီးကျလာသော သွေးတို့ကို သုတ်ပစ်လိုက်သည်။

ထိုစဉ်မှာပင် ဟေဇယ်က မျက်စိပျက် မျက်နှာပျက်ဖြင့်...

'သီဟ... သီဟ... တို့နဲ့ နေရာချင်းလဲရအောင်... မြန်မြန်လုပ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟင်... ဘာဖြစ်လို့လဲ... ဘာလို့ နေရာချင်းလဲရမှာလဲ'

သီဟကျော်က နားမလည်နိုင်စွာဖြင့် ပြန်မေးလိုက်သည်။ ဟေဇယ်က...

'တို့... တို့မှာ ကားမောင်းလိုင်စင် မရှိဘူး'

'ဘာ...'

'ဟုတ်တယ်... ယာဉ်ထိန်းရဲက လာပြီးစစ်ရင် တို့ ပြဿနာတက်လိမ့်မယ်၊ အဲဒါကြောင့် ကားမောင်းတဲ့နေရာမှာ သီဟထိုင်ပေးစမ်းပါ။ ဟို... ဟို... ရဲကမေးရင် သီဟမောင်းတာလို့ ပြောပေးနော်'

ဟေဇယ်က အလောသုံးဆယ်ပြောနေသော စကားလုံးများက ကိုက်ခဲနာကျင်နေသည့် သူ့ဦးခေါင်းထဲသို့ မဝင်တစ်ချက် ဝင်တစ်ချက်။

သူ့အသိစိတ်ထဲတွင် နားလည်နေသည်မှာ တစ်ခုတည်းသာ ရှိ၏။ အဲဒါကတော့ ဟေဇယ်ဖြစ်ချင်သောဆန္ဒကို မဖြစ်ဖြစ်သည့်နည်းဖြင့် သူ ဖြည့်ဆည်းပေးရမည်ဆိုသည်ကိုပင်။

သူ ဘာမှစဉ်းစားမနေတော့ဘဲ။

'လာ... ဟေဇယ်၊ ဒီဘက်ခုံကိုလာ'

ကားအတွင်းမှာပင် သူတို့နှစ်ယောက် နေရာချင်း လဲလိုက်ကြသည်။

ထိုအချိန်မှာပင် ရဲကားဥသြဆွဲသံနှင့်အတူ ယာဉ်ထိန်းရဲအချို့ ရောက်လာကြလေသည်။

သီဟကျော်က ကားတံခါးကို ဖွင့်လိုက်ပြီး ဆင်းရန် ပြင်လိုက်၏။ သို့သော် ယာဉ်ထိန်းရဲအရာရှိတစ်ယောက်က သူ့ထံသို့ လျှောက်လာ၍ သီဟကျော်က ကားပေါ်မှ မဆင်းဖြစ်ခဲ့တော့ပေ။

ထိုယာဉ်ထိန်းရဲက အနားကို ရောက်လာပြီး...

'ငါ့ညီ အစ်ကို့ကို လိုင်စင်လေးပေးပါဦး။ ကားက ဘယ်လိုဖြစ်လို့ သစ်ပင်ကို ဝင်ဆောင့်ရတာတုန်း'





သီဟကျော်က အိတ်ကပ်ထဲမှ လိုင်စင်ကို ထုတ်ပေးလိုက်ပြီး...

'ဒီလိုပါဆရာ...။ ကားက ဘရိတ်ပေါက်သွားလို့ ရုတ်တရက် လမ်းဘေးကို ဆွဲချလိုက်ရတာပါ။ ဆရာမယုံရင် ကျွန်တော်နဲ့ အဖော်ပါလာတဲ့ သူငယ်ချင်းကို မေးကြည့်ပါ'

သီဟကျော်က စစ်ကူတောင်းသည့်အနေဖြင့် ဟေဇယ်ကို လှမ်းကြည့်လိုက်၏။ သူ့ဘေးထိုင်ခုံတွင် မည်သူမျှ မရှိ။

မြင်လိုက်ရသော မြင်ကွင်းကြောင့် သီဟကျော် အံ့သြသွား၏။ မျက်စိအမြင်မှားသည် ထင်မိ၍ သူက ကားတစ်စင်းလုံးကို ကျီးကန်းတောင်းမှောက် ရှာကြည့်လိုက်သည်။

အသေအချာပင် ဟေဇယ်၏ အရိပ်အယောင်ကို မတွေ့ရတော့။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅)

'ကံကောင်းလို့ပေါ့ သီဟကျော်ရာ။ ဒါ အခန့်မသင့်ရင် အသက် တောင် သေသွားနိုင်တယ်ကွ၊ ဒီလောက်ဖြစ်တာပဲ မင်းကျေးဇူးတင်ဦး'

'ငါက... ဘယ်သူ့ကို ကျေးဇူးတင်ရမှာလဲ'

နဖူးမှ ဒဏ်ရာက တဆစ်ဆစ်နာကျင်နေသည့်ကြားထဲ မင်းစိုး ကပါ တပူပူတညည်း လာလုပ်နေသဖြင့် သီဟကျော် စိတ်ပေါက်ပေါက် နှင့် ပြန်ပြောလိုက်သည်။ ဒဏ်ရာက သိပ်မများပေမယ့် မေမေက အစိုးရိမ်လွန်ကာ ပတ်တီးစည်းခိုင်းထားသဖြင့် သူ့မှာ တကယ့်လူမမာကြီး ပမာ ဖြစ်နေရသည်။

မင်းစိုးက...

'အဲဒီ ဟေဇယ်ဆိုတဲ့ ကောင်မလေးက ပြဿနာလည်းတက် ရော ဘာဖြစ်လို့ ရှောင်သွားရတာလဲ။ တော်သေးတယ် လူတွေဘာတွေ မတိုက်မိလို့။ နို့မို့ဆို မင်း နေရာချင်းလဲပေးလိုက်တဲ့ ပုံမျိုးနဲ့ ထောင် တွေ ဘာတွေတောင် ကျနိုင်တယ်'

'အေးပါ... မင်းစိုးရာ... မင်းပြောမှ ငါတောင် ကြောက်လာပြီ'

'ဟေ့ကောင်... မင်းကို သူငယ်ချင်းအရင်းကြီးမို့ စေတနာနဲ့ ပြောတာကွ။ ဘယ်ကလာမှန်းမသိ ဘယ်မှာနေမှန်းမသိတဲ့ ကောင်မလေး တစ်ယောက်အတွက်နဲ့ မင်းဖြစ်နေတာတွေကို ကြည့်ပြီး ဒေါသထွက် လွန်းလို့ပါ'





မတတ်နိုင်တော့။ မင်းစိုးကို ပြန်ပြောဖို့ သူ့မှာ စကားလုံးမရှိပေ။ ဒီအချိန်မှာ အားလုံးအပြစ်တင်မည့်ဒဏ်ကို ခံနိုင်ဖို့သာ သူပြင်ဆင်ထား ရတော့မည်။

တော်သေးသည်။ မေမေက ထိုအကြောင်းတွေကို ဘာတစ်ခုမှ မသိဘဲ သူ့ကြောင့်ဖြစ်ရသည်ဟုသာ ယုံကြည်နေ၏။ ကားကတော့ အရှေ့ဘန်ကာချိုင့်ဝင်သွားပြီး မီးလုံးလဲ ကွဲသွားသည်။ ဒါကို ဖေဖေ မလာခင် အမီပြင်နိုင်ရန် မေမေက တိုးတိုးကျိတ်ကျိတ် စီစဉ်နေ၏။

သီဟကျော်က ရင်မောစွာပင် သက်ပြင်းကို ချလိုက်မိသည်။

ဟေဇယ်က ဘာအတွက်ကြောင့် ရှောင်ထွက်သွားရသည်ကို သူမစဉ်းစားတတ်တော့ပေ။ မင်းစိုး ပြောသလိုပင်၊ ဟေဇယ်၏ နေရပ် လိပ်စာကို သူမသိပေ။ ဘာကြောင့် ဒါကိုမေးဖို့ မေ့လျော့နေသည်ကို သူ့ကိုယ်သူ နားမလည်နိုင်ချေ။

သေချာတာတစ်ခုက ဟေဇယ်နှင့်တွေ့လျှင် အရာရာအားလုံး သူ မေ့လျော့သွားသည်ကိုပင်။

သီဟကျော်က ဆိုဖာထိုင်ခုံတွင် လျောထိုင်နေရင်းမှ ခန္ဓာကိုယ် ကို မတ်မတ်ပြင်ထိုင်လိုက်ပြီး...

'မင်းကို ငါပြောရဦးမယ်ကွ။ မနေ့က ဟေဇယ်နဲ့ငါ ရုပ်ရှင် ကြည့်ပြီး ပြန်ထွက်လာတော့ ရုပ်ရှင်ရုံအပေါက်ဝမှာ ထူးဆန်းတဲ့ မိန်း ကလေးတစ်ယောက်ကို ငါတွေ့တယ်ကွ'

'ဘယ်လိုထူးဆန်းတာလဲ... သီဟကျော်'

မင်းစိုးက လမ်းမဘက်သို့ ကြည့်နေရာမှ သီဟကျော်ဘက်သို့ လှည့်ကာ မေးလိုက်၏။

'ဒီလို၊ အဲဒီမိန်းကလေးက အမှောင်ရိပ်ထဲကနေပြီး ငါ့ကို စိမ်း စိမ်း ကြီး စိုက်ကြည့်နေတာကွ။ ပြီးတော့ မျက်နှာတစ်ခုလုံးလဲ နေရာလွတ် မကျန်အောင် အမာရွတ်တွေနဲ့'



www.burmeseclassic.com

www.burmeseclassic.com



'ဟင်… မင်းဟာကလည်း… လူလား သရဲလားကွာ'

သီဟကျော်က အနည်းငယ်တွေသွားသည်။ မင်းစိုးပြောသလို လူလားသရဲလားဆိုတာကိုပင် သူ ဝေခွဲရခက်နေသည်။ သို့သော် ထို ကြောက်စရာကောင်းသော မျက်နှာနှင့် မိန်းကလေးကိုတော့ သူ့မျက်စိ ဖြင့် တပ်အပ်တွေ့ခဲ့တာ သေချာ၏။

သရဲ တစ္ဆေများလား?

လူဆိုရင်ကော ငါ့ကို ဘာလို့ စိမ်းစိမ်းခါးခါး စိုက်ကြည့်နေရ တာလဲ?

ခေါင်းထဲသို့ အတွေးပေါင်းစုံတို့က ဒလဟောတိုးဝင်လာသည်။ မျက်လုံးထဲတွင် ထိုမိန်းမ၏ မျက်နှာကို ပြန်မြင်ယောင်မိလိုက်၍ ကြက်သီးပင် ထသွားမိ၏။

တပြိုင်နက်ထဲလိုလို စိုးရိမ်စိတ်တစ်ခုက နှလုံးအိမ်ကို ဆွဲကိုင် လှုပ်ယမ်းလိုက်သည်။

'မင်း… မင်းစိုး… ငါ့ကို သင်းသီရိများ သရဲလာခြောက်တာလား၊ သူ… သူလည်း မျက်နှာတစ်ခုလုံး ရုပ်ပျက်ဆင်းပျက်ဖြစ်ပြီး သေသွား တာဆိုတော့…'

ထစ်ထစ်ငေါ့ငေါ့ပြောလိုက်သော သီဟကျော်၏ စကားကြောင့် မင်းစိုး မျက်လုံးပြူးသွားပြီး…

'ဟာ… မဟုတ်နိုင်ပါဘူး… မင်း… အစိုးရိမ်လွန်နေတာပါ။ သင်း သီရိသေတာပဲ သုံးနှစ်ပြည့်တော့မယ်။ အခုမှ သရဲလာခြောက်တာတော့ မဖြစ်နိုင်ပါဘူး'

မင်းစိုးကလဲ သီဟကျော် မကြောက်အောင်သာ ပြောနေရဟန် တူသည်။ သူကိုယ်တိုင်ပင် သင်းသီရိဆိုသော စကားကြောင့် မျက်စိ ပျက် မျက်နှာပျက် ဖြစ်နေ၏။

သီဟကျော် ကိုယ်တိုင်ကလည်း သင်းသီရိဆိုသော သံသယစိတ်





ကြောင့် တုန်လှုပ်ချောက်ချားသွားလေသည်။

ထိုအချိန်မှာပင်…

'ကလင်… ကလင်… ကလင်'

တယ်လီဖုန်းမြည်သံ။

သီဟကျော်က ဆိုဖာဘေးရှိ စင်ပေါ်မှ ဖုန်းကို ကိုင်လိုက်သည်။

'ဟဲလို…'

'သီဟကျော်လား…'

တစ်ဖက်မှ ယမင်း၏အသံကို ကြားလိုက်ရလေ၏။ သီဟကျော် က…

'ပြော… ယမင်း'

'နင် ဘယ်လိုဖြစ်တာလဲ သီဟကျော်ရယ်၊ ကား accident ဖြစ်လို့ဆို။ ငါ့မှာ ကြားကြားချင်း စိတ်ပူလိုက်ရတာဟာ။ လူရော ဘာ ဖြစ်သွားသေးလဲ'

ယမင်း တရစပ်ပြောလိုက်သော စကားများကြောင့် သီဟကျော် ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားသည်။ ယမင်းကတော့ အဖြစ်မှန်ကို မသိဘဲ သူ့အတွက် စိတ်ပူနေ၏။

ဟောဖယ်ကြောင့်များဆိုတာ သိသွားခဲ့ရင်…

'ဟဲ့… သီဟကျော်… ငါပြောတာ ကြားလား'

'သြော်… အေးအေး… ကြားတယ်'

ယမင်းအသံကြောင့် သီဟကျော် အတွေးစပြတ်သွားပြီး ပြန် ဖြေလိုက်၏။ သီဟကျော်ကပင်…

'ငါ… နဖူးပဲ နည်းနည်းပေါက်သွားတာ။ တခြားဘာမှတော့ ကြီးကြီးမားမား မဖြစ်ပါဘူး။ အခု ဆေးတွေဘာတွေ ထည့်ပြီး ပတ်တီး စီးထားတော့ တော်တော်သက်သာလာပါပြီ နင် စိတ်မပူပါနဲ့တော့'

'အို… တော်သေးတာပေါ့… ဒါကြောင့် နင့်ကိုငါပြောတာပေါ့



www.burmeseclassic.com

www.burmeseclassic.com



ကားတွေ ဆိုင်ကယ်တွေကို ဖြည်းဖြည်းမောင်းပါလို့။ ဘာလဲ နှင့်အစ်မရဲ့ ကလေးကို သွားထိန်းပြီး ပြန်လာတော့ ဖြစ်တာလား'

ယမင်း၏စကားကြောင့် သီဟကျော်က ကြောင်သွားပြီး...

'ဘယ်ကလေးလဲ'

'ဟင်... နင်ပဲ နှင့်အစ်မရဲ့ကလေး နေမကောင်းလို့ သွားထိန်းပေးရမယ်ဆို၊ မဟုတ်ဘူးလား... ဘာကြောင်နေတာလဲ'

ထိုအခါကျမှ သီဟကျော်က သူ့ယမင်းကို လိမ်ထားသည့်ကိစ္စကို သတိရသွား၏။

ချက်ချင်းပင် သီဟကျော်က စိုးရိမ်စိတ်ဝင်သွားပြီး ပြုံးတုံ့ပြုံးပြတာဖြင့်...

'ဪ... အေး... ဟုတ်တယ်... ဟုတ်တယ်။ ငါမေ့သွားတာ၊ မနေ့ညက ကြောက်လန့်သွားတဲ့အရှိန်က ခုထိတောင် စွဲနေလို့ ကြောင်သွားတာ။ ဟုတ်တယ်ဟ ငါ့အစ်မအိမ်က ပြန်လာရင်း အရှိန်လွန်ပြီး သစ်ပင်ကို သွားတိုက်မိတာ။ နင်ရော မနေ့ညက ဘယ်မှာလဲ'

ကယောင်ကတမ်းဖြင့် သီဟကျော်က မဆီမဆိုင်စကားတွေကို လျှောက်ပြောလိုက်မိသည်။ ဟုတ်ပါရဲ့ ကိုယ်လိမ်ထားတာကို ကိုယ်မေ့နေရတယ်လို့။ ကံကောင်းတယ် ယမင်း မရိပ်မိသွားတာ။ သီဟကျော်က အလိမ်ပေါ်သွားပြီလားဆိုသည့် စိုးရိမ်စိတ်ဖြင့် ယောက်ယက်ခတ်နေသည့်အချိန်မှာပင် ယမင်းက...

'မနေ့ညက ငါ အဘွားအိမ်ကိုရောက်နေတာ။ နင်က မအားဘူးဆိုလို့ ရုပ်ရှင်လက်မှတ်ကိုတောင် ဖြူပြာကို ပေးလိုက်တယ်။ ဖြူပြာကတော့ သွားကြည့်တယ်ပြောတာပဲ'

'ဟုတ်လား... သူရော နင့်ကိုဘာပြောသေးလဲ'

'ဟင်... ဘာပြောရမှာလဲ။ ရုပ်ရှင်သွားကြည့်တဲ့ကိစ္စပဲ၊ ဘာပြောစရာရှိလို့လဲ။ နင် ဘာဖြစ်နေတာလဲ သီဟကျော်။ မနေ့ညက ကား





accident ဖြစ်လို့ ဂေါက်သွားပြီလား'

သီဟကျော်က လိပ်ပြာမလုံဘဲ ပြောလိုက်သောစကားကြောင့် ယမင်းက နားမလည်ဖြစ်သွားကာ ပြောလိုက်၏။ သီဟကျော်လည်း ပြောပြီးသွားမှ စကားများသွားမှန်း သိလိုက်ပြီး နောင်တရမိသွားသည်။

သူ့စိတ်ထဲတွင် ဖြူပြာမနေ့ညက ရုပ်ရှင်လာကြည့်ရင်း သူ့ကို မြင်သွားလားဆိုသော အသိက ကြီးစိုးနေ၍ ပြောမိလိုက်ခြင်း ဖြစ်၏။

ယမင်းကပင်...

'ငါ... မနက်ဖြန်ကျမှ နင့်အိမ်လာခဲ့မယ်ဟာ... ဒီနေ့တော့ ငါ မအားသေးဘူး၊ မေမေနဲ့ အဖွားတို့အိမ် ထပ်လိုက်သွားရဦးမယ်'

'အေးအေး... ရပါတယ်။ ငါက အရေးမကြီးပါဘူး။ နင်သာ စိတ်ဖြောင့်ဖြောင့်နဲ့ လိုက်သွား'

'အင်း... ဒါဆိုလဲ ငါဖုန်းချလိုက်တော့မယ်'

ပြောပြောဆိုဆိုဖြင့် ယမင်းက ဖုန်းချသွား၏။ သူ့စိတ်ထဲတွင်တော့ ယမင်းကို တစ်ခုပြီးတစ်ခု လိမ်ပြောနေရသည့်အတွက် ထိနိုက်နာကျင်နေမိသည်။

တကယ်တော့ ယမင်းက သူ့ကို မြတ်မြတ်နိုးနိုးပင် ချစ်ရှာသည်။ မိန်းကလေးပေါင်းစုံဖြင့်တွဲကာ ရှုပ်လာသည့်သူ့ကို အပြစ်မမြင်ဘဲ ခွင့်လွှတ်နားလည်စွာဖြင့် ချစ်လာသည့် ယမင်းကို သူ ဘယ်လို ပြန်ပေးဆပ်ရမလဲ ဆိုတာကိုပင် သူ မစဉ်းစားတတ်တော့ပေ။

အခုလည်း သူ တခြားမိန်းကလေးတစ်ယောက်ကို စွဲလန်းနေသည့်အကြောင်းသာ သိရှိသွားခဲ့ရင် ယမင်း ဘယ်လောက်တောင် စိတ်ထိနိုက်နာကျင်ရမလဲ...

ငါ ဘာလုပ်ရမလဲ? ယမင်းကို အမှန်အတိုင်း ဖွင့်ပြောလိုက်ရင်ကောင်းမလား?

မဖြစ်သေးပါဘူး။ ယမင်းသိသွားရင် ပြဿနာတွေက စောစော



www.burmeseclassic.com

www.burmeseclassic.com



စီးစီး တက်သွားလိမ့်မယ်။ ငါ့မှာ ယမင်းရှိကြောင်းကိုလဲ ဟေဇယ် အသိခံလို့ မဖြစ်ဘူး။

တွေးနေရင်းနှင့်ပင် သီဟကျော်က ရင်မောလာမိသည်။

ဘေးနားတွင် ငြိမ်ငြိမ်သက်သက်ထိုင်နေသော မင်းစိုးက...

'ကဲ... သီဟကျော်ရေ... ကိုယ့်ဇာတ်ကိုသာ ကိုယ်နိုင်အောင် ကတော့။ ငါတော့ သွားတော့မယ်'

မင်းစိုးက သူ့ကို ခနဲ့တဲ့တဲ့ပြောကာ မတ်တပ်ရပ်လိုက်၏။

သီဟကျော်က...

'ဟာ... နေပါဦး သူငယ်ချင်းရာ၊ ငါ တစ်ယောက်တည်းပျင်းလို့ပါ'

'နေလို့မရဘူးကွ၊ ငါ ဒီနေ့ နှလုံးအထူးကုဆရာဝန်ကြီးနဲ့ ချိန်းထားတယ်။ ငါ့နှလုံးကို Echocardiogram ရိုက်ရမယ်'

မင်းစိုးက မျက်နှာရှုံ့မဲ့မဲ့ဖြင့်ပြော၏။ ဟုတ်တော့လည်း ဟုတ်သည်။ မင်းစိုးက မွေးရာပါနှလုံးရောဂါဝေဒနာရှင် ဖြစ်၏။ အမြဲတမ်း သွေးထိန်းဆေးတွေ သောက်နေရသည်။ ဒါတောင် ဒီကြားထဲ တစ်ချက်တစ်ချက် ရောဂါက ဖောက်လာတတ်သေး၏။

သီဟကျော်က...

'မင်းကလည်းကွာ ရန်ကုန်အထိသွားပြီး ကုပါဆိုတာကို ပေကပ်ကပ်လုပ်နေတယ်'

'ငါက သေမယ့်ကံ မပါသေးပါဘူးကွ'

မင်းစိုးက ရယ်ကျဲကျဲပြောရင်း အိမ်အပြင်သို့ ထွက်သွားလေတော့သည်။

ထွက်သွားသော မင်းစိုး၏ ကျောပြင်ကိုကြည့်ရင်း သီဟကျော်သာ အတွေးပေါင်းစုံဖြင့် ကျန်ခဲ့၏။ ရင်ထဲတွင်လည်း အမျိုးအမည်မသိသည့် စိုးရိမ်ပူပန်နေမှုတစ်ခုကို ခံစားနေရသည်။





အတန်ကြာသည်အထိ သီဟကျော်က ဧည့်ခန်းအတွင်းရှိ ဆိုဖာခုံပေါ်တွင် ထိုင်နေရင်း ယမင်းနှင့် ဟေဇယ်အကြောင်းများကို စဉ်းစားနေ၏။

နောက်ဆုံး ဒဏ်ရာမှ တဆစ်ဆစ် ကိုက်ခဲနာကျင်လာသည့် ဝေဒနာနှင့်အတူ စိတ်တွေ တဖြည်းဖြည်း ရှုပ်ထွေးလာသည့်အတွက် အိပ်ခန်းဆီသို့ သွားအနားယူရန် ထလိုက်သည်။

ထိုအချိန်မှာပင် အိမ်ရှေ့မှ ကားဟွန်းသံကြောင့် အကြည့်တွေက လမ်းမပေါ်သို့ ရွေ့လျားသွား၏။

'ဟင်... မနေ့ညက ယာဉ်ထိန်းရဲအရာရှိပါလား'

အံ့ဩစိတ်နှင့်အပြိုင် စိုးရိမ်စိတ်တို့က နှလုံးသားထဲသို့ တိုးဝင်လာသည်။

ဘာများဖြစ်လို့လဲ?

ကားဘရိတ်မပေါက်ဘူးဆိုတာများ သိသွားပြီလား? ဒါမှမဟုတ် ဟေဇယ်မောင်းတာကိုများ မျက်မြင်သက်သေ တစ်ယောက်ယောက်က ပြောလိုက်လို့ လိုက်လာတာများလား?

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ယာဉ်ထိန်းရဲအရာရှိက ပြုံးပြုံးရွှင်ရွှင်နှင့်ပင် အိမ်ထဲသို့ ဝင်လာသည်။ လက်တစ်ဖက်တွင် အမျိုးသမီးသုံး ပိုက်ဆံအိတ်တစ်လုံးကို ကိုင်ထား၏။

သီဟကျော်က အိမ်အဝင်တံခါးကို ဆွဲဖွင့်လိုက်ပြီး…

'ကြွပါဆရာ… ကြွပါ။ ဘာကိစ္စများ ရှိလို့လဲ မသိဘူး'

သူ့အသံတွေက ဘာအတွက်ကြောင့်မှန်းမသိ။ တုန်ယင်နေသည်။ ယာဉ်ထိန်းရဲအရာရှိကတော့ သီဟကျော်ကိုကြည့်ပြီး နွေးထွေးစွာ ပြုံးလိုက်ကာ…

'ဘယ်လိုလဲ ငါ့ညီ… သက်သာရဲ့လား'

'ဟုတ်… ဟုတ်ကဲ့ သက်သာပါတယ် ဆရာ'

ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေသော စကားသံကြောင့် ယာဉ်ထိန်းရဲအရာရှိက သီဟကျော်ကို အကဲခတ်ကြည့်လိုက်၏။

ထိုအကြည့်ကြောင့် သီဟကျော်ပင် စိတ်လှုပ်ရှားသွားသည်။

ဘုရား… ဘုရား… သူ ဘာတွေကိုများ သိထားလို့လဲ။

ယာဉ်ထိန်းရဲအရာရှိ ပြောလာမည့် စကားကို စောင့်ဆိုင်းနေရင်း သူ့စိတ်တွေက ယောက်ယက်ခတ်လာသည်။ ထိုအချိန်မှာပင် ယာဉ်ထိန်းရဲအရာရှိက လက်တစ်ဖက်ကို သူ့ထံသို့ ဆန့်တန်းလိုက်ပြီး…





'ဒီမှာ ငါ့ညီရဲ့ ကားထဲက အမျိုးသမီးပိုက်ဆံအိတ်တစ်လုံး တွေ့လို့ လာပေးတာ။ ညတုန်းက ငါ့ညီရဲ့ ကားကို စစ်ဆေးကြည့်ရင်းနဲ့ တွေ့တာလေ။ မင်းကလည်း ဒဏ်ရာရလို့ ဆေးခန်းကို ထွက်သွားတာနဲ့ မပေးလိုက်ရတာ'

အခုမှပဲ သီဟကျော် သက်ပြင်းချနိုင်တော့သည်။ ယာဉ်ထိန်းရဲအရာရှိ ကမ်းပေးသော ပိုက်ဆံအိတ်ကို လှမ်းယူပြီး ကြည့်လိုက်၏။ သူ့ပိုက်ဆံအိတ်တော့မဟုတ်။ ဟေဇယ်၏ ပိုက်ဆံအိတ်ဖြစ်မယ်လို့ တွေးလိုက်ပြီးပြီး သူပျော်သွားမိသည်။

ပိုက်ဆံအိတ်ထဲတွင် ဟေဇယ်နှင့် ပတ်သက်သည့် သဲလွန်စတစ်ခုခုတော့ ရနိုင်၏။

သီဟကျော်က ယာဉ်ထိန်းရဲအရာရှိကို ကျေးဇူးတင်သည့်အကြည့်ဖြင့် ကြည့်လိုက်သည်။

ယာဉ်ထိန်းရဲအရာရှိက သီဟကျော်ကို ပြုံးပြလိုက်ကာ…

'ကဲ… ငါ့ညီ ကိုယ်လည်း ပြန်လိုက်ဦးမယ်။ တာဝန်တွေရှိသေးလို့'

ဟုဆိုပြီး ယာဉ်ထိန်းရဲအရာရှိက ထွက်သွားလေသည်။ ထိုအချိန်မှာပင် မေမေကလည်း ခြံထဲသို့ ဝင်လာ၍ ထိုယာဉ်ထိန်းရဲအရာရှိနှင့် ဆုံသွားပြီး စကားရပ်ပြောနေကြ၏။

သီဟကျော်က လက်ထဲမှ ပိုက်ဆံအိတ်ကို တမြောက်မြောက် လုပ်ကြည့်ပြီး အိမ်ထဲသို့ဝင်ရန် ခြေလှမ်းပြင်လိုက်သည်။

မေမေက ယာဉ်ထိန်းရဲ ပြန်သွား၍ ခြံထဲသို့ ဝင်လာကာ သူ့ကို လှမ်းပြောလိုက်၏။

'ဟဲ့… သား… ခုနက ရဲအရာရှိလာပေးတဲ့ မိန်းကလေးပိုက်ဆံအိတ်ဆိုတာ ဘယ်သူ့ပိုက်ဆံအိတ်လဲ သား၊ ဘယ်မိန်းကလေးကိုများ ကားပေါ်တင်ခေါ်လာခဲ့တာတုန်း။ မေမေ့ကို မှန်မှန်ပြောစမ်း'



www.burmeseclassic.com

www.burmeseclassic.com



မေမေက ဒေါသအရိပ်အငွေ့ပါသော အသံဖြင့် သူ့ကို လှမ်းပြောလိုက်သည်။ ထိုစကားသံကြောင့် အိမ်ထဲသို့ဝင်ရန် ပြင်နေသော သူ့ခြေလှမ်းတွေ ရပ်တန့်သွားပြီး...

'ဩော်... မေမေကလည်း ယမင်းရဲ့ ပိုက်ဆံအိတ်ပါ။ သားက ဘယ်မိန်းကလေးကို ကားပေါ်တင်ခေါ်လာရမှာတုန်း မေမေရဲ့'

သီဟကျော်က တည်တည်ငြိမ်ငြိမ်နှင့်ပင် မိခင်ဖြစ်သူ ဒေါ်သူဇာကို လိမ်လိုက်၏။ ဒေါ်သူဇာက ယမင်းဆို၍ ဘာမှထပ်မပြောတော့ပဲ ဟွန်းခနဲတစ်ချက်လုပ်ပြီး သီဟကျော်ကို ကျော်ကာ အိမ်ထဲသို့ ဝင်သွားသည်။

သီဟကျော်က ကျေနပ်စွာ တစ်ချက်ပြုံးလိုက်ပြီး အပေါ်ထပ်ရှိ သူ့အခန်းသို့ တဒုန်းဒုန်းနှင့် ပြေးတက်လာခဲ့တော့၏။

အခန်းအတွင်းသို့ ရောက်ရောက်ချင်းမှာပင် တံခါးကို Lock ချကာ ယာဉ်ထိန်းရဲအရာရှိ လာပေးသော ပိုက်ဆံအိတ်ကို အလောတကြီး ဖွင့်ကြည့်လိုက်သည်။

အနည်းဆုံးတော့ ဟေဇယ်၏ လိပ်စာကို တွေ့ရမှာပဲဆိုသော အသိက တခဏအတွင်းမှာပင် မီးခိုးငွေ့များလို လွင့်စင်ပျောက်ကွယ်သွားတော့၏။

'ဟင်...'

ဗလာဟင်းလင်းဖြစ်နေသော ပိုက်ဆံအိတ်ကိုကြည့်ပြီး သူ ကြောင်သွားသည်။

တကယ်ပင် ပိုက်ဆံအိတ်ထဲ၌ ပိုက်ဆံမပြောနှင့် စက္ကူအတိုအစပင် မတွေ့ရ။ အသစ်ချပ်ချွတ် ပိုက်ဆံအိတ်တစ်လုံးလို ပြောင်သလင်းခါနေသည်။

ယာဉ်ထိန်းရဲအရာရှိများ ပိုက်ဆံအိတ်ထဲက ဟာတွေကို ယူထားလိုက်တာလား။ မဖြစ်နိုင်ဘူး။ သူက ဘာဖြစ်လို့ ယူထားရမှာလဲ။





ဒါဆို ဟေဇယ်ပိုက်ဆံအိတ်က အစကတည်းက အလွတ်ကြီးပေါ့။

သီဟကျော်က ဟေဇယ်ကို နားမလည်နိုင်အောင် ဖြစ်သွားသည်။

ညတုန်းကလည်း ကျောပေးထားလိုက်သည့်အချိန်မှာပင် တစ္ဆေသရဲတစ်ကောင်လို ဖျတ်ခနဲ ပျောက်ကွယ်သွားသည်။ ပြီးတော့ ဘာမှ ထည့်မထားတဲ့ ပိုက်ဆံအိတ်တစ်လုံး။

အားလုံးက ပုံမှန်ထက်တော့ ထူးခြားနေသည်။

သီဟကျော်က မစဉ်းစားတတ်အောင် ဖြစ်သွားပြီး ခုတင်ပေါ်သို့ စိတ်ပင်ပန်းနွမ်းနယ်စွာ ပစ်လှဲချလိုက်မိတော့သည်။

ဟေဇယ်ဆိုသော မိန်းမလှလေးက ပဟေဠိဆန်လွန်းနေ၏။

တွက်ရခက်သော ပုစ္ဆာတစ်ပုဒ်လိုပင် လျှို့ဝှက်မှုကို ဆောင်ကြဉ်းနေသည်။ တွေ့ခါစမှာပင် ပွင့်လင်းရဲတင်းသည့် အမူအရာ၊ မယုံကြည်နိုင်လောက်အောင် သူ့အပေါ်ကို လိုလိုလားလား ပြန်ဆက်ဆံသည့် သူမ။

ဒါတွေဟာ ဘာကြောင့်လဲ?

ဖြေရှင်းမရသော မေးခွန်းများကြောင့် သီဟကျော် စိတ်တွေပင် လေးလံလာ၏။

ထိုအချိန်မှာပင်...

'ကလင်... ကလင်... ကလင်'

တယ်လီဖုန်းမြည်သံကြောင့် သူ့အတွေးစတွေ ပြတ်သွားသည်။ အိပ်ရာပေါ်မှ လူးလဲထလိုက်ပြီး စားပွဲပေါ်ရှိ တယ်လီဖုန်းကို ကောက်ကိုင်လိုက်၏။

'ဟဲလို... ဟဲလို... ဟဲလို'

တစ်ဖက်မှ မည်သည့်တုန့်ပြန်သံမှ မကြားရ၍ သူ စိတ်တိုသွားမိသည်။ နားထဲတွင် တဂျစ်ဂျစ်မြည်နေသော အသံမှအပ မည်သည့်



www.burmeseclassic.com

www.burmeseclassic.com



အသံကိုမှ မကြားရ။

မင်းစိုးများ နောက်နေတာလား? ဟု သူတွေးလိုက်မိစဉ်မှာပင် ဖုန်းထဲမှ အသက်ရှူသံပြင်းပြင်းတစ်ခုနှင့်အတူ အသံတစ်သံကို ကြားလိုက်ရလေ၏။ သူ ထိုအသံကို တစ်ကြိမ်တစ်ခါမှ မကြားဖူး။

သူ့နားထဲတွင် ကြားနေရသော အသံက ခြောက်ကပ်ကပ် အက်ကွဲကွဲ... ။

မိန်းကလေးတစ်ယောက်အသံ... ။

'နင်လုပ်ထားတဲ့ မကောင်းမှုတွေ နင့်ဆီပြန်လာတော့မယ် သီဟကျော်၊ ဟေဇယ်က နင်ဖုံးကွယ်ထားတဲ့ အပြစ်တွေကို စီရင်မဲ့ အာဏာပါးကွက်သားပဲ'

'ဟင်... ဘယ်သူလဲ... အခုဖုန်းပြောနေတာ ဘယ်သူလဲ'

'ချွပ်'

တစ်ဖက်မှ ဖုန်းချသွားသည်။

သီဟကျော်က ဖုန်းခွက်ကို ကိုင်ထားရင်း အံ့ဩမှင်သက်စွာဖြင့် တောင့်တောင့်ကြီး ရပ်နေမိတော့လေသည်။

■





## အခန်း (၇)

နောက်တစ်နေ့ မနက်။

သီဟကျော်က အိပ်ရာမှစောစောထကာ ရေမိုးချိုး အဝတ်အစား လဲလိုက်သည်။ ဒီနေ့ ဟေဇယ်ကို သွားရှာမည်ဟူသော အသိက သူ့စိတ်တစ်ခုလုံးကို စိုးမိုးထား၏။ နားထဲတွင် မနေ့က ဘယ်သူဘယ်ဝါမပြောဘဲ သူ့ကို လာခြိမ်းခြောက်သည့် မိန်းကလေး၏ အသံကို ကြားယောင်နေဆဲ။

'ဟေဇယ်က နင်ဖုံးကွယ်ထားတဲ့ အပြစ်တွေကို စီရင်မဲ့ အာဏာပါးကွက်သားတဲ့'

ထိုစကားကြောင့် မနေ့ညက သူ ကောင်းကောင်းအိပ်မပျော်ခဲ့ပေ။ ထို့အပြင် အခု အိပ်ရာမှနိုးပြီးအချိန်အထိ ထိုစကားကို သူ့ဘေးနားမှ တစ်ယောက်ယောက်ကလာပြီး ပြောနေသကဲ့သို့ အမြှင်မပြတ်ကြားနေမိသည်။

ဖုန်းထဲက မိန်းကလေးနှင့် ဟေဇယ်က ဘယ်လိုပတ်သက်သလဲဆိုတာ သူ စဉ်းစား၍မရ။ သူနှင့် ဟေဇယ် ပတ်သက်သည့်အကြောင်းကို မင်းစိုးတစ်ယောက်သာ သိသည်။ မင်းစိုးကလည်း အဓိပ္ပာယ်မဲ့ တခြားမိန်းကလေးတစ်ယောက်ကို အကူအညီတောင်းပြီး ထိုသို့ လုပ်မှာမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါဆို ဟေဇယ် သူငယ်ချင်းတစ်ယောက်ယောက်ကများ ငါနဲ့ ပတ်သက်တာကို သဘောမတူလို့ လုပ်တာလား?

သီဟကျော်က ဆုံးဖြတ်ချက်ကိုသာ ခိုင်ခိုင်မာမာ ချလိုက်တော့သည်။

ဒီပဟေဠိတွေရဲ့ အဖြေကို ဟေဇယ်တစ်ယောက်ပဲ သိလိမ့်မည်။ အဲဒီတော့ ငါ ဟေဇယ်ကို သွားရှာရမယ်။

ထိုအတွေးနှင့်အတူ သီဟကျော်က အောက်ထပ်သို့ ဆင်းလာခဲ့၏။ မေမေက ဖေဖေမရှိသဖြင့် ဖေဖေလုပ်ငန်းကို ဦးစီးရန် မနက်စောစောကတည်းက ထွက်သွားသည်။ ထို့ကြောင့် သီဟကျော်က မိခင်ဖြစ်သူမသိအောင် အပြင်သွားဖို့ ကြံစည်နေခြင်း ဖြစ်၏။ ဒီအကြောင်းကို သူ့မေမေသာ သိသွားရင် စိတ်ဆိုးဒေါသထွက်၍ ဆုံးမှာမဟုတ်တော့။ အခုတောင် အပြင်သွားမယ်ဆို၍ ပတ်တီးဖြည်ကာ ခပ်သေးသေး ပလာစတာတစ်ခုသာ ကပ်ထားသည့် ကိစ္စနှင့်ပင် မေမေ ဒေါသထွက်ဖို့ လုံလောက်နေပြီ။

သီဟကျော်က ဆိုင်ကယ်သော့ကိုယူကာ ဂိုဒေါင်ဆီသို့ သွားလိုက်၏။

ထိုအချိန်မှာပင်...

'ဟဲ့... ဘာလုပ်နေတာလဲ'

ထိုအသံနှင့်အတူ ယမင်းက သီဟကျော်၏ ခြံထဲသို့ ဝင်လာသည်။ အဝါရောင်အင်္ကျီလက်ပြတ်လေးနှင့်အတူ ဂျင်းစကတ်အတိုကို ဝတ်ဆင်ထားသော ယမင်းမှာ ကော်ပတ်ရုပ်ခပ်ကြီးကြီးတစ်ရုပ်လိုပင် ချစ်စရာကောင်းနေ၏။

သီဟကျော်က ယမင်းကို တွေ့လိုက်၍ ဂိုဒေါင်ဆီသို့ ဦးတည်နေသော ခြေလှမ်းတွေကို တုန့်ခနဲ ရပ်လိုက်ပြီး...

'ဘာမှမလုပ်ပါဘူးဟ၊ အညောင်းပြေ အညာပြေ ခြံထဲမှာ လမ်းလျှောက်နေတာပါ။ နင်ရော ငါ့ဆီလာတာလား'

'အင်း... ဟုတ်တယ်၊ နင့်ကိုခေါ်ပြီး မြို့ထဲမှာ ရေခဲမုန့် သွားစားမလို့'

သီဟကျော် ရင်ထိတ်သွားသည်။ သူ ယမင်းကို ဘာပြန်ပြောရမလဲ။ ခေါင်းထဲတွင် လိမ်ညာဖို့ ဉာဏ်တွေက အပြင်းအထန် လှုပ်ရှားသွား၏။

ယမင်းက သူ့အနားသို့ လျှောက်လာပြီး...

'ဘယ်လိုလဲ အားတယ်မဟုတ်လား။ ပြီးရင် စာကြည့်တိုက်သွားပြီး စာအုပ်ငှားကြမယ်လေ'

ရွှင်ရွှင်မြူးမြူးလေသံဖြင့် သွက်လက်တက်ကြွစွာ ပြောနေသော ယမင်းကိုကြည့်ပြီး သူ သနားသွားမိသည်။ ယမင်းရှေ့တွင် ရပ်နေရသည်ပင် ကိုယ့်ကိုယ်ကိုယ် လိပ်ပြာမလုံချင်တော့။ သို့သော် သူ့နှလုံးသားကို မနေ့တစ်နေ့ကမှ ဇွတ်တိုးဝင်လာသည့် ဟေဇယ်က အပြီးအပိုင် နေရာယူသွားခဲ့ပြီ။

မတတ်နိုင်တော့။ သီဟကျော်က လေပူကို မှုတ်ထုတ်လိုက်ပြီး...

'စိတ်မကောင်းပါဘူး ယမင်းရာ၊ မေမေက ငါ့ကို အိမ်ထဲက အိမ်ပြင် ပေးမထွက်တော့ဘူးဟ။ အဲဒါကြောင့် ငါ အိမ်မှာ ကပ်နေတာပေါ့'

'ဟွန်း... ဟုတ်လား'

ယမင်းက စိတ်ပျက်လက်ပျက်ဖြစ်သွားပြီး မျက်နှာလေးပင် အိုစာသွား၏။ အိုစာသွားသော ယမင်း၏ မျက်နှာကြောင့် သီဟကျော် ရင်ထဲတွင် နင့်ခနဲ နာကျင်သွားမိသည်။

ခွင့်လွှတ်ပါ ယမင်းရယ်။ ငါ ဟေဇယ်ကို ရူးရူးမူးမူး စွဲလန်းနေမိလို့ပါ။ ထိုစကားက ပြောချင်ပေမယ့် ပြောမထွက်ခဲ့ဘဲ လည်ချောင်းဝတွင်သာ တစ်ဆို့နေခဲ့၏။

www.burmeseclassic.com



ယမင်းက

'ဒါဆိုရင်လဲ ပြီးရောလေ။ ဘယ်တတ်နိုင်ပါ့မလဲ။ ဪ... ဒါနဲ့ ဗုဒ္ဓဟူးနေ့ကြရင် ဖြူပြာရဲ့ မွေးနေ့ရှိတယ်ဟ။ အဲဒါတော့ နင်လာနိုင်တယ်မလား'

'အေးအေး... မေမေကိုပြောပြီး ငါလာခဲ့မယ်။ အဲဒီနေ့ကျမှ နင်နဲ့ ငါနဲ့ မြို့ထဲမှာ ရေခဲမုန့်သွားစားကြမယ်လေ'

'အိုကေ... ကတိနော်... နင်က အပြောင်းအလဲမြန်လွန်းလို့'

ယမင်းက သီဟကျော်၏ စကားကြောင့် ကျေနပ်သွားပြီး ရှင်မြူးသွက်လက်စွာ ပြောလိုက်၏။ သီဟကျော်က ဝင်းပသွားသော ယမင်း၏ မျက်နှာလေးကိုကြည့်ကာ ပြုံးပြလိုက်ပြီး...

'စိတ်ချ... စိတ်ချ... ကတိပေးတယ်'

'ဒါဆိုလည်းပြီးရော... ငါသွားတော့မယ်'

'အေး... အေး... တာ့... တာ'

'တာ့တာ... တာ့တာ'

ယမင်းက သူ့ကို လက်ပြနှုတ်ဆက်ပြီး ဆိုင်ကယ်ကို စက်နှိုးကာ ထွက်သွားလေ၏။ ယမင်း မြင်ကွင်းထဲမှ ပျောက်သွားမှ သီဟကျော်က သက်ပြင်းကို ချလိုက်မိတော့သည်။ ထို့နောက် ဂိုဒေါင်တံခါးကို အလျှင်အမြန်ဖွင့်လိုက်ပြီး ဆိုင်ကယ်ကိုထုတ်ကာ နိုင်ငံခြားဘာသာတက္ကသိုလ်ဘက်သို့ ဦးတည်မောင်းနှင်လိုက်တော့၏။

●



နေ့လည်ခင်း ထမင်းစားချိန် ဖြစ်သည့်အတွက်ကြောင့် နိုင်ငံခြားဘာသာတက္ကသိုလ်ဝင်းအတွင်းတွင် ကျောင်းသူကျောင်းသားများဖြင့် စည်ကားနေ၏။ သီဟကျော်က ဆိုင်ကယ်ကို ကားပါကင်ဝန်းအတွင်းထိ မောင်းလာခဲ့ပြီး ရပ်လိုက်သည်။ ထို့နောက် ဆိုင်ကယ်ကို သော့ခတ်ကာ ကျောင်းသားများရှိရာဘက်ဆီသို့ လျှောက်လာခဲ့၏။

နိုင်ငံခြားဘာသာတက္ကသိုလ်ကျောင်းဝန်းက တစ်ဧက ကျော်ကျော်လောက်သာ ကျယ်ဝန်းပြီး စာသင်ဆောင်များအောက်တွင် ကန်တင်းဆိုင်လေးရှိ၏။

သီဟကျော်က ထိုဆိုင်ထဲသို့ ဝင်လာခဲ့ပြီး စားပွဲဝိုင်းတစ်ခုတွင် ဝင်ထိုင်လိုက်သည်။

ထို့နောက် လက်ဖက်ရည်တစ်ခွက်ကို မှာလိုက်ကာ ဟေဇယ်ကို တွေ့လိုတွေ့ငြား ထိုင်စောင့်နေမိ၏။

သို့သော်... အချိန်တွေသာ တဖြည်းဖြည်း ကုန်လွန်ခဲ့သည်။ ဟေဇယ်အရိပ်အယောင်ကို မတွေ့ရ။ ကန်တင်းအတွင်းတွင်လဲ လူတွေပင် ရှင်းစပြုလာ၏။

သီဟကျော်က စောင့်ဆိုင်းနေရသည်ကို စိတ်မရှည်တော့ပေ။ တစ်ယောက်ယောက်ကို မေးကြည့်လိုက်ရင်တော့ တစ်ခုခု ထူးခြားမှာပဲလို့ တွေးလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအတွေးကြောင့် သီဟကျော်က လက်ဖက်ရည်ဖိုးကို ရှင်းကာ ဆိုင်ထဲမှ ထွက်လာခဲ့၏။ ထွက်လာခဲ့ပြီးမှ ဘယ်သူ့ကို မေးလို့မေးရမှန်း မသိဘဲ စာသင်ဆောင်ဘေးတွင် ကြောင်တောင်တောင်ဖြင့် ရပ်နေမိသေးသည်။ နောက်မှ ကျောင်းသားတစ်ယောက် သူ့ရှေ့မှ ဖြတ်လျှောက်သွားသည်ကို တွေ့လိုက်ရသဖြင့် သီဟကျော်က...

'ဟေ့... ညီလေး... ညီလေး'

အခေါ်ခံလိုက်ရသော ကောင်လေးက ရပ်ကာ သီဟကျော်ကို ကြည့်လိုက်သည်။

'ညီလေးရာ အစ်ကို အကူအညီတစ်ခုလောက် တောင်းချင်လို့ပါ။ ဒီကျောင်းမှာလေ ပြင်သစ်စာအဓိကတက်နေတဲ့ ဟေဇယ်ဆိုတဲ့ ကောင်မလေးကို သိလားမသိဘူး'

ကောင်လေးက ခဏလောက်စဉ်းစားလိုက်ပြီး...

'ဘယ် year ကလဲ အစ်ကို... '

'ဒုတိယနှစ်'

'ဟင့်အင်း... အဲဒီလိုနာမည်မျိုး ကျွန်တော် မကြားဖူးဘူးဗျ၊ ကျွန်တော်လဲ ပြင်သစ်စာ ဒုတိယနှစ်တက်နေတာပဲ'

ထိုကောင်လေး၏ စကားကြောင့် သီဟကျော် စိတ်ပျက်လက်ပျက် ဖြစ်သွားသည်။

ဘယ်လိုဖြစ်ရတာလဲ။ ဟေဇယ်ပြောတော့ သူမက ပြင်သစ်စာ ဒုတိယနှစ်တက်နေတာဆို။ သီဟကျော်က ဘာဆက်လုပ်ရမှန်း မသိတော့ဘဲ ကော်ရစ်တာတွင် ကြောင်တောင်တောင်နှင့် ရပ်နေသည်။ အတွေးထဲတွင်လည်း ဟေဇယ်နှင့် ပတ်သက်သည့် အကြောင်းအရာများကသာ စိုးမိုးနေသည်။

ငါ့ကို ဟေဇယ်က ဘာလို့ လိမ်ညာပြောရတာလဲ၊ သူ့မှာ ဘာရည်ရွယ်ချက်တွေများ ရှိလို့လဲ?





သီဟကျော်က ရင်မောစွာ တွေးလိုက်ပြီး လေးတိလေးကန် ခြေလှမ်းများဖြင့် ဆက်လျှောက်လာခဲ့သည်။ မျက်လုံးတွေကလည်း ဟေဇယ်ကို တွေ့လိုတွေ့ငြား စာသင်ခန်းများကို တစ်ခန်းပြီးတစ်ခန်း ကြည့်လာခဲ့၏။

စာသင်ခန်းများ ဆုံးသွားသည့်အခါမှာတော့ သီဟကျော်က တခြား စာသင်ခန်းမတွေဘက်သို့သွားရန် ကော်ရီတာ ထောင့်ချိုးတစ်ခုကို ချိုးကွေ့လိုက်သည်။

ထိုအချိန်မှာပင် သူ့ကို ကျောပေးရပ်နေသော မိန်းကလေး တစ်ယောက်ကို သီဟကျော် တွေ့လိုက်ရ၏။

'ဟင်... ဟေဇယ်'

အပြာရောင်အင်္ကျီနှင့် ဂျင်းဘောင်းဘီကို သီဟကျော်က ချက်ချင်း မှတ်မိသွားပြီး ဝမ်းသာအားရ အော်ခေါ်လိုက်သည်။ ထို့အပြင် ခြေလှမ်းများကလည်း အရှိန်ပြင်းပြင်းဖြင့် သူမအနားသို့ ရွေ့လျားသွား၏။ သီဟကျော် အနားသို့ ရောက်ရှိသွားသည့် အချိန်မှာပင် ကျောပေးထားသော မိန်းကလေးက နောက်သို့ လှည့်ကြည့်လိုက်လေ၏။

'ဟင်... '

သီဟကျော်၏ ခြေလှမ်းတွေ ဇက်ကြိုးဆွဲလိုက်သလို တုန့်ခနဲ ရပ်သွားသည်။

မြင်လိုက်ရသော ပုံရိပ်ကြောင့် သီဟကျော် ကြက်သီးဖြန်းဖြန်းပင် ထသွား၏။

သူ့ရှေ့တွင် ရပ်နေသော မိန်းကလေးက ဟေဇယ် မဟုတ်။ အမာရွတ်ဗရပွနှင့် မိန်းကလေး... ။

သူ့ကို မီးဝင်းဝင်းတောက်သော မျက်လုံးတွေဖြင့် ကြည့်နေသည်။ သူ့ကို မြင်လိုက်၍ ထိုမိန်းကလေးက ရှေ့သို့ ခြေတစ်လှမ်းတိုးလာသည်။



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားမှုအားလုံးက ဝိညာဉ်ဆန်လွန်းသည့်အတွက် သီဟကျော်က...

'ဘာ... ဘာ... ဘာလုပ်... မလို့လဲ'

ဟု အထစ်ထစ်အငေါ့အငေါ့ ရေရွတ်ကာ နောက်တစ်လှမ်းဆုတ်လိုက်လေသည်။

မိန်းကလေးကတော့ သူ့ကို စူးစူးရဲရဲ စိုက်ကြည့်နေဆဲ ထိုစိုက်ကြည့်နေသော မျက်ဝန်းထဲတွင် ရည်ရွယ်ချက် တစ်စုံတစ်ရာကို သီဟကျော် တွေ့လိုက်ရသည်။

ထိုအချိန်မှာပင် သူ့နောက်ကျောဘက်မှ မမျှော်လင့်ထားသော အသံတစ်သံကို သီဟကျော် ကြားလိုက်ရလေတော့၏။

■





## အခန်း (၈)

'ဟယ်... သီဟ... ဘာလုပ်နေတာတုန်း'

ထိုကြည်ရွှရွှအသံလေးကြောင့် သီဟကျော်က နောက်သို့ ချာခနဲ လှည့်လိုက်သည်။ ဟေဇယ်...။ လင်းလက်တောက်ပစွာ ပြုံးရင်း သူ့ကို စိုက်ကြည့်နေ၏။ ဒီတစ်ခါတော့ မလွဲနိုင်တော့ပေ။ သီဟကျော်က ဟေဇယ်ကို စကားပြန်မပြောနိုင်သေးဘဲ စောစောက အမာရွတ်နှင့် မိန်းကလေးကို ပြည်လှည့်ကြည့်လိုက်မိသည်။

'ဟင်...'

အမာရွတ်နှင့် မိန်းကလေးက မရှိတော့။ ပျောက်ခြင်းမလှ ပျောက်ကွယ်သွားလေပြီ။ သီဟကျော်က စောစောကမိန်းကလေး ရပ်ခဲ့သည့် နေရာကို ကြောင်ငေးကြည့်နေတုန်းမှာပင်...

'ဘာကိုများ ဒီလောက် စိတ်ဝင်တစား ကြည့်နေရတာတုန်း သီဟ၊ ဟေဇယ်ကိုလည်း စကားလေးဘာလေး ပြန်ပြောပါဦး'

ဟေဇယ်၏ စကားသံကြောင့် သီဟကျော်က သတိဝင်လာပြီး

'ဟို... ဟို... ခုနက အမာရွတ်တွေနဲ့ မိန်းကလေးကို တွေ့လိုက်သေးလား ဟေဇယ်'

ဟု ဟေဇယ်ဘက်သို့ ပြန်လှည့်လာကာ မေးလိုက်၏။ သူ့စကားကြောင့် ဟေဇယ်က မျက်လုံးများ ဝိုင်းစက်သွားကာ အံ့ဩဟန်ဖြင့်...



www.burmeseclassic.com

www.burmeseclassic.com



'ဟင့်အင်း… မတွေ့မိပါဘူး။ တို့ သီဟာကို စတွေ့တော့ သီဟာ တစ်ယောက်တည်း ရပ်နေတာကိုပဲ တွေ့တာပါ။ ဘာဖြစ်လို့လဲဟင်'

'ဩော်… ဟို… ဟို… ဘာမှမဟုတ်ပါဘူး'

သီဟကျော်က တုန့်တုန့်ယင်ယင်ဖြင့် ပြောလိုက်ရင်း ဟေဇယ့် အနားသို့ တိုးလာလိုက်သည်။ ရင်ထဲတွင် ကြောက်သွားခဲ့သော အရှိန် ကြောင့် တဒိန်းဒိန်းမြည်နေဆဲပင်။ စောစောက အမာရွတ်နှင့် မိန်းကလေး ကို ဟေဇယ်မတွေ့လိုက်ဘူးဟု အဖြေကလည်း သူ့စိတ်ထဲတွင် မတင် မကျ ဖြစ်နေသည်။

သို့သော် ထိုစိတ်တွေ အားလုံးက ရုတ်ချည်းသို့ပင် ဟေဇယ်၏ အရိပ်အငွေ့အောက်တွင် ပျောက်ကွယ်သွားလေ၏။

ဟေဇယ်က…

'တို့ကျောင်းကို ဘာလာလုပ်တာလဲ သီဟာ။ တို့ကို လာရှာတာ လား'

'အင်း… ဟုတ်တယ်။ ဟေဇယ် ပိုက်ဆံအိတ်ကို လာပေးတာ'

သီဟကျော်က ဘောင်းဘီအိတ်ကပ်ထဲမှ ပိုက်ဆံအိတ်ကိုထုတ် ကာ သူမကို ပေးလိုက်သည်။ ဟေဇယ်က ချက်ချင်းပင် ပိုက်ဆံအိတ် ကို လှမ်းယူလိုက်ပြီး…

'အို… ဟုတ်ပါရဲ့ ဒါ ဟေဇယ် ပိုက်ဆံအိတ်လေ။ စနေနေ့က သီဟာနဲ့ ရုပ်ရှင်သွားကြည့်ရင်း ကျန်ခဲ့တာထင်တယ်။ တို့လဲ အိမ်ပြန် ရောက်မှ သိတာလေ'

'အင်း ဟုတ်တယ်၊ ကိုယ်လည်း ယာဉ်ထိန်းရဲ့အရာရှိ လာပေး လို့ ရတာလေ။ အထဲမှာ ဟေဇယ်နဲ့ ပတ်သက်တဲ့ လိပ်စာတွေ ဘာတွေ များ တွေ့မလားလို့ ရှာကြည့်သေးတယ်။ ဒါပေမယ့် ပိုက်ဆံအိတ်ထဲမှာ ဘာမှမရှိဘူး'

'ခစ်… ခစ်… ခစ်'





ဟေဇယ် ချိုလှဲ့စွာ ရယ်မောလိုက်ပြီး…

'ဟုတ်တယ်… သီဟာရေ၊ သီဟာနဲ့ သွားလည်ခါနီးကျမှ ပိုက်ဆံ အိတ်အသစ် ကိုင်မယ်ဆိုပြီး ဒီပိုက်ဆံအိတ်ထဲက ဟာတွေကို လဲထည့် လိုက်တာလေ။ ပြီးတော့လည်း ယောင်ပြီး ဒီပိုက်ဆံအဟောင်းကိုပဲ ယူသွားမိတာ။ ဒါတောင် အိမ်ပြန်ရောက်လို့ ပိုက်ဆံအိတ်အသစ်ကိုတွေ့ မှ သတိရသွားတယ်လေ'

သူမ၏ စကားကြောင့် သူ သံသယဝင်ခဲ့မိသည်ကိုပင် ရှက်မိ သွား၏။ ထိုကြောင့်ပင် သီဟကျော်က ဘာမှဆက်မမေးတော့ဘဲ ရယ် ရယ်မောမောနှင့်ပင်…

'ဟေဇယ်က ဘယ်မှာနေမှန်းလဲ မသိတော့ ကိုယ်က ကျောင်း လိုက်လာတာပေါ့။ တော်သေးတယ် တွေ့လို့၊ မတွေ့များ မတွေ့ရင် သွားပြီပဲ'

သူမက သီဟကျော်ကို ပြုံးကြည့်လိုက်သည်။ ထို့နောက် လက်ထဲ တွင် ကိုင်ထားသော လက်ကိုင်ပဝါကို ဖြန့်လိုက်ကာ…

'အမှတ်တရလည်း ဖြစ်သွားအောင် တို့အိမ်လိပ်စာကို ဒီအပေါ် မှာပဲ ရေးပေးလိုက်မယ်နော်'

ဟုဆိုကာ ဘောပင်ဖြင့် လက်ကိုင်ပုဝါထောင့်စွန်းတွင် အိမ် လိပ်စာကို ရေးလိုက်၏။

သူမနှင့် ပတ်သက်ရင် အားလုံးက ရင်ခုန်စရာကိစ္စတွေကြီးပဲမို့ သီဟကျော်က ကြည်နူးစွာပင် ငေးစိုက်ကြည့်နေမိသည်။

အမှန်တကယ်လဲ သူ သူမ၏ လိပ်စာကို လိုချင်နေမိသည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် သူမက အိမ်လိပ်စာကို မတောင်းရဘဲ ပေး သည့်အပြင် လက်ကိုင်ပဝါလေးကိုပါ အဆစ်ပေး၏။

ဟေဇယ် အိမ်လိပ်စာရေးထားသော လက်ကိုင်ပဝါကို သူ့ထံ



www.burmeseclassic.com

www.burmeseclassic.com



သို့ ပေးရင်း...

'ဗုဒ္ဓဟူးနေ့ကျရင် အားလား သီဟ'

ဗုဒ္ဓဟူးနေ့ဆိုသော အသံကြောင့် သီဟကျော် တုန်လှုပ်သွား၏။ အဲဒီနေ့ကြရင် သူနဲ့ ယမင်းတို့ ဖြူပြာမွေးနေ့ကို သွားဖို့ ချိန်းထားသည်။ ပြီးရင် သူ ယမင်းကို ရေခဲမုန့်လိုက်ကျွေးဖို့ ကတိပေးထား၏။

ဒီတစ်ခါ ကတိပျက်ရင် ယမင်းကို သူဘယ်လိုဖြေရှင်းရတော့မလဲ။

ဒုက္ခပါပဲ။ ဟေဇယ်ကို တခြားရက်ပြောင်းချိန်းလိုက်ရမလား?

သီဟကျော်က ထိုအတွေးကြောင့်ပင် ဟေဇယ်ကို ကြည့်လိုက်၏။ သို့သော် ဟေဇယ်၏ ပြာလဲ့လဲ့မျက်ဝန်းတွေအောက်မှာပင် သူ့အကြံအစည်တွေက အရည်ပျော်ကျသွား၏။

သူမက...

'ဘာလဲ... မအားလို့လား... ဟင်'

'ဟာ... မဟုတ်ပါဘူး။ အားပါတယ်။ အဲဒီနေ့ကျရင် ဘယ်သွားရမလဲဆိုတာ စဉ်းစားနေလို့ပါ'

သီဟကျော်က အစိုးရိမ်လွန်စွာပင် ဟေဇယ်ကို ပြာပြာသလဲ ပြောလိုက်သည်။ တကယ်တော့ သူ ဘာကြောင့် ဟေဇယ်၏ စကားကို သဘောတူလိုက်လဲဆိုတာ သူ မစဉ်းစားတတ်တော့ပေ။

ဟေဇယ်၏ ညို့မောတ်ပြင်းပြင်း အကြည့်တွေကြောင့်လား?

ဒါမှမဟုတ် သူမ၏ စကားတိုင်းကို နာခံဖို့ သူ့နှလုံးသားက တောင်းဆိုနေပြီလား?

သေချာတာတစ်ခုကတော့ ဟေဇယ်၏ အငွေ့အသက်အောက်က သူမရုန်းထွက်နိုင်တော့ဘူးဆိုတာပင်။

သူ့အတွက် ဟေဇယ်က အရာရာပြည့်စုံလွန်းနေသည်။





သူ အိမ်ပြန်ရောက်တော့ သုံးနာရီခွဲနေပြီ။

'တော်သေးတယ်... မေမေ ပြန်မရောက်သေးဘူး'

သီဟကျော်က ခပ်တိုးတိုး ရေရွတ်လိုက်ပြီး ဆိုင်ကယ်ကို ဂိုဒေါင်ထဲသို့ထည့်ကာ အိမ်ထဲသို့ ဝင်လာခဲ့သည်။ ထို့နောက် ခေါင်းတွင် ပတ်တီးကို ပြန်စည်းလိုက်ကာ အိပ်ခန်းရှိရာသို့ တက်လာခဲ့၏။

ခြေလှမ်းတွေက သွက်လက်တက်ကြွနေသည့်အပြင် ရင်ထဲတွင်လည်း ဟေဇယ်နှင့် တွေ့ခဲ့ရသောကြောင့် ပေါ့ပါးလန်းဆန်းနေသည်။

အခန်းတံခါးကို တွန်းဖွင့်ဝင်လိုက်ကာ ခုတင်ပေါ်သို့ ခြေပစ်လက်ပစ် လှဲချလိုက်၏။ ထို့နောက် ဟေဇယ်ပေးလိုက်သော လက်ကိုင်ပဝါလေးကိုထုတ်ကာ မြတ်မြတ်နိုးနိုးဖြင့် နမ်းရှိုက်နေမိသည်။

စိတ်ကူးထဲတွင်လည်း ဗုဒ္ဓဟူးနေ့ကျရင် ဟေဇယ်နှင့် ထပ်တွေ့ခွင့်ရမည့်အရေးကြောင့် ပျော်ရွှင်နေမိ၏။ ဘာလို့များ ဒီလောက် အချိန်တွေနောက်ကျပြီးမှ ဟေဇယ်နဲ့ တွေ့ရတာလဲဟု စိတ်ထဲမှ ကံကြမ္မာကို အပြစ်တင်နေလိုက်သည်။

သို့သော် သီဟကျော်၏ ပျော်ရွှင်မှုက ကြာကြာမခံလိုက်။

'ကလင်... ကလင်... ကလင်'

သီဟကျော်က ဖုန်းကို ကောက်ကိုင်လိုက်၏။ တစ်ဖက်မှ...

'နင်သိပ်ပျော်နေလား သီဟကျော်... မကြာခင် နင်လုပ်ခဲ့တဲ့ အပြစ်တွေအတွက် နင် ပြန်ပေးဆပ်ရတော့မယ်။ ဟေဇယ်က နင့်အတွက် အာထာပါးကွက်သားဆိုတာ နင် မြဲမြဲမှတ်ထား'

ထုံးစံအတိုင်း မိန်းကလေးတစ်ယောက်၏ အသံကို ကြားလိုက်ရပြီး ဖုန်းက ကျသွားသည်။ သီဟကျော်၏ ပျော်ရွှင်နေသည့် စိတ်တွေက ထိုစကားကြောင့် တိမ်လိုလေလို လွင့်ပျယ်သွားသည်။

ငါ့ဆီကို ဖုန်းဆက်နေတဲ့ မိန်းကလေးက ဘယ်သူလဲ?



www.burmeseclassic.com

www.burmeseclassic.com



ဟို အမာရွတ်တွေနဲ့ ကောင်မလေးနဲ့ကော ဘယ်လိုပတ်သက်နေလဲ?

သင်းသီရိများ သရဲဖြစ်ပြီး ငါ့ကို လာခြောက်နေတာလား?

■





## အခန်း (၉)

ဗုဒ္ဓဟူးနေ့မတိုင်ခင် ဒီရက်များအတောအတွင်း သီဟကျော် တစ်ယောက် ဂနာမငြိမ် ဖြစ်နေသည်။ နောက်ဆုံး မနေနိုင်လွန်းသဖြင့် မင်းစိုးကို ဟေဇယ်နှင့် ချိန်းထားသည့်အကြောင်းကို ပြောပြလိုက်မိ၏။

သူ့စကားမဆုံးခင်မှာပင် မင်းစိုးက ချက်ချင်း ခါးခါးသီးသီး ဖြစ်သွားပြီး...

'ဘာ... ဒါဆို မင်းက ယမင်းနဲ့ ချိန်းထားတာကို ဖျက်လိုက်ပြီပေါ့။ ဟုတ်လား'

သီဟကျော်က ခေါင်းညိတ်ပြလိုက်သည်။

ထိုအမှုအရာကြောင့် မင်းစိုးက သီဟကျော်ကို ဒေါသတကြီး ကြည့်လိုက်ကာ လက်ထဲမှ လက်ဖက်ရည်ခွက်ကို ဒုန်းခနဲပြန်ချလိုက်သည်။

အသက်ရှူသံပင် ကျယ်လောင်လာပြီး မင်းစိုးက...

'မင်းကွာ... ယမင်းကိုလဲ စာနာပါဦး။ သူ့ခမျာ မင်းကို တကယ် ချစ်တာကွ၊ အခုမှတွေ့တဲ့ ဟေဇယ်အတွက်နဲ့ ယမင်းအပေါ် မင်း ဒီလောက် မရက်စက်သင့်ဘူး'

ဒေါသတကြီးပြောနေသော မင်းစိုးကိုကြည့်ကာ သီဟကျော် နားမလည်နိုင်အောင် ဖြစ်သွား၏။ မင်းစိုးက ယမင်းနဲ့ သွေးရင်းသားရင်း မတော်ဘဲ ဘာဖြစ်လို့ ဒီလောက်တောင် မခံမရပ်နိုင်အောင် ဖြစ်နေရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းအရင်းကြီးမို့ဆိုရင်လည်း ဒီလောက်တော့ မဖြစ်သင့်။

ထို့ကြောင့် သီဟကျော်က...

'မင်း... ဘာဖြစ်လို့ ဟေဇယ်ကို ဒီလောက် ခါးခါးသီးသီးဖြစ်နေရတာလဲ'

'ဟ... ဖြစ်တာပေါ့ကွ၊ အခုအချိန်ထိ မင်း ဟေဇယ်အကြောင်း ဘာသိသေးလို့လဲ၊ ပြဿနာတက်တော့လည်း ကိုယ်လွတ်ရုန်းပြေး။ ဘယ်ကလာ ဘယ်မှာနေမှန်း မသိဘဲနဲ့ မင်း စိတ်မှန့်သေးရဲ့လား သီဟကျော်'

သီဟကျော်ရင်ထဲတွင် နှလုံးသွေးတွေ ဆူပွက်ကုန်သည်။

လက်စသပ်တော့ မင်းစိုးက ဟေဇယ်ကို အခြေအမြစ်မရှိတဲ့ မိန်းကလေးလို့ ထင်နေတာကိုးဟု စိတ်ထဲမှ ရေရွတ်လိုက်ရင်း သီဟကျော်အံကို တင်းတင်းကြိတ်လိုက်မိ၏။

မင်းစိုးကို သက်သေပြဖို့ သူ တစ်ခုခုလုပ်မှ ဖြစ်တော့မယ်။

ထို့နောက် သူတို့စကားဝိုင်းသည် ငြိမ်သက်တိတ်ဆိတ်သွားသည်။ အတွေးကိုယ်စီဖြင့် စကားမပြောဖြစ်ကြတော့ပဲ လက်ဖက်ရည်ကိုသာ စိတ်မပါတပါဖြင့် သောက်နေကြသည်။

နောက်ဆုံး မင်းစိုးက သူ့ကိုပင် မနှုတ်ဆက်ဘဲ စိတ်ဆိုးမာန်ဆိုးဖြင့် လက်ဖက်ရည်ဆိုင်ထဲမှ ထွက်သွားလေတော့သည်။

သီဟကျော်၏ ရင်ထဲတွင် မာနလှိုင်းတံပိုးတို့က ဒေါသတကြီး အုံကြွနေ၏။

'ငါ... ဟေဇယ်ကို သွားရှာမယ်'

ထိုအတွေးနှင့်အတူ ဟေဇယ်လိပ်စာပါသော လက်ကိုင်ပဝါလေးကို ထုတ်လိုက်ကာ ရေးထားသော လိပ်စာကို ဖတ်လိုက်၏။

အမှတ် (၃၃၇) ၊ ဇီဝဇိုးလမ်း ၊ (၁၃) ရပ်ကွက်။

●





အမှတ် (၁၃) ရပ်ကွက်သည် မြို့စွန်ပိုင်းတွင် ကျသောကြောင့် ဆိုင်ကယ်နှင့်ပင် မိနစ်သုံးဆယ်ကျော်ကျော်လောက် လာရသည်။ ထို့အပြင် ဖြတ်သန်းခဲ့ရာ လမ်းတစ်လျှောက်ရှိ လမ်းဘေးဝဲယာတွင် နေရောင်တိုးမပေါက်နိုင်သည့် သစ်ပင်ကြီးများ ဝေမှိုင်းအုံ့ဆိုင်းနေသဖြင့် နေ့ခင်းအချိန်ပင် လေထုက အေးစိမ့်စိုစွတ်နေ၏။

သီဟကျော်က ဆိုင်ကယ်ကို ဖြည်းဖြည်းပင် မောင်းလာခဲ့ပြီး လမ်းနာမည်များကို ဖတ်လာခဲ့သည်။ လမ်းအားလုံးလိုလိုက ရွှေပြည်စိုးလမ်း၊ ကြိုးကြာလမ်း၊ အောင်ချင်းလမ်း စသည်ဖြင့် ငှက်နာမည်များသာ ဖြစ်ကြပြီး သူရှာနေသော ဇီဝဇိုးလမ်းကိုဖြင့် ယခုထိ မတွေ့ရသေး။

လမ်းများပေါ်တွင်လည်း လူသူကင်းရှင်းနေပြီး တစ်ရပ်ကွက်လုံးက လူမရှိသည့်လား ငြိမ်သက်တိတ်ဆိတ်နေ၏။ တစ်ချို့အိမ်တစ်လုံးတလေသာ လူသူအရိပ်အယောင် တွေ့ရသည်။

သီဟကျော်က သည်ရပ်ကွက်ကို ဖြတ်ရုံသာ ဖြတ်သွားဖူးပြီး အကျွမ်းတဝင် မရှိလှချေ။ ထို့အတွက်ကြောင့်ပင် သူရှာနေသော ဇီဝဇိုးလမ်းကို ခက်ခက်ခဲခဲ ရှာနေရ၏။

သို့သော် လမ်းတော်တော်များများကို ဖြတ်ကျော်လာသည့် အချိန်မှာ ဇီဝဇိုးလမ်းဟု ရေးထားသော လမ်းညွှန်ဆိုင်းဘုတ်ကို သူ တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



လမ်းက မြေနီလမ်းကလေးဖြစ်ပြီး တစ်လမ်းလုံးလိုလို ခြံကျယ် ဝန်းကျယ်များနှင့် တိုက်အိမ်များသာ ရှိသည်။ သီဟကျော်က ထိုလမ်း အတွင်းသို့ ဆိုင်ကယ်ကို ချိုးကွေ့ဝင်လိုက်သည်။

စိတ်ထဲတွင်လည်း ဟေဇယ်နှင့် တွေ့ရတော့မည် ဖြစ်သဖြင့် ပျော်ရွှင်နေမိသည်။

'ငါ... သူ့အိမ်ကိုလာတာ သူ့မိဘတွေက ကြိုက်မှ ကြိုက်ပါ့မလား'

ဟူသော အတွေးကလည်း သူ့ခေါင်းထဲတွင် ဝင်မိုင်းနေသည်။

လမ်း၏ ထိပ်ဆုံးအိမ်နံပါတ် ၁၀၃။ နှစ်ထပ်တိုက် တစ်လုံး ဖြစ်ပြီး တစ်အိမ်လုံးကို ဆေးအစိမ်းရောင် ဖျော့ဖျော့သုတ်ထား၏။ အိမ်ရှေ့ မြက်ခင်းပြင်အစပ်တွင် အလှဆင် ရေတံခွန်လေးတစ်ခုနှင့်အတူ အဖြူ ရောင် ဒန်းကလေးတစ်စင်းကိုလည်း ယှဉ်တွဲတွေ့ရသည်။

ထိုအိမ်နှင့် မျက်နှာချင်းဆိုင်အိမ်ကမူ အိမ်နံပါတ် ၁၀၄။

'ဒါဆို ဒီညာဘက်အခြမ်းက 'မ' ဒီဘယ်ဘက်အခြမ်းက 'စုံ'ပဲ'

ထိုအတွက်ကြောင့် သီဟကျော်က လမ်း၏ ညာဘက်အခြမ်းမှ အိမ်နံပါတ်များကို ဖတ်ကာ ဆိုင်ကယ်ကို ဖြည်းဖြည်းချင်း မောင်းလာခဲ့ သည်။ အိမ်အားလုံးလိုလိုက အိမ်ကြီးအိမ်ကောင်းတွေပင်ဖြစ်ပြီး သည် ဇီဝရိုးလမ်းကလည်း သာမန်လမ်းတွေထက် နှစ်ဆကျော်ကျော်လောက် ရှည်လျား၏။

အိမ်နံပါတ် (၂၉၀)ကျော်တော့ လမ်းက ဆုံးခါပင် နီးနေပြီ။ အခုထိ အိမ်နံပါတ် (၃၀၃) ကို မရောက်သေးပေ။ လမ်း၏ အဆုံးနား ရောက်လေလေ အိမ်တွေက ကျဲလာလေလေဖြစ်ပြီး တချို့အိမ်တွေဆိုရင် လူပင်မနေ။

သီဟကျော်က အိမ်နံပါတ်တွေကိုကြည့်ရင်း ရင်ထဲတွင် စိုးရိမ် ပူပန်လာ၏။





'ခြံနံပါတ် ၃၀၃ က ဒီလမ်းထဲမှာကော ရှိမှရှိရဲ့လား မသိဘူး'

သေချာအောင် ဟေဇယ်ပေးခဲ့သော လက်ကိုင်ပဝါလေးကို ပြန် ကြည့်လိုက်သည်။ မညီမညာလက်ရေးဖြင့် ရေးထားသည်မှာ ခြံနံပါတ် (၃၀၃)၊ ဇီဝရိုးလမ်းပင်။

သီဟကျော်က လမ်း၏အဆုံးကို လာလိုက်ကာ ဘယ်ဘက် အခြမ်းမှ ခြံနံပါတ်ကို ဖတ်ကြည့်လိုက်သည်။ ခြံနံပါတ် (၃၀၂) တဲ့။

ထိုကိန်းဂဏာန်းကြောင့် သီဟကျော် ပျော်သွားသည်။

'ဒါဆို ဒီဘက်ခြံက (၃၀၃) ပဲ'

အစ်ယောက်တည်း ရေရွတ်လိုက်ကာ လှည့်ကြည့်လိုက်၏။

'ဟင်...'

မြင်လိုက်ရသော မြင်ကွင်းကြောင့် အသက်ရှူရပ်သွားမတတ် ပင် ခံစားလိုက်ရသည်။ သူ့မျက်စိရှေ့တွင် မည်သည့်အိမ်မှ ရှိမနေပါ။ သို့သော် သူတို့မြို့၏ သင်္ချိုင်းကုန်းကတော့ သူ့ရှေ့တည့်တည့်တွင် ခြောက် ကပ်တိတ်ဆိတ်စွာ စောင့်ကြိုနေ၏။

'ဟင့်အင်း... ခြံနံပါတ် (၃၀၃)က သင်္ချိုင်းကုန်းကြီးပဲ။ မဖြစ်နိုင် ဘူး။ ဒါ ဟေဇယ်ရဲ့ အိမ်လိပ်စာ မဖြစ်နိုင်ဘူး'

သီဟကျော်က နှုတ်မှ သွေးရူးသွေးတန်းဖြင့် တရစပ် ရေရွတ် ရင်း သူ့ရှေ့မှ သင်္ချိုင်းကို မယုံကြည်နိုင်ဟန်ဖြင့် မှင်သက်ကြည့်နေမိ သည်။

တစ်ခုခုမှားယွင်းနေသည်မှာ သေချာပြီ။

သို့သော် ထိုမှားယွင်းမှုက သူလား... ဟေဇယ်လားဆိုတာကို တော့ နောက်တစ်နေ့တွင် သီဟကျော် သိလိုက်ရလေတော့၏။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

ဗုဒ္ဓဟူးနေ့။

ချိန်းထားတာ ပန်းခြံငယ်လေးရှေ့တွင် သီဟကျော် ရပ်စောင့်နေသည်။ ၁၂ နာရီတိတိတွင် ချိန်းထားသောကြောင့် မွန်းတည့်နေသည် သူ့အပေါ်တည့်တည့်မှ ပူလောင်စွာ ထိုးကျနေ၏။

သီဟကျော်၏ ရင်ထဲတွင်တော့ ထိုအပူရှိန်ထက် ပြင်းသော အပူလှိုင်းတစ်ခုက အရှိန်ပြင်းပြင်း စီးဆင်းလှည့်ပတ်နေသည်။

ဟေဇယ်။

လျှို့ဝှက်နက်နဲမှုပေါင်းများစွာဖြင့် သူ့ကို ခြောက်လှန့်နေပြီ။

မေးခွန်းများစွာတို့အတွက် အဖြေကို ဒီနေ့တော့ သူမဆီမှ မရရအောင် မေးရတော့မည်။ ထိုအတွက် ဟေဇယ်နှင့်တွေ့လျှင် အရာရာ မေ့လျော့သွားတတ်သော သူ့စိတ်ကို တင်းထားလိုက်၏။

သံချိုင်းကုန်းလိပ်စာနှင့် သူမက ဒီကမ္ဘာမြေပေါ်တွင် တကယ်ရှိသော သက်ရှိလူသားစစ်စစ်မှ ဟုတ်ရဲ့လား။

သူ့ကို ခြောက်လှန့်ဖို့ လူသားအဖြစ်ပြောင်းလဲဖန်ဆင်းထားသည့် နာနာဘာဝ တစ်ကောင်များလား။ ဒီအတွက်ကြောင့် သူမက ဘယ်သူမှ လိုက်တုလို့မရလောက်အောင် ချောမောလှပနေတာ ဖြစ်ရမယ်။

သီဟကျော်က တွေးနေရင်းနှင့်ပင် ကြောက်လန့်လာသည်။





လက်မှ နာရီကိုကြည့်လိုက်တော့ ဆယ့်နှစ်နာရီထိုးဖို့ ဆယ်မိနစ်။

သေချာမှုတစ်ခုအတွက် သူ နောက်ထပ် ဆယ်မိနစ်ဆိုသော အချိန်ကလေးတစ်ခုကိုသာ စောင့်ဆိုင်းရတော့မည်။

သီဟကျော်က အသက်ကို ခပ်ပြင်းပြင်းရှူရှိုက်လိုက်၏။

ဝန်းကျင်ရှိ လေများက သူ့ကို ငွေ့ငွေ့လေး ဖြတ်တိုက်သွားကြသည်။

နောက်ထပ် သူ သိပ်မစောင့်လိုက်ရ။ ဂျင်းဘောင်းဘီအတိုလေးနှင့် ပန်းရောင်ဖျော့ဖျော့အင်္ကျီလက်ပြတ်လေးကို ဝတ်ဆင်ထားသော သူမ။ သူ့ထံသို့ ရွေ့လျားလာနေပြီ။

အနားသို့ ရောက်လာသည့်အချိန်မှာတော့ သူမက ဆိုင်ကယ်ကို စက်သတ်လိုက်ပြီး...

'စောင့်နေတာကြာပြီလား သီဟ၊ တို့ နည်းနည်းနောက်ကျသွားတယ်'

ချိုသာကြည်ရှသော အသံလေးနှင့်အတူ ဟေဇယ်က ပြုံးရင်း ဆိုင်ကယ်ပေါ်မှ ဆင်းလိုက်၏။

စိတ်တင်းထားသည့်ကြားထဲမှပင် သီဟကျော်က သူမကို တရှိုက်မက်မက် လိုက်ကြည့်နေမိသည်။

ဟုတ်တော့လည်း ဟုတ်သည်။ ဟေဇယ်၏အလှက တော်ရုံစာဖွဲ့၍ မမီချေ။

နေရောင်တွင် တလက်လက်တောက်ပနေသော ဖြောင့်စင်းနေသည့် ဆံနွယ်စများနှင့်အပြိုင် နူးညံ့ဝင်းစိုနေသည့် အသားအရေလေးက သူ့စိတ်အာရုံကို ရုန်းမထွက်နိုင်အောင် ဖမ်းစားနေသည်။

ထို့အပြင် သူ့ကို စိုက်ကြည့်နေသော မျက်ဝန်းဝိုင်းဝိုင်းစိုစိုလေးကလည်း နှလုံးသား၏ အနက်ရှိုင်းဆုံးနေရာထိပင် ထိုးဖောက်ပြီး ကြည့်နေလားမသိ။



www.burmeseclassic.com

www.burmeseclassic.com



သွယ်လျကျစ်လစ်နေသော ကိုယ်ခန္ဓာအချိုးအဆစ်ကလည်း ပန်းပုရုပ်ကလေးအတိုင်းပင်။

ကြောင်ငေးပြီး ကြည့်နေသော သီဟကျော်ကို သူမက ပြုံးကြည့်လိုက်ပြီး...

'ဘာကြည့်တာလဲ... တို့ အရမ်းလှနေလို့လား'

'အင်း... ဟေဇယ်က အရမ်းလှတာပဲ'

'ခစ်... ခစ်... ခစ်... ဟုတ်လား။ တို့က ကိုယ့်ကိုကိုယ် ရုပ်ဆိုးတယ်လို့ ထင်နေတာ'

ကြည်ရွှရွှအသံလေးဖြင့် ရယ်မောလိုက်ပြီး သူမက နှိမ့်ချစွာ ပြောလိုက်၏။ တသိမ့်သိမ့်လှုပ်ခါယမ်းသွားသော ခန္ဓာကိုယ်လေးနှင့်အတူ ဆံစလေးတွေ ဝဲလွင့်သွားသည်။

သီဟကျော်က ရှေ့သို့တိုးကပ်လိုက်ပြီး...

'ကိုယ်... မနေ့က ဟေဇယ်တို့ လမ်းထဲကို လာသေးတယ်'

'ဟင်... ဟုတ်လား၊ ဘာလာလုပ်တာလဲ... သီဟ'

'ဟေဇယ်ကို လာရှာတာ၊ ဘာမှတော့ ထွေထွေထူးထူးမရှိပါဘူး။ ဟေဇယ့်အိမ်ကို သိချင်ရုံ သက်သက်ပါ'

ဟေဇယ်၏ မျက်နှာက နည်းနည်းတင်းမာသွားသည်။ သီဟကျော်ပင် စိတ်ဆိုးသွားပြီလားဟူသော စိတ်ကြောင့် စိုးရိမ်သွားမိ၏။

သို့သော်... ပြောလက်စနှင့် မထူးတော့ဘူး ဆိုသည့် အတွေးဖြင့်...

'ဟေဇယ်ပေးထားတဲ့ ခြံနံပါတ် (၃၀၃) က အိမ်လည်းမရှိဘူး။ ပြီးတော့ အဲဒီနေရာက သင်္ချိုင်းကုန်းကြီး'

'ဟုတ်လား... ခစ်... ခစ်... ခစ်'

သီဟကျော်၏ စကားကြောင့် ဟေဇယ်က ခန္ဓာကိုယ်လေး တသိမ့်သိမ့်လှုပ်ခါသွားသည်အထိ ရယ်မောနေသည်။

သီဟကျော်ပင် သဘောကျစွာ ရယ်မောနေသော သူမကိုကြည့်





ကာ စဉ်းစားရခက်သွား၏။ ဒါ... ဘာရယ်စရာပါလို့လဲ။ သူ့လျှို့ဝှက်ချက်ကို သိသွားလို့များ ငါ့ကို ဟားတိုက်ရယ်နေတာလား။

သီဟကျော်က ကြောင်တောင်တောင်ဖြင့် သူမကို ကြည့်နေမိသည်။

သူမကပင် ရယ်သံစွက်သော အသံဖြင့်...

'ဖြစ်မှဖြစ်ရလေ... သီဟရယ်၊ တို့ရဲ့ ခြံနံပါတ်က (၁၀၃)ပါ (၃၀၃) မဟုတ်ပါဘူး။ သီဟ တို့ရဲ့လက်ရေးကို သေသေချာချာ မဖတ်လို့ပါ'

ဟေဇယ်၏ စကားကြောင့် သီဟကျော် ပြူးတူးပြာတာ ဖြစ်သွားသည်။

တပြိုင်နက်ထဲလိုလိုလဲ ဟေဇယ်ပေးထားသော လက်ကိုင်ပဝါလေးကို ထုတ်ယူကြည့်လိုက်၏။

ဟုတ်ပါရဲ့။ '၁' ဆိုသည့်နေရာမှ မှင်ပြန့်ပြီး အစလေးထွက်ကာ '၃' လိုလို ဘာလိုလို ဖြစ်နေသည်။

သီဟကျော်က ကိုယ့်ကိုကိုယ် ဒေါသထွက်သွားမိသည်။

ကိုယ့်ဘာသာကိုယ် မျက်စိလျှမ်းပြီး သူများကို ယုံထင်ကြောင်ထင် ဖြစ်နေရတယ်လို့။ ထို ပေါ့ပေါ့ဆဆဖတ်ပြီး မှားယွင်းမှုကြောင့် သူ တစ်ရက်လုံးလုံး နာကျင်ကြေကွဲခဲ့ရသည်။

အခုတော့ သူ၏ သံသယစိတ်တွေက အငွေ့ပျံ ပျောက်ကွယ်သွားလေပြီ။

ထင်ရာရမ်းသမ်းပြီး လျှောက်တွေးခဲ့မိသည့် သူ့ရဲ့စိတ်ကို မုန်းတီးသွားမိသည်။ ဟေဇယ်က...

'တို့ရဲ့အိမ်က လမ်းထိပ်မှာတင်လေ'

'ဪ... ဟို... ရေတံခွန်လေးဘေးမှာ ဒန်းလေးရှိတဲ့ အိမ်လား'

'ဟင်း... ဟင်း... အခုမှပဲ မှန်သွားတော့တယ်'



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း… ကံကြမ္မာက ငါ့ကို အိမ်ရှေ့တည့်တည့်ပို့ပေးတာကို ငါ ဘာလို့ လွဲချော်ရတာလဲ။ သီဟကျော်က အခုမှပင် ပြုံးနိုင်ရယ်နိုင်တော့ပြီး…

'ဟေဇယ်… ကိုယ့်အိမ်ကို လိုက်ခဲ့မလား။ အိမ်မှာ တစ်ခုခုစားရင်း စကားပြောကြတာပေါ့'

'အင်း… ကောင်းသားပဲ။ သီဟတို့အိမ်ကိုလည်း ရောက်ဖူးသွားတာပေါ့'

■





## အခန်း (၁၁)

အိမ်တွင် မိခင်ဖြစ်သူ ဒေါ်သူဇာမရှိသဖြင့် သီဟကျော်တို့နှစ်ယောက် လွတ်လပ်ပျော်ရွှင်နေကြ၏။ ဗီဒီရို ဇာတ်ကားတွေကို တစ်ကားပြီးတစ်ကား ထိုးကြည့်လိုက်။ သီချင်းနားထောင်လိုက်။ မုန့်တစ်မျိုးပြီးတစ်မျိုး စားလိုက်နှင့် အဆင်ပြေနေကြသည်။

အခုပင် ကတ်ဆက်မှ ဖွင့်ထားသော သီချင်းတစ်ပုဒ်ကို သံပြိုင်လိုက်ဆိုရင်း သီချင်းက ဆုံးသွားသဖြင့် သူတို့နှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ရယ်မောမိလိုက်ကြသည်။

ဟေဇယ်က အားရအောင်ရယ်ပြီးသည့်နောက်…

'ဒီနေ့ ပျော်စရာကောင်းတယ်နော် သီဟ…၊ တို့ သီဟရှိရင် ပျော်တယ် သိလား'

သီဟကျော်က သူမစကားကြောင့် ကျေနပ်သွားသည်။

'ကိုယ်လည်း အတူတူပါပဲ၊ ဟေဇယ်ရယ် ဟေဇယ်ကို ရှာမတွေ့တုန်းကဆို ကိုယ် အရူးတစ်ပိုင်းကြီးကို ဖြစ်နေတာ'

'ဒါတော့ ပိုပြီထင်တယ် သီဟ'

မဲ့မဲ့ရွဲ့ရွဲ့နှင့် ပြောလိုက်သော အမူအရာလေးကြောင့် သီဟကျော် ရယ်မောမိလိုက်ပြီး ပြန်ပြောရန် ပြင်လိုက်စဉ်မှာပင်…

'ကလင်… ကလင်… ကလင်'



www.burmeseclassic.com

www.burmeseclassic.com



အရေးကောင်း ဒိန်းဒေါင်းကမျက်ဆိုသလို တယ်လီဖုန်းက မြည်လာသည်။ မေမေများ ဆက်တာလားမသိဘူးဟု တွေးလိုက်ရင်း…

'ဟဲလို…'

'ဟဲလို… သားလား… ဖေဖေပါ'

တစ်ဖက်မှ ဖခင်ဖြစ်သူ၏ အသံကြောင့် သီဟကျော် မျက်လုံးပြူး သွားသည်။ ချက်ချင်း ပျာပျာသလဲ လေသံဖြင့်…

'ဟုတ်ကဲ့… ပြောပါ… ဖေဖေ… သားနားထောင်နေပါတယ်'

'သြော်… အေးအေး… ဘာမှတော့ မဟုတ်ပါဘူးကွယ်။ သား မေမေကို ပြောလိုက်ပါဦး ဖေဖေ မနက်ကျရင် ပြန်လာမယ်လို့။ ရန်ကုန်မှာက ဖေဖေ့အလုပ်ကိစ္စတွေ ပြီးသွားပြီလေ။ သားတို့ရော နေကောင်းကြတယ်မလား…'

'ဟုတ်… ဟုတ်ကဲ့… ကောင်းပါတယ်… ဖေဖေ'

'အေးအေး… ဒါဆိုလဲ ဖေဖေ ဖုန်းချလိုက်တော့မယ်'

သီဟကျော်က ဖုန်းကိုချလိုက်ရင်း သက်ပြင်းကို မှုတ်လိုက်မိသည်။ ဖေဖေပြန်လာရင် သူ အခုလို လွတ်လွတ်လပ်လပ် သွားလာလို့ ရတော့မှာမဟုတ်။ ထို့အပြင် မေမေကလည်း အိမ်မှာ အမြဲရှိသွားသဖြင့် သူ့ကို မျက်စိဒေါက်ထောက် ကြည့်နေတော့မည်။

ဟေဇယ်က ငူငူငိုင်ငိုင်ဖြစ်နေသော သီဟကျော်ကိုကြည့်ကာ…

'သီဟအဖေ ဆက်တာလား… ဘာလဲ သီဟကို ဆူလိုက်လို့ မျက်နှာက မသာမယာ ဖြစ်သွားတာလား'

'ဟင့်အင်း…'

သီဟကျော်က ခေါင်းခါပြလိုက်ရင်း ဟေဇယ်ဘေးတွင် ဝင်ထိုင်လိုက်သည်။ သူမက သီဟကျော်၏လက်ကို ညင်ညင်သာသာ ဆုပ်ကိုင်လိုက်ပြီး…

'ဒါဆိုလည်း ဘာဖြစ်လို့လဲ၊ မျက်နှာက ဆူပုပ်နေရတာလဲ။ အဲဒီလိုမျိုးကြီး မနေပါနဲ့ သီဟရယ်။ အဖိုးကြီးကျနေတာပဲ'

သီဟကျော်က သူမကျေနပ်အောင် ပြုံးလိုက်သည်။ ထို့နောက် သူမဘက်သို့ မျက်နှာမူလိုက်ကာ…

'ဖေဖေပြန်လာရင် ကိုယ်က အပြင်ထွက်ဖို့ သိပ်မလွယ်တော့ဘူး။ ဒါဆို ဟေဇယ်နဲ့ ကိုယ်နဲ့လည်း မတွေ့ရတော့ဘူး။ မနက်ဖြန်ဆို ဖေဖေက ပြန်လာတော့မှာလေ။ ဒါကြောင့် ကိုယ် စိတ်ညစ်သွားတာပေါ့'

'ဒါများ… သီဟရယ်၊ လူချင်းမတွေ့ရရင် ဖုန်းနဲ့ ဆက်သွယ်မှာပေါ့။ ဟေဇယ်အိမ်က ဖုန်းကတော့ လောလောဆယ် ပျက်နေတယ် သီဟရဲ့။ ဖုန်းနံပါတ် ဟေဇယ့်ကို ပေးထားလေ။ တို့ သတိရရင် ဆက်မှာပေါ့'

ဟုတ်သားပဲ ငါ ဒါကို ဘာလို့မေ့နေရတာလဲ။ တကယ်ဆို သူမတောင်းခင်ကတည်းက ငါပေးထားခဲ့ရမှာ။

သီဟကျော်က ကမန်းကတန်း စာရွက်အလွတ်တစ်ရွက် ယူလိုက်ကာ ဖုန်းနံပါတ်ကို ရေးပေးလိုက်လေသည်။

ဟေဇယ်က သူပေးလိုက်သော ဖုန်းနံပါတ်ကိုကြည့်ကာ အလွတ်ရအောင် ကျက်နေ၏။ ထို့နောက် သူမက နံရံမှနာရီကို လှမ်းကြည့်ကာ…

'ဟင်… သုံးနာရီတောင် ခွဲနေပြီ… လေးနာရီလောက်ဆို တို့ ပြန်မယ်နော်… မေမေကို အဲဒီအချိန်လောက် ပြန်လာမယ် ပြောထားတာ'

'ဟုတ်လား… ဒါဆိုရင်လဲ ခဏလောက်နေပြီးရင် ကိုယ်လိုက်ပို့ပေးမယ်လေ။ နေဦး… နေဦး… ဒါဆိုရင် ပန်းသီးစားပြီးမှပြန်။ ကိုယ် ဟေဇယ့်ကို ပန်းသီးကျွေးမယ်ဆိုပြီး မေ့နေတာ'

သီဟကျော်က ပြောပြောဆိုဆိုနှင့် ရေခဲသေတ္တာဆီသို့ ထသွားကာ ပန်းသီးနှစ်လုံးကို ယူလာခဲ့သည်။ ထို့နောက် တစ်လုံးကို ဟေဇယ်ထံသို့ လှမ်းပေးလိုက်ပြီး…







www.burmeseclassic.com

www.burmeseclassic.com



'ပန်းသီးဆိုတာ အချစ်ရဲ့ သင်္ကေတပဲလေ'

'ဘယ်သူပြောလဲ'

'ကိုယ်ပြောတာပေါ့'

သီဟကျော်၏ စကားကြောင့် သူမက ခပ်ဟဟလေး ရယ်လိုက်သည်။ ထို့နောက် လက်ထဲမှ ပန်းသီးကို ဟိုလှည့်ဒီလှည့်ကြည့်နေရင်း...

'ဟေမယ်က ပန်းသီးကို အခွံနွှာစားရမှာကြိုက်တာ၊ ဓားသွားယူလိုက်လေ၊ သီဟ ပန်းသီးကိုပါ အခွံနွှာပေးမယ်'

'ဟုတ်...'

သီဟကျော်က ပြောင်ချော်ချော်မျက်နှာဖြင့်ပြောရင်း မီးဖိုချောင်ထဲသို့သွားကာ ဓားယူလာလိုက်သည်။ ထို့နောက် ဟေမယ်ကို လှမ်းပေးလိုက်ပြီး စိတ်ရှည်လက်ရှည်နှင့် ပန်းသီးအခွံနွှာနေသော သူမကို စိတ်ဝင်တစား ကြည့်နေ၏။

ထိုအချိန်မှာပင်...

'တီ... တီ'

အိမ်ရှေ့မှ လူခေါ်ဘဲလ်သံကြောင့် သီဟကျော်က ပြတင်းပေါက်နားသို့ ပြေးသွားလိုက်ပြီး လိုက်ကာစကို ဖယ်ကြည့်လိုက်သည်။

'ဟင်... ယမင်း'

အလန့်တကြား ရေရွတ်လိုက်သော အသံနှင့်အတူ လက်ထဲမှ လိုက်ကာစက ပြန်လျော့ကျသွား၏။

သွားပြီ။ ပြဿနာတော့ တက်တော့မယ် ထင်တယ်။

သီဟကျော်က ဟေမယ့်ကို လှမ်းကြည့်လိုက်သည်။ ဟေမယ်က သူ့ကို မျက်လုံးဝိုင်းလေးဖြင့် ပြန်ကြည့်နေ၏။

သီဟကျော်က...

'ဟို...ဟို... ဟေမယ်... ကိုယ့်အခန်းထဲမှာ ခဏလောက် ဝင်နေပေးပါနော်'





'ဟင်... ဘာဖြစ်လို့လဲ'

'နောက်မှ ကိုယ်ရှင်းပြမယ်ကွာ... နော်... ဟေမယ်နော်'

သီဟကျော်က ဟေမယ့်ကို ချော့ချော့မော့မော့ဖြင့် ပြောနေသည်။

ထိုအချိန်မှာပင် အိမ်ရှေ့တံခါးကို တဒုန်းဒုန်းထုရိုက်နေသံနှင့်အတူ

'သီဟကျော်... တံခါးဖွင့်။ နင်... အထဲမှာ ဘယ်သူနဲ့ စကားပြောနေတာလဲ။ ငါ... ယမင်းပါ'

သီဟကျော်၏ မျက်နှာက ကွက်ခနဲပျက်သွား၏။ ဟေမယ်က လက်တစ်ဖက်တွင် ပန်းသီးကို ကိုင်ထားပြီး အခြားလက်တစ်ဖက်တွင် ဓားကိုကိုင်ကာ ကြောင်ပြီး ရပ်နေလေသည်။

အပြင်ဘက်မှ ယမင်းကလည်း တံခါးကို တဒုန်းဒုန်းထုလျက်။

ရုတ်တရက်မို့ သီဟကျော် ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိတော့။

ယမင်းနဲ့ ဟေမယ်ကို ပေးတွေ့လို့မဖြစ်ဘူး။ ယမင်း ငါ့ကို စိတ်ဆိုးပြီး လာရှာတာဖြစ်မယ်ဟုတွေးရင်း သီဟကျော်က...

'လာ... လာ... ဟေမယ်၊ အပေါ်ထပ်မှာ သွားပုန်းနေ'

ပြောပြောဆိုဆိုဖြင့် ဟေမယ်လက်ကိုဆွဲကာ အပေါ်ထပ်သို့ တက်ရန် ခြေလှမ်းပြင်လိုက်သည်။ ထိုကမူးရှူးထိုးလုပ်ရပ်ကြောင့်...

'အို...'

'အား!!!'

'ဝုန်း...'

အရှိန်နှင့် ဆွဲခေါ်လိုက်သဖြင့် ဟေမယ်က ဟန်ချက်ပျက်ကာ သီဟကျော်ပေါ်သို့ ပြိုလဲကျသွားလေသည်။ တစ်ပြိုင်နက်ထဲမှာပင် လက်ထဲမှဓားက သီဟကျော်၏ ရင်ဝကို ထိုးစိုက်နစ်ဝင်သွားတော့၏။

လဲပြိုကျသံတွေနှင့်အတူ သီဟကျော်၏ နာကျင်စွာအော်လိုက်သော အသံက တစ်ခန်းလုံး ဟိန်းထွက်ကျယ်လောင်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆက်တည်းမှာပင်...

'အို... ကယ်ကြပါဦး... ကယ်ကြပါဦး... သီဟ သေပြီလား မသိဘူး'

ဟေဇယ်က သွေးအိုင်ထဲတွင် လဲနေသော သီဟကျော်ကို ကြည့်ကာ ကြောက်လန့်တကြား အော်ဟစ်လိုက်သည်။ ထိုအော်ဟစ်လိုက်သော အသံကြောင့် အပြင်ဘက်တွင် တံခါးကို တဒုန်းဒုန်းထုနေသော ယမင်းက စိုးရိမ်တကြီးဖြင့်...

'ဘာဖြစ်နေတာလဲ... တံခါးအမြန်ဖွင့်စမ်း... သီဟကျော်... သီဟကျော်'

'ဒုန်း... ဒုန်း... ဒုန်း'

ဟေဇယ်က ရုတ်တရက် ထူပူသွားပြီး တံခါးကို ပြေးဖွင့်ပေးလိုက်သည်။

'ဟင်... သီဟကျော်'

ယမင်းက အလန့်တကြား ရေရွတ်လိုက်ရင်း သွေးအိုင်ထဲတွင် လဲကျနေသော သီဟကျော်ထံ ပြေးသွားလိုက်သည်။ ဟေဇယ်က လက်ထဲတွင် သွေးစွန်းနေသော ဓားကို ကိုင်ထားရင်း သွေးပျက်ထိတ်လန့်စွာ မှင်သက်ရပ်ကြည့်နေ၏။

ယမင်းက သူမကို လှမ်းကြည့်လိုက်ပြီး...

'နင်ဘယ်သူလဲ... ဘာလို့ သီဟကျော်ကို သတ်လိုက်တာလဲ'

'ဟင့်အင်း... ငါသတ်လိုက်တာ မဟုတ်ဘူး... မဟုတ်ဘူး'

ဟေဇယ်က သွေးရူးသွေးတန်းဖြင့်ပြောရင်း လက်ထဲတွင် ဆုပ်ကိုင်ထားသော ဓားကို ကြမ်းပြင်ပေါ်သို့ လွှတ်ချမိလိုက်တော့သည်။

■





## အခန်း (၁၂)

ဆေးရုံနံရံများက အစိမ်းရောင်ဖျော့ဖျော့ သန်းနေကြသည်။ ဆရာဝန်များ၏ ဂျူတီကုတ်အဖြူရောင်၊ ခွဲစိတ်ခန်းဝတ်စုံ အစိမ်းရောင်၊ သွေးပုလင်း အနီရောင်...

အရောင်တွေအားလုံးက ရောထွေးကာ သူ့မျက်စိထဲမှာ ဝေဝါးနေကြသည်။ သီဟကျော်က အားတင်းကာ မျက်လုံးကို ဖွင့်ကြည့်လိုက်သည်။ သို့သော်... အမြင်အာရုံတွေက ဝေဝါးနေဆဲ။ ခေါင်းကို ခါရမ်းလိုက်သော်လည်း ဝေဝါးနေသော အမြင်အာရုံတွေက လွင့်ပြယ်မသွား။

နားထဲတွင် တရှုံ့ရှုံ့ငိုကြွေးနေသော အသံတစ်သံကို ကြားနေရသည်၊ သူ့ခုတင်ခြေရင်းမှ သီဟကျော်က အသာကဲကြည့်လိုက်သည်။ ဝေဝါးနေသည့် အမြင်အာရုံထဲမှာပင် လူနာခုတင်ခြေရင်းတွင် ထိုင်ရင်း တရှုံ့ရှုံ့ငိုကြွေးနေသော မိခင်ဖြစ်သူကို တွေ့လိုက်ရသည်။

ထို့ကြောင့် သီဟကျော်က...

'မေမေ'

'ဟင်... သားသတိရလာပြီလား'

မိခင်ဖြစ်သူက ဝမ်းသာအားရပြောလိုက်ကာ သီဟကျော်အနားသို့ ကပ်လာသည်။ သီဟကျော်က အနားသို့ တိုးကပ်လာသော မိခင်ဖြစ်သူ ဒေါ်သူဇာကို ကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သူဇာ၏ မျက်လုံးတွေက အချိန်အတော်ကြာ ငိုထားလို့ ထင်သည်။ နီရဲ မို့မောက်နေ၏။ ဒေါ်သူဇာကပင်...

'သား... ဘယ်လိုနေသေးလဲ။ သားကိုကုပေးတဲ့ ဆရာဝန်ကြီး ပြောတာတော့ သားရဲ့ အခြေအနေက စိတ်ချရပါပြီတဲ့'

သီဟကျော်က ပြုံးရုံသာ ပြန်ပြုံးပြလိုက်သည်။ သူ့အတွက် မေမေ အရမ်းစိတ်ပူနေရသည်ကို စိတ်မကောင်းဖြစ်မိသွား၏။ မေမေက သူ ရိုးရိုးတန်းတန်းဖျားရင်ပင် နေစရာနေရာမရှိလောက်အောင် ထိတ်ထိတ် ပျာပျာ ဖြစ်တတ်သည်ကို သူသိထားသည်။

'တော်သေးတယ်... သားရယ်၊ ဓားဒဏ်ရာက နှလုံးကိုမထိဘဲ ဘေးကို ချော်ထွက်သွားလို့၊ သား ဘာမှအားမငယ်နဲ့နော်။ ဖေဖေလည်း ရန်ကုန်ကနေ ပြန်ရောက်လာပြီ'

သူ့လက်ကို ဖွဖွဆုပ်ကိုင်ထားရင်း အားပေးနေသော မိခင်ဖြစ်သူ ကိုကြည့်ပြီး...

သီဟကျော် မျက်ရည်တွေပင် ဝဲသွားမိသည်။ 'သား ဘာလို့ အားငယ်ရမှာလဲ မေမေ' ဟု ပြောလိုက်မိ၏။

မေမေက သူ့ခန္ဓာကိုယ်ပေါ်တွင် ခြုံလွှမ်းထားသော စောင်ပါး လေးကို လုံအောင် ဆွဲစေ့ပေးရင်း...

'သား ဖေဖေကို မေမေ ဖုန်းဆက်လိုက်ဦးမယ်နော်။ သား ပြန် သတိရလာပြီဆိုတာ သားဖေဖေသိရင် ဝမ်းသာသွားမှာ။ သား ခဏ လေး လှဲနေဦးနော်'

ဟုဆိုကာ ဆေးရုံအခန်းအပြင်ဘက်သို့ ခပ်သုတ်သုတ် ထွက် သွားသည်။

သီဟကျော်က ထွက်သွားသော မိခင်ဖြစ်သူရဲ့ ကျောပြင်ကို ကြည့်ရင်း လေးလေးကန်ကန်ဖြင့် သက်ပြင်းကို ချလိုက်မိသည်။ ထို့ နောက် ပြီးခဲ့သော အဖြစ်အပျက်တွေကို ပြန်စဉ်းစားကြည့်လိုက်သည်။





ထိုအဖြစ်အပျက်တွေက သူ့ခေါင်းထဲတွင် ရုပ်ရှင်ကားတစ်ကား ကို ကြည့်နေရသလို ပြန်ပေါ်လာသည်။ ပထမ ပန်းသီးအခွံနွှာနေသည့် ဟေဇယ်၏ မျက်နှာ၊ ဒုတိယ ယမင်း၏ တံခါးလာခေါက်သည့်အသံ၊ နောက်... သူ့ရင်ဝကို စိုက်ဝင်လာသည့် ဓားတစ်ချောင်း...

အဲသည်နောက် ဘာတွေ ဆက်ဖြစ်ကြသလဲ?

သူ အလွန်သိချင်သွားသည်။ အထူးသဖြင့် ဟေဇယ်နှင့် ယမင်း တို့ ဘာတွေဆက်ဖြစ်ကြမလဲ ဆိုတာကိုပင်။ ကျိန်းသေတာတစ်ခုက ယမင်းနှင့် ဟေဇယ်တို့ မတွေ့ဆုံဘဲနေမည်မဟုတ်။ ဒါဆိုရင် အကြောင်း စုံကို သူတို့ သိသွားကြပြီပေါ့။

ဘုရား... ဘုရား... ငါ့ကို ဟေဇယ်များ စိတ်နာသွားပြီလား? ယမင်းကော ငါ့ကို မုန်းသွားပြီလား? ထိုအတွေးကြောင့် သီဟကျော် တုန်လှုပ်ချောက်ချားသွားသည်။

တကယ်တော့ ဒီလိုရက်တွေကို တစ်နေ့နေ့ တစ်ချိန်ချိန်မှာ မလွဲ မသွေ ကြုံရမယ်မှန်း သိထားပေမယ့် အခုလိုမျိုးတော့ စောစောစီးစီး မကြုံချင်သေးပေ။ အခုပင် သူတော်တော် စိတ်ပင်ပန်းနွမ်းနယ်နေပြီ။

ထိုတွေးနေစဉ်မှာပင်...

'ရှပ်... ရှပ်... ရှပ်'

ခြေသံတစ်ခု သူ့နားစည်ဝသို့ တိုးဝင်လာသည်။

'ဟင်... မေမေ ဖုန်းသွားဆက်တာ မြန်လှချည်လား'

သူက ခပ်တိုးတိုးရေရွတ်လိုက်ရင်း အသာပြန်မှိန်းနေလိုက်၏။

ခြေသံတွေက တဖြည်းဖြည်းကျယ်လာပြီး... နောက်... လုံးဝ တိတ်ဆိတ်သွားသည်။

တပြိုင်နက်လိုလို သူခုတင်ခြေရင်းတွင် တစ်စုံတစ်ယောက် ရောက်လာသည်ကို ခံစားသိရှိလိုက်ရသည်။

သီဟကျော်က မျက်လုံးကို ဖွင့်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟင်...'

နှလုံးသားထဲမှ ကြောက်ရွံ့တုန်လှုပ်သွားသည့် စိတ်နှင့်အတူ အံ့ဩ ထိတ်လန့်သွားသည့် စိတ်တို့က ရောပြွန်းထွက်ပေါ်သွားသည်။ သူ့ခုတင် ခြေရင်းတွင်တော့...

စူးစူးရဲရဲ စိုက်ကြည့်နေသော မိန်းကလေးတစ်ယောက်။

ပို၍ တိတိပပပြောရလျှင် သူ့ကို လိုက်လံခြောက်လှန့်နေသည့် အမာရွတ်ဗရပွနှင့် မိန်းကလေး။ ဆံချည်မျှင် တစ်မျှင်စာပင် လှုပ်ရှားမှု မရှိဘဲ သူ့ကို ရပ်ကြည့်နေသည်။ သီဟကျော်က အသက်ရှူရပ်မတတ် ကြောက်လန့်သွားသည့်စိတ်ကြောင့် ဆန့်တန်းထားသော ခြေအစုံကိုပင် အနည်းငယ် ပြန်ရုတ်လိုက်မိသည်။

ခုတင်ခြေရင်းမှ အမာရွတ်တွေနှင့် မိန်းကလေးက...

'ကဲ... သီဟကျော် နင့်အပြစ်တွေကို ဆေးကြောဖို့ အချိန်ရောက်ပြီ'

ခြောက်ကပ်ရင့်သီးစွာ ပြောလိုက်သော ထိုမိန်းကလေး၏ အသံက သူ့နားထဲတွင် သေမင်းအချက်ပေးခေါင်းလောင်းသံပမာပင်။

'ဟင်... နင်... နင်... ငါ့... ငါ့ကို... ဘာလုပ်မလို့လဲ'

တုန်တုန်ယင်ယင်ဖြင့်ပြောရင်း သီဟကျော်က ထိုမိန်းကလေးကို သွေးပျက်ထိတ်လန့်စွာ ကြည့်လိုက်သည်။ ကြည့်နေစဉ်မှာပင် ထိုမိန်း ကလေး၏ စူးရဲရဲမျက်လုံးတွေက ပိုပြီး ခက်ထန်လာ၏။ ရုပ်လုံးမပေါ် တော့သည့် နှုတ်ခမ်းအစုံကလည်း ရက်စက်နာကျင်စွာ...

သူ့အနားသို့ တဖြည်းဖြည်းတိုးကပ်လာလေသည်။

'မ... မ... လုပ်... လုပ်နဲ့'

သီဟကျော်က သွေးရူးသွေးတန်းဖြင့် အော်ဟစ်တောင်းပန်နေ ရသည်။ သို့သော် နောက်ဆုံးတွင်တော့ ထိုမိန်းကလေး သူ့အနားသို့





တိုးကပ်လာသည်နှင့်အမျှ ပြုဆင်းလာသော ကြောက်စိတ်တို့ကို သည်း ခံနိုင်စွမ်းအား မရှိတော့ဘဲ...

'အား!!!'

ဟုသာ အာခေါင်ခြစ်၍ အော်လိုက်တော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

'သား... သား... ဘာဖြစ်တာလဲ... ဘာဖြစ်တာလဲ'

အခန်းထဲသို့ မိခင်ဖြစ်သူက စိုးရိမ်တကြီး အော်ဟစ်ရင်း ပြေးဝင်လာသည်။ သူမ၏ နောက်မှလည်း တာဝန်ကျ သူနာပြုဆရာမတစ်ယောက်နှင့်အတူ ဆရာဝန်တစ်ယောက်ပါ ပါလာကြ၏။

သီဟကျော်ကတော့ မျက်လုံးကို စုံမှိတ်ထားလျက် သွေးရူးသွေးတန်းဖြင့် အော်ဟစ်နေဆဲ။ မိခင်ဖြစ်သူ၏ အသံကို ကြားလိုက်ရမှ မရဲတရဲဖြင့် မျက်လုံးကို ဖွင့်ကြည့်လာသည်။

ထို့နောက် ထိတ်လန့်နေသည့် လေသံဖြင့်...

'မေမေ... မေမေ'

ဟုခေါ်ကာ မိခင်ဖြစ်သူ၏ လက်ကို အားကိုးတကြီးဖြင့် ဆုပ်ကိုင်ထားလိုက်၏။ ဒေါ်သူဇာက ချွေးများပျံနေသော သားဖြစ်သူကို ကြည့်ကာ ငိုရှိုက်လိုက်ရင်း...

'သား... မေမေတို့ရှိတယ်လေ... ဘာဖြစ်လို့လဲ'

'အစ်မကြီး လူနာကို ခဏလောက် စကားမပြောဘဲ အနားယူနိုင်းလိုက်ပါဦး၊ သူရထားတဲ့ ဒဏ်ရာအရှိန်ကြောင့် ဖျားပြီး ကယောင်ကတမ်းတွေ ဖြစ်နေတာပါ'

ဆရာဝန်က ဝင်ပြောလိုက်ပြီး ဘေးနားမှ သူနာပြုဆရာမဘက်





သို့ လှည့်ကာ...

'ဆရာမ လူနာကို အိပ်ဆေးတစ်လုံးလောက် ထိုးပေးလိုက်ပါ'

'ဟုတ်ကဲ့... ဆရာ'

ဆရာဝန်က သူ့ကို ကြင်နာစွာကြည့်လိုက်ကာ...

'ကဲ... ကဲ... သား... အနားယူလိုက်ဦးနော်၊ ဒါမှ အားမြန်မြန်ပြည့်ပြီး ဆေးရုံက မြန်မြန်ဆင်းရမှာ'

သီဟကျော်က သူ့ကို ဂရုတစိုက်ပြောဆိုနေသော ဆရာဝန်ကို ကျေးဇူးတင်စွာ ပြုံးပြလိုက်သည်။ သို့သော်... စိတ်ထဲကတော့ 'ဆရာရယ် ကျွန်တော် ကယောင်ကတမ်းဖြစ်နေတာ မဟုတ်ပါဘူး၊ ကျွန်တော်မျက်စိနဲ့ တပ်အပ်မြင်လိုက်ရတာပါ' ဟု ပြောလိုက်မိတော့သည်။ ထို့နောက် သူနာပြုဆရာမထိုးပေးသည့် အိပ်ဆေးအရှိန်ကြောင့် သူ့မျက်ခွံတွေ လေးလံလာပြီး အိပ်ပျော်သွားတော့၏။

●



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ပတ်အကြာ.....

ပြာလဲ့နေသော ကောင်းကင်တွင် အဖြူရောင်တိမ်တိုက်တွေ တရွေ့ရွေ့ လွင့်မျောနေသည်ကို သူ ဆေးရုံပြတင်းပေါက်မှတစ်ဆင့် ထိုင်ငေးကြည့်နေမိသည်။

ဒီနေ့ သူ ဆေးရုံမှ ဆင်းရတော့မည်။ တကယ်ဆိုလျှင် သူ ဆေးရုံက ဆင်းရမည့်နေ့တွင် ပျော်ရွှင်နေဖို့ ကောင်းသည်။ သို့သော်... သူ ဘယ်လိုမှ ပျော်ရွှင်ဖို့ ကြိုးစားကြည့်၍မရဘဲ ဖြစ်နေသည်။

သူ့စိတ်ကို ဖိစီးနေသော ဒုက္ခများကို ခဏဖြစ်ဖြစ် မေ့လျော့ထားနိုင်စွမ်းရှိလျှင် ကောင်းမှာပဲလို့ သူတွေးမိ၏။

သို့သော်...ဘယ်လိုနည်းဖြင့် သူ မေ့ပျောက်နိုင်မည်နည်း။ ယခုအချိန်အထိ အမာရွတ်တွေနှင့် မိန်းကလေးက သူ့ကို ဘာလို့ လာခြောက်လှန့်နေသည်ကို စဉ်းစား၍မရပေ။ လူလား၊ နာနာဘာဝလား ဆိုတာကိုလည်း သူ မဝေခွဲတတ်။

ထို့အပြင် သူဆေးရုံကဆင်းလျှင် ယမင်းနှင့် ဟောဇယ့်ကို ရင်ဆိုင်ရတော့မည်။ အဲသည့် ပြဿနာကိုလည်း သူ ဘယ်လိုဖြေရှင်းရမှန်းမသိတော့။

ဘာမှလည်း ပြင်ဆင်ပြောင်းလဲနိုင်တာမရှိ။ နောက်ထပ် ကြုံရမည့် ကံကြမ္မာကိုသာ အကောင်းဆုံးဖြစ်ပါစေလို့ ဆုတောင်းရုံ သက်သက်သာ ရှိတော့သည်။





သူ့ရင်ဘတ်မှ ဓားဒဏ်ရာက တဖြည်းဖြည်း ပျောက်ကင်းသက်သာသွားပေမယ့် အတွင်းပိုင်းမှ စိတ်ဝေဒနာကတော့ တစ်နေ့တစ်ခြား ဆိုးဆိုးလာခဲ့၏။

တွေးရင်းတွေးရင်းနှင့် သူ့စိတ်ထဲမှာ ရှုပ်ထွေးနောက်ကျိုလာသည်။ သီဟကျော်က ပြတင်းပေါက်အနီးမှ ဆတ်ခနဲ ထရပ်လိုက်၏။ ဒီရက်တွေမှာ ဟောဒီနေရာကထိုင်ပြီး ကောင်းကင်ကိုကြည့်ကာ သူ့စိတ်တွေ ချောက်ချားနေခဲ့တာပဲ။

သူ သက်ပြင်းကို ချလိုက်မိပြန်သည်။

ထိုအချိန်မှာပင်...

'သား... အိမ်ပြန်ကြမယ်လေ။ ဆေးရုံဆင်းဖို့ ဆရာဝန်ကြီးရဲ့ လက်မှတ်ယူပြီးပြီ၊ ကားထဲမှာ ဖေဖေလည်း စောင့်နေတယ် သားရဲ့'

မိခင်ဖြစ်သူက သူ့အနားကိုလာရင်း ပြောလိုက်သည်။ ထို့နောက် သီဟကျော်က မိခင်ဖြစ်သူ တွဲခေါ်ရာနောက်သို့ လေးတိလေးကန် ခြေလှမ်းများဖြင့် လိုက်သွားလေသည်။

●



www.burmeseclassic.com

www.burmeseclassic.com

ကားပြတင်းပေါက်မှတဆင့် တိုးဝင်လာသော လတ်ဆတ်အေးမြသည့်လေကို သူ တစ်ဝကြီး ရှူသွင်းလိုက်သည်။ တစ်ပတ်ကျော်ကျော်လောက် အပြင်ပတ်ဝန်းကျင်နှင့် ဝေးနေခဲ့ရသည့် သူ့အတွက် အခုလို စိမ်းစိမ်းစိုစို ရှုခင်းများနှင့်အတူ တရကြမ်းတိုးဝင်လာသော လေကို ရှူရသည်မှာ သူ့အဖို့ အတော်ပင် စိတ်ချမ်းသာစရာ ကောင်းလှသည်။

ဖေဖေက ကားကို ညင်သာစွာ မောင်းနေရင်းမှ...

'သားရယ်... မသေကောင်း မပျောက်ကောင်းကွယ်၊ ဖေဖေမှာဖြင့် ခရီးရောက်မဆိုက် သားရဲ့ သတင်းကို ကြားလိုက်ရတာ ဘာလုပ်လို့ ဘာကိုင်ရမှန်းတောင် မသိဘူး ဖြစ်သွားတယ်။ မတော်တဆဆိုပေမယ့် ဒါက အခန့်မသင့်ရင် သေသွားနိုင်တယ် သားရဲ့'

'ဟုတ်တယ်...သားရဲ့၊ သားဖေဖေပြောတာ မှန်တယ်။ မေမေတို့မှာက ဒီသားလေးတစ်ယောက်ပဲရှိတာ၊ တစ်ခုခုဖြစ်သွားရင် မေမေတို့ပဲ ရင်ကျိုးရမှာ။ ဒါနဲ့... သားကိုကြိုတုန်းပြောရဦးမယ်၊ သားကို မတော်တဆ ဓားနဲ့ ထိုးမိလိုက်တဲ့ ကောင်မလေးကလည်း နေစိမ့်လိုက်တာ သားရယ်။ တစ်ချက်ကလေးတောင် သတင်းမေးဖော်မရဘူး။ သူက ဘယ်ကလဲသား'

ဖေဖေနှင့် မေမေက သူ့ကို မဆူရုံတမယ် ပြောဆိုနေကြသဖြင့် သီဟကျော်က ဘာမှပြန်မပြောဘဲ ငြိမ်နေလိုက်သည်။ မေမေကတော့





သူ့မေးခွန်းကို ပြန်မပြော၍ ဘဝင်မကျ ဖြစ်နေပေမယ့် ဆေးရုံမှဆင်းကာစသူ့ကို အတင်းအကြပ် မမေးချင်သဖြင့် ဆက်မပြောတော့ပေ။

ဖခင်ဖြစ်သူ ဦးမြတ်မင်းကတော့...

'သားရဲ့ သူငယ်ချင်း မင်းစိုးတောင် မနက်တုန်းက ဖုန်းဆက်လို့ သား ဒီနေ့ ဆေးရုံက ဆင်းမယ်ဆိုတဲ့အကြောင်း ဖေဖေ ပြောလိုက်သေးတယ်။ သူကလည်း အခုတလော နှလုံးရောဂါပြန်ဖောက်လာလို့ ဆေးကုနေရတယ်ဆိုပဲ။ နို့မဟုတ်ရင် ဆေးရုံအထိ သတင်းလာမေးမလို့တဲ့။ အခုချိန်လောက်ဆို သားကို အိမ်ကနေ စောင့်နေလောက်ပြီ'

'ဟုတ်ကဲ့... ဖေဖေ'

မကြာခင်မှာပင် သီဟကျော်တို့ အိမ်သို့ ရောက်လာကြပြီး ခြံထဲမှ ဒန်းပေါ်တွင် ထိုင်စောင့်နေသော မင်းစိုးကို တွေ့လိုက်ရလေ၏။

မင်းစိုးက ကားရပ်ရပ်ချင်း ပြေးလာပြီး...

'ဘယ်လိုလဲ... သီဟကျော်... ဆေးရုံက ဆင်းလာပြီလား'

'အေး...'

သီဟကျော်က တိုတိုတုတ်တုတ်ပြန်ဖြေရင်း ကားပေါ်မှ ဆင်းလိုက်၏။ ထို့နောက် မင်းစိုးကိုခေါ်ကာ အပေါ်ထပ် အိပ်ခန်းဆီသို့ တက်လာခဲ့ကြသည်။

●



www.burmeseclassic.com

www.burmeseclassic.com



အိပ်ခန်းထဲသို့ရောက်တော့ သီဟကျော်က ခုတင်ပေါ်တွင် လှဲအိပ်နေလိုက်ရင်း ဆေးရုံမှ အဖြစ်အပျက်များကို မင်းစိုးအား စီကာပတ်ကုံး ပြောပြလိုက်သည်။

မင်းစိုးက သူအိပ်နေသော ခုတင်ပေါ်မှာပင် ထိုင်ရင်း သူပြောသမျှကို စိတ်ဝင်တစားဖြင့် နားထောင်နေသည်။ ဘာတစ်ခုမှ ဝင်မပြော။ သူ့စကားဆုံးသွားတော့မှ…

'အေးကွာ… မင်းပြောပြတဲ့အတိုင်းဆိုရင် ငါတောင် အဲဒီ အမာရွတ်နဲ့ မိန်းကလေးအကြောင်းကို သိချင်လာပြီ။ ဒါနဲ့… မင်းကြောင့်သေသွားတဲ့ သင်းသီရိကို စိတ်စွဲပြီးတော့ လျှောက်ဖြစ်နေတာကော မဖြစ်နိုင်ဘူးလား။ သီဟကျော်'

တွေးတွေးဆဆဖြင့် ပြောလိုက်သော မင်းစိုး၏ စကားကြောင့်…

'သင်းသီရိကို စိတ်စွဲပြီး လျှောက်မြင်နေတာ မဟုတ်တာ သေချာတယ် မင်းစိုး။ အခုဟာက တစ်ခါလဲမဟုတ် နှစ်ခါလဲမဟုတ်နဲ့။ ပြီးတော့… ငါ့စိတ်ထဲမှာလည်း အဲဒီအမာရွတ်နဲ့ မိန်းကလေးက သင်းသီရိနဲ့ပဲ ပတ်သက်နေသလိုလို ဟောဇယ်နဲ့ပဲ ပတ်သက်နေသလိုလို ထင်မိတယ်။ ပြီးတော့ ငါ့ဆီကို ဖုန်းဆက်ဆက်ပြီး ခြိမ်းခြောက်နေတဲ့ မိန်းကလေးကလည်း အဲဒီ အမာရွတ်တွေနဲ့ မိန်းကလေးပဲ ဖြစ်ရမယ်'

မင်းစိုးက သီဟကျော်ကိုကြည့်ပြီး သက်ပြင်းကိုသာ လှိုင်လှိုင်ချနေတော့သည်။ ထို့နောက်… စိတ်ပျက်ညည်းညူသော အသံဖြင့်…





'ကာယကံရှင်တော့ မသိဘူး၊ ငါတောင် သားနားက နားထောင်ရင်း ရူးချင်လာပြီ၊ ဒါပေမယ့်လည်းကွာ သိပ်တော့ခေါင်းစားမနေပါနဲ့၊ တဖြည်းဖြည်းနဲ့ အဖြေတစ်ခုကိုတော့ သိလာရမှာပေါ့'

မင်းစိုး၏ စကားက သီဟကျော်ကို ကိုယ်ချင်းစာပြီးပြောသည့်စကားလား၊ ဒါမှမဟုတ် သူ့အတွက် မမြင်ရသေးသော နိမိတ်ပုံတစ်ခုကို ပြောနေသလား ဆိုတာကိုတော့ နောက်ရက်အနည်းငယ်ကြာသောအခါတွင် ရှင်းရှင်းလင်းလင်း သိလိုက်ရသည်။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

အဲသည့်နေ့က မိုးအုံ့နေသော စနေနေ့တွင် ဖြစ်သည်။

သူ တစ်နေ့ကုန် ဟေဖယ်ဆီက ဖုန်းဆက်လာနိုးနိုးဖြင့် မျှော်နေမိသည့် နေ့လည်းဖြစ်၏။ တစ်ကြိမ်တစ်ခါမျှ ဖုန်းဆက်မလာဘူးသော သူ၏ ဖုန်းကို မျှော်နေရသည်မှာ အတော်ပင် အူကြောင်ကြောင် နိုင်ပေမယ့် သူကတော့ ယုံကြည်မှုတစ်ခုဖြင့် စောင့်မျှော်နေဆဲပင်။

အချိန်တွေ တရွေ့ရွေ့ ကုန်ဆုံးသွားသည်နှင့်အမျှ သူ၏ မျှော်လင့်ချက်တွေက မှေးမှိန်လာသည်။

နောက်... ကြံရာမရသည့်အဆုံး သူဖတ်ဖူးသည့် စိတ်တန်ခိုး စွမ်းအင်ဆိုသော စာအုပ်ထဲမှ နည်းအတိုင်း တယ်လီဖုန်းကို စိုက်ကြည့်ကာ 'တယ်လီဖုန်းလာပါစေ' ဟု ဆုတောင်းနေမိသည်။

မတော်တဆ တိုက်ဆိုင်သွားတာလားမသိ။

သိပ်မကြာခင် အချိန်မှာပင် တယ်လီဖုန်းမြည်သံကို ကြားလိုက်ရသည်။ သူ ဝမ်းသာအားရဖြင့် တယ်လီဖုန်းကို ဆတ်ခနဲ ကောက်ကိုင်လိုက်၏။

တစ်ဖက်မှ ဖုန်းဆက်သူမှာ မင်းစိုးဖြစ်နေသည်။

မင်းစိုး၏ အသံက စိတ်လှုပ်ရှားပြီး တုန်ယင်နေ၏။



'သီဟကျော်... သီဟကျော်... ငါ... ငါ... အမာရွတ်နဲ့ မိန်းကလေး အကြောင်း သိပြီငါ့... အိမ်ကို မြန်မြန်လာခဲ့...'

'ဟုတ်လား... အေး... အေး... ငါလာခဲ့မယ်'

'မင်း... မင်း... မြန်မြန်လာခဲ့နော်'

'အေးပါ...'

ထို့နောက် မင်းစိုး၏ အသံကို မကြားရတော့။ ဖုန်းထဲမှတစ်ဆင့် ခပ်ဝေးဝေး မိန်းကလေးတစ်ယောက်၏ အသံကို ခပ်သဲ့သဲ့ကြားရသည်။

သီဟကျော်က...

'ဟဲလို... ဟဲလို... မင်းစိုး...'

တစ်ဖက်မှ မည်သည့်တုန့်ပြန်သံမှ မကြားရ။ ထို့နောက် ဖုန်းကျသွားပြီး တတီတီမြည်နေသော အသံကိုသာ ကြားရတော့သည်။

'ဟင်... ဒီကောင် ဘာဖြစ်နေတာလဲ မသိဘူး' ဟု ရေရွတ်လိုက်ကာ သီဟကျော်က မင်းစိုးတို့အိမ်သို့သွားရန် အခန်းထဲမှ ခပ်သုတ်သုတ် ထွက်လာခဲ့တော့သည်။

●



www.burmeseclassic.com

www.burmeseclassic.com



မင်းစိုး၏အိမ်ရှေ့သို့ သီဟကျော်ရောက်သွားသည့် အချိန်မှာတော့ မယုံကြည်နိုင်စရာ ဖြစ်ရပ်များက သူ့ကို ဆီးကြိုနေလေသည်။

အဝါနှင့် အနီရောင် ပေါင်းစပ်ထားသော Ambulance ကား၏ မီးလုံးက ချာချာလည်လျက်၊ တိုးဝှေ့ကြည့်နေသည့် လူများ၊ လူနာထမ်းစင်ဘေးတွင် ယူကျုံးမရဖြစ်စွာ ငိုကြွေးနေသော မင်းစိုး၏ မိခင်။ ထမ်းစင်ပေါ်တွင်တော့ အဝတ်ဖြူဖြင့် ဖုံးအုပ်လွှမ်းခြုံထားသော သက်မဲ့နေသည့် အရာတစ်ခု။

ထိုမြင်ကွင်းများက သူ့ရင်တစ်ခုလုံးကို ကျွမ်းထိုးမှောက်ခုံပင် ဖြစ်သွားစေတော့သည်။

'မင်းစိုး'

ကုန်းရုန်းအော်လိုက်သော အသံနှင့်အတူ သီဟကျော်က ဝိုင်းအုံကြည့်ရှုနေသော လူအုပ်စုကြားထဲသို့ တစ်ဟုန်ထိုး ပြေးဝင်သွားလိုက်သည်။ ထို့နောက် တသိမ့်သိမ့်ငိုကြွေးနေသော မင်းစိုး၏ မိခင်ဘေးတွင် ဒူးထောက် ထိုင်ချလိုက်ကာ အဝတ်ဖြူစကို ဆွဲလှန်လိုက်၏။

'သူငယ်ချင်း... '

အားတင်းထိန်းချုပ်နေသည့် ကြားမှပင် မျက်ရည်တို့က တပေါက်ပေါက် ကျလာသည်။

ဆို့နင့်အက်ကွဲစွာ ရေရွတ်လိုက်သော အသံကို မင်းစိုးကြားနိုင်မည်မဟုတ်တော့ပါ။ သီဟကျော်က ပွင့်နေသော မင်းစိုး၏ မျက်လုံးများကို လက်ဖြင့် အသာပိတ်ပေးလိုက်သည်။





သူ ဘာကိုမှ နားလည်နိုင်စွမ်း မရှိတော့။ အဖြစ်အပျက်များက လျှင်မြန်လွန်းလှသည်။ သူ့ကို စိတ်ထိန်းဖို့ လာရောက်ပြောဆိုနေသော အသံကပင် နားထဲတွင် တဝေါဝေါသာ မြည်နေသည်။

မင်းစိုး၏ ရုပ်အလောင်းကို သယ်ထုတ်သွားသော လူနာတင်ကားနှင့်အတူ သူ့နှလုံးသားတစ်ခုလုံး ကျွတ်ထွက်ပါသွားသလို ခံစားလိုက်ရလေ၏။

ဝိုင်းအုံကြည့်နေကြသော လူများကို မင်းစိုး၏ အမေက မျက်ရည်တရွှဲရွှဲဖြင့် ပြောပြနေသော အသံများကသာ သူ့တစ်ကိုယ်လုံးကို ခြုံလွှမ်းထားလေသည်။

'ကျွန်မ စိတ်ထဲတော့ သားလေး သူငယ်ချင်း တစ်ယောက်ယောက်နဲ့ စကားပြောနေတယ်ပဲ ထင်တာ၊ ထုံးစံအတိုင်း ကျွန်မက နေ့လည်ဘက်ဆိုတော့ ခုတင်ပေါ်မှာ လှဲနေရင်း ပုတီးစိပ်နေတုန်း 'အား' ခနဲအော်သံကြားလို့ အောက်ထပ်ကို ဆင်းကြည့်လိုက်တော့ အသက်မဲ့နေတဲ့ သားလေးကို တွေ့လိုက်ရတော့တာပဲ'

မင်းစိုး၏ အမေက ပြောနေရင်း ယူကျုံးမရဖြစ်စွာ ထပ်ငိုနေပြန်သည်။ နောက်မျက်ရည်တို့ကို သုတ်ဖယ်ရင်း...

'ဆရာဝန်ကတော့ ရုတ်တရက် နှလုံးသွေးရပ်ပြီး သေသွားတာတဲ့ အဟင့်ဟင့်'

သီဟကျော် ဆက်နားထောင်ဖို့ အားအင်မရှိတော့ပေ။

တန်လှုပ် ယိုင်နဲ့နေသည့် ခြေလှမ်းများဖြင့်သာ အိမ်သို့ ပြန်လာခဲ့သည်။ သူ့ဦးနှောက်ထဲတွင် မေးခွန်းပေါင်းစုံတို့က ရှုပ်ယှက်ခတ်ကာ တိုးဝှေ့နေကြသည်။ ရင်တစ်ခုလုံးကိုလည်း 'သူငယ်ချင်းတစ်ယောက် ဆုံးရှုံးသွားပြီ' ဟူသော အသိက ဓားဦးချွန်ချွန်ဖြင့် ထိုးဆွနေသလို



www.burmeseclassic.com

www.burmeseclassic.com



တဆစ်ဆစ် နာကျင်နေစေသည်။

မသေခင် မိနစ်ပိုင်းအလိုခန့်က သူ့ထံသို့ ဖုန်းဆက်လာသော မင်းစိုး၏အသံ။ အခု ထိုအသံက သူ့နားထဲတွင် ဘေးက တစ်ယောက်ယောက် လာပြောနေသကဲ့သို့ ကြားနေရ၏။

အတွေးများကလည်း တိမ်ညို့ တိမ်မည်းများကဲ့သို့ မည်းမှောင်ချောက်ချားလာသည်။

မင်းစိုး တကယ်ပဲ သွေးရိုးသားရိုးသေတာလား? ဒါမှမဟုတ် တစ်စုံတစ်ယောက်ရဲ့ ပယောဂကြောင့်ပဲလား?...

ပြီးတော့ ဟို...အမာရွတ်နဲ့ မိန်းမအကြောင်းကိုကော သူ ဘယ်လို လုပ် သိသွားတာလဲ?

အဲဒါနဲ့ကော မင်းစိုးသေတာ ဘယ်လိုပတ်သက်နေလဲ?

■





## အခန်း (၁၅)

အိမ်ရှေ့မြက်ခင်းပြင်ပေါ်သို့ နေခြည်၏ အလင်းက နွေးထွေးနူးညံ့စွာ ကျရောက်နေသည်။ ကောင်းကင်သည် တိမ်ကင်းစင်ပြီး အပြာရောင် ကြည်လင်တောက်ပနေ၏။

သီဟကျော်က ထိုမြင်ကွင်းမှအကြည့်ကို ခွာလိုက်ပြီး စိတ်ပင်ပန်းနွမ်းနယ်စွာဖြင့် အိပ်ရာပေါ်သို့ ပစ်လှဲချလိုက်မိသည်။ တဆက်တည်းလိုလို ခေါင်းအုံးတစ်လုံးကိုလည်း မျက်နှာပေါ်သို့ ဖိကပ်ထားလိုက်၏။

သည်နေ့ မင်းစိုးရက်လည်သည့်နေ့။

လွမ်းဆွတ်သတိရစွာဖြင့် မင်းစိုး၏ အကြောင်းတွေကို စဉ်းစားနေရင်း သူ့စိတ်တွေက ဆောက်တည်ရာမရအောင်ပင် ပျံ့လွင့်နေသည်။ အခုလည်း မင်းစိုးသေရသည့် ကိစ္စက သူ့အပြစ် 'ကင်းမှ ကင်းရဲ့လား' ဟူသော သံသယစိတ်က သူ့ရင်တစ်ခုလုံးကို နွမ်းလျချိနဲ့နေစေ၏။

သေခါနီး သူ့ကို ဖုန်းဆက်လာခြင်းကပင် နောက်ဆုံးခရီးအတွက် နှုတ်ဆက်ခဲ့ခြင်းလား။

သီဟကျော်က မျက်နှာပေါ်မှ ခေါင်းအုံးကိုခွာကာ ဆတ်ခနဲ ထထိုင်လိုက်မိသည်။ ထို့နောက်... ခုတင်ဘေးရှိ စားပွဲခုံအောက်မှ အံဆွဲကို ဆွဲလိုက်ကာ အထဲမှ မင်းစိုးနှင့် သူ တွဲရိုက်ထားသော ဓာတ်ပုံလေးကို ထုတ်ကာ ကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင်...

'ကလင်... ကလင်... ကလင်'

ဖုန်းမြည်သံ။ ထိုအသံကို သူကြောက်ရွံ့နေပြီ။ သို့သော်... ဖုန်းကို သူကိုင်လိုက်၏။ တိုးညင်းညင်သာသော အသံလေးတစ်သံက သူ့နားထဲသို့ စီးဆင်းလာသည်။

'သီဟလား... တို့ပါ'

'ဟင်... ဟေဇယ်... ဘာဖြစ်လို့ အခုမှ ဖုန်းဆက်တာလဲ၊ ကိုယ် နေ့တိုင်း ဟေဇယ့်ဖုန်းကို မျှော်နေတာ'

တစ်ဖက်မှ အသံက ခဏတိတ်သွားသည်။ ပြီးမှ...

'တို့... သီဟကို အရေးတကြီး ပြောစရာစကားရှိတယ်။ အခု သီဟအားလား'

သီဟကျော်က ထိုစကားကြောင့် တွေတွေငေးငေး ဖြစ်သွားသည်။ ယမင်းနှင့် ပတ်သက်ပြီး သူ့ကို ဟေဇယ် တစ်ခုခုပြောတော့မည်ဟု သူတွေးလိုက်မိသည်။ ထိုအတွေးကြောင့်ပင် သူ့ရင်ထဲမှ စိုးရိမ်စိတ်တွေက တဖွားဖွားပေါ်လာ၏။ သို့သော်... ပြဿနာဆိုတာက ရှောင်လွှဲလို့ရသည့် အရာတစ်ခုမဟုတ်မှန်း သူ သဘောပေါက်သည်။

'အင်း... အားပါတယ်။ ဘယ်မှာတွေ့ကြမလဲ'

'သီဟအိမ်ကို တို့လာခဲ့မယ်'

ပြောပြီးပြီးချင်း ဟေဇယ်က ဖုန်းချသွားသည်။ ထို့နောက် သီဟကျော်လည်း ဖုန်းကို ချလိုက်ကာ ခုတင်ပေါ်တွင် စိတ်ပျက်လက်ပျက်ဖြင့် ပြန်ထိုင်ချလိုက်သည်။

ကဲ... ပြဿနာတော့စပြီ။ ငါ ဘယ်လိုဖြေရှင်းရမလဲ။

ထိုမေးခွန်း၏ အဖြေကို သိသွားချိန်မှာတော့ သူ အတိတ်ဆိုသည့် အရာကို ရွံမုန်းသွားမိသည်။

●





သူမ ရောက်လာပြီ။

ဒီနေ့မှ ထူးထူးခြားခြား သူမက ဝတ်စားဆင်ယင်ပုံမှအစ ပြောင်းလဲနေသည်။ ခရမ်းရောင်နှင့် အဖြူရောင် ပန်းပွင့်များပါသော တစ်ဆက်တည်း ဂါဝန်အရှည်ကြီးကို ဝတ်ဆင်ထားပြီး မျက်နှာတွင်လည်း မိတ်ကပ်ပါးပါး လိမ်းခြယ်ထား၏။

ထို့အပြင် သူ့ကိုကြည့်နေသော မျက်လုံးများကလည်း အရင်နေ့တွေနဲ့မတူ။

သီဟကျော်က...

'အိမ်ထဲဝင်ဦးလေ... ဟေဇယ်'

'ဟင့်အင်း... မဝင်တော့ဘူး သီဟ၊ တို့ပြောမယ့်စကားကို အပြင်မှာပဲ ပြောချင်တယ်'

တစ်ခုခု ထူးခြားနေသည်ကို သူသိလိုက်သည်။ သို့သော် ဒါကလည်း တစ်မျိုးကောင်းတာပဲဟု သူတွေးလိုက်မိသည်။ အိမ်မှာဆို ဖေဖေနှင့် မေမေ ပြန်လာရင် မလွတ်မလပ် ဖြစ်နေဦးမည်။

ထိုအတွေးများကြောင့်ပင် သူက...

'အင်း... ကောင်းသားပဲ၊ သွားကြမယ်လေ။ ကိုယ့်ကားနဲ့ပဲ သွားကြတာပေါ့'

ဟေဇယ်က တစ်ချက်ပြုံးလိုက်ကာ ခေါင်းကိုခါရမ်းရင်း...



www.burmeseclassic.com

www.burmeseclassic.com



'ဟင့်အင်း… ကားနဲ့မထွက်ချင်ဘူး။ တို့… စိတ်ကူးတစ်ခု ထူးထူးခြားခြား ရထားလို့'

'ဟင်… ဘာစိတ်ကူးလဲ ဟေဇယ်'

'ဟို… သီဟတို့အဖေရဲ့ ကုမ္ပဏီက နိုင်ငံခြားသားတွေ အတွက် သီးသန့်လုပ်ပေးထားတဲ့ ဒေါက်ကပ်မြင်းလှည်းကြီးလေ။ တို့… အဲဒီ မြင်းလှည်းကြီး စီးချင်တယ်'

'ဘာ…'

သီဟကျော်ရင်ထဲမှာ အမည်မဖော်ပြနိုင်သော ကြောင့်ကြမှု တစ်ခုက ဖျတ်ခနဲ လွှမ်းမိုးသွားသည်။ ဟေဇယ်၏ တောင်းဆိုမှုက အနည်းငယ် ထူးဆန်းနေသလိုလို။

ဒါ… ဘာအဓိပ္ပာယ်ပါလိမ့်။ ပြီးတော့… လောလောဆယ် ဒေါက်ကပ်မြင်းလှည်းက ဖေဖေ၏ ခရီးသွားလုပ်ငန်းအတွက် အသုံးပြုနေသည်။ ပြီးတော့ အားသည် မအားသည်လည်း မသေချာ။

ထို့ကြောင့် သူက ဟေဇယ်မျှား စိတ်ပြောင်းလိုပြောင်းငြား ပြောကြည့်လိုက်၏။

'နောက်တစ်ခါမှ စီးပါလား ဟေဇယ်ရယ်'

'ဟင့်အင်း… အခုပဲ စီးချင်တယ်။ နောက်တစ်ခေါက်ဆိုတာက မသေချာဘူး'

အလိုမကျသည့်ဟန်ဖြင့် ပြောလိုက်သောစကားကြောင့် သီဟကျော် စိတ်ညစ်သွား၏။ သူမ ဘာဖြစ်လို့များ ဒီဟာကို စီးချင်နေရပါလိမ့်။ နောက်တစ်ခေါက် မသေချာဘူးဆိုတာ ဘာအဓိပ္ပာယ်လဲ။

သီဟကျော်ရင်ထဲတွင် လေးလံသွားမိ၏။ လောလောဆယ် ယမင်းနှင့် ပတ်သက်ပြီး ငါ သူ့ကို ဖြေရှင်းရဦးမှာဆိုတော့ သူ့လိုအင် ဖြည့်ပေးလိုက်တာပဲ ကောင်းမယ်ထင်တယ်။

'ကဲ… ဒါဆိုရင်လည်း ခဏစောင့်၊ ဖေဖေ့အလုပ်ကို ဖုန်းဆက်ပြီး





ဒေါက်ကပ် လာပို့နိုင်းလိုက်မယ်'

ထို့နောက် သီဟကျော်က သူမကို 'ခဏစောင့်နော်' ဟုပြောကာ အိမ်ထဲသို့ ဝင်လာခဲ့ပြီး ဖခင်ဖြစ်သူ၏ အလုပ်ကို ဖုန်းဆက်လိုက်သည်။ ကံကောင်းထောက်မစွာပင် ဒေါက်ကပ်မြင်းလှည်းက ဒီကနေ့ အားလပ်နေသည်။

သီဟကျော်က အိမ်အပြင်သို့ ပြန်ထွက်လာခဲ့ကာ ဟေဇယ်ကို ဒေါက်ကပ်မြင်းလှည်း လာပို့လိမ့်မည်ဟုပြောရင်း သူမထိုင်နေသော ဒန်းပေါ်တွင် ဝင်ထိုင်လိုက်၏။

ထို့နောက် နှစ်ယောက်အတူ ဒန်းကလေးကိုလွှဲကာ စီးနေ၏။ သီဟကျော်က ကျွီခနဲ ကျွီခနဲ မြည်နေသော ဒန်းမှကြိုးလွှဲသံကို နားထောင်ရင်း ဟေဇယ်ကို သူ မေးချင်သည့် အကြောင်းအရာတွေ စဉ်းစားနေမိသည်။

အမာရွတ်တွေနဲ့ မိန်းကလေးက ဟေဇယ်နဲ့ ဘယ်လိုပတ်သက်နေလဲ?

ဖုန်းထဲကနေပြီး ငါ့ကို လာလာခြိမ်းခြောက်နေတဲ့ မိန်းကလေးကရော ဘာလို့ ဟေဇယ်ရဲ့နာမည်ကို သိနေရတာလဲ?

ပြီးတော့… သူတို့အားလုံးကကော ဘယ်လို ပတ်သက်နေကြတာလဲ။

မင်းစိုး သေခါနီး သိသွားတဲ့ အမာရွတ်တွေနဲ့ မိန်းကလေး အကြောင်းက ဘာတွေလဲ။

တဖြည်းဖြည်းနှင့် သီဟကျော်အတွေးတွေက မည်းမှောင် ချောက်ချားလာသည်။ သူ့ကိုယ်တိုင်ပင် ထိုအတွေးများကြောင့် ရင်တစ်ခုလုံး တင်းကျပ်လာပြီး ခေါင်းချွေးပင် ပျံလာ၏။

ဟေဇယ်ကတော့ လမ်းမဘက်သို့ကြည့်ကာ ဘာတွေတွေးစား နေမှန်းမသိ။ သီဟကျော်က စကားစလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒေါက်ကပ်လာရင်… ဘယ်သွားကြမှာတုန်း… ဟေဇယ်'

သူမက သီဟကျော်ဘက်သို့ ငဲ့စောင်းကြည့်လိုက်ပြီး…

'ရေတံခွန်တောင်ဘက် သွားရအောင်လေ'

'ဘာ…'

ရေတံခွန်တောင် ဆိုသောစကားကြောင့် သီဟကျော် အထိတ်တလန့် အော်လိုက်မိသည်။ သူ့ဘဝတွင် ဘယ်တော့မှ ရေတံခွန်တောင်ဘက်သို့ မသွားတော့ဘူးဟု ဆုံးဖြတ်ချက်ချထားသည်။ အခု ဟေဇယ်က တိုက်တိုက်ဆိုင်ဆိုင် ရေတံခွန်တောင်ဘက် သွားချင်သည်ဆို၍ သူ့စိတ်တွေ ဆောက်တည်ရာမရအောင် ဖြစ်သွား၏။

သူမက အထိတ်တလန့်ဖြစ်သွားသော သူ့ကိုကြည့်ကာ…

'ဘာဖြစ်လို့လဲ… သီဟရဲ့… တို့နဲ့သွားတာပဲ၊ မသွားချင်ဘူးလား'

'မဟုတ်ပါဘူး၊ သွားချင်ပါတယ်… ဟေဇယ်ရယ်။ ဒါပေမယ့်… တခြားတစ်နေရာရာ သွားကြရအောင်နော်'

သူမက သီဟကျော်၏လက်ကို ညင်ညင်သာသာ ဆုပ်ကိုင်လိုက်ပြီး…

'ရေတံခွန်တောင်ပဲသွားရအောင် သီဟရယ်။ တို့… သီဟကို ပြောစရာရှိလို့ပါ'

တောင်းတောင်းပန်ပန်ဖြင့် ပြောနေသော သူမကို ကြည့်ကာ သီဟကျော် သနားသွားမိသည်။ သူ့ရင်ထဲတွင်လည်း ဆန့်ကျင်ဘက် မြစ်နှစ်စင်း စီးဆင်းနေသလို ခံစားနေ၏။

ထိုမြစ်နှစ်စင်းက ထိတ်လန့်ခြင်းနှင့် သနားကြင်နာခြင်းပင်။

●





နေ့ခင်းသုံးနာရီကျော်ပြီ ဖြစ်သဖြင့် နေရောင်ခြည်သည် ရွှေအိုရောင်သန်းစပင် ပြနေပြီ။ တိုက်ခတ်တိုးဝှေ့လာသော လေပြေများထဲတွင်လည်း ဆည်းဆာအနံ့အသက်တို့ တွဲလွဲခိုပါလာကြ၏။

သီဟကျော်ကတော့ ပတ်ဝန်းကျင်ကို စိတ်မဝင်စားအား။ ဒေါက်ကပ်ကို ဖြည်းဖြည်းမှန်မှန်မောင်းရင်း စိတ်ကို တည်ငြိမ်အောင် မနည်းကြိုးစားနေရသည်။

ဘေးနားကို လှည့်ကြည့်လိုက်တော့လည်း ဟေဇယ်က စကားတစ်လုံးမှ မပြောဘဲ ပတ်ဝန်းကျင် ရှုခင်းများကိုသာ ရီရီဝေဝေဖြင့် ငေးမောကြည့်လာခဲ့၏။

တကယ်တော့ သူမကြောင့်သာ လာခဲ့ရပြီး သီဟကျော် အနေဖြင့်တော့ ဒီရေတံခွန်တောင်ကို လာချင်လှသည်မဟုတ်။ သူ့အတွက် ရေတံခွန်တောင်က ကောင်းလှသည့်အရပ်ဒေသလည်း မဟုတ်ပေ။

ဒေါက်ကပ်ကို ဆွဲနေသော မြင်းနှစ်ကောင်က အားကုန်ရုန်းကာ တောင်ပေါ်သို့ တက်နေသည်။ အမြင့်ပိုင်းသို့ ရောက်လာသည်နှင့်အမျှ လေက ဟူးဟူးဟဲဟဲမြည်အောင် တိုက်ခတ်လာပြီး လမ်းကလည်း တဖြည်းဖြည်းမတ်စောက်လာသည်။

သီဟကျော်က ဟေဇယ်ကို ငဲ့စောင်းကြည့်လိုက်ပြီး…

'ရှေ့ဆက်သွားရင် လမ်းကကြမ်းလာပြီ။ ဒီကနေပဲ လှည့်ပြန်ကြ



www.burmeseclassic.com

www.burmeseclassic.com

စို့လေ ဟေဇယ်'

'ရှေ့နားနည်းနည်းထိတော့ ဆက်သွားပါဦး... သီဟရဲ့။ အခုမှတော့ မထူးတော့ပါဘူး'

သူမပြောတာလဲ ဟုတ်သည်။ ရှေ့အတက်တစ်ခုဆို တောင်၏ အမြင့်ဆုံးအပိုင်းကို ရောက်ပြီ။ ပုံမှန်အတိုင်းဆိုရင်တော့ ဒီလောက်ရောက်လာပြီးမှ ရှေ့ဆက်သွားရုံပင်။

သို့သော်... သီဟကျော်အနေဖြင့်တော့ ထိုတောင်ကုန်းပေါ်ကို တက်ရမည့်ကိစ္စက ခက်ခဲနေသည်။ ထိုတောင်ကုန်းနေရာက သူ့ဘဝ အလှည့်အပြောင်းကို ဆုံးဖြတ်ပေးခဲ့သည့် နေရာ။

ရှင်းရှင်းပြောရရင် လွန်ခဲ့သော နှစ်နှစ်ကျော်ကျော်လောက်က သင်းသီရိတစ်ယောက် ရုပ်ပျက်ဆင်းပျက် သေပွဲဝင်ခဲ့ရသည့် နေရာပင်။

အခု သူက တခြားချစ်သူတစ်ယောက်နှင့် ထိုနေရာကို သွားရမည်ဆိုသည့်အတွက် ကိုယ့်လိပ်ပြာကိုယ် မလုံတော့ပေ။ သို့သော်... သီဟကျော်က စိတ်ကိုတင်းပြီး နှင်တံကို ဝင့်လိုက်၏။

'ဟဲ့...'

'ရှိုး... ဖျောင်း...'

'ခွပ်... ခွပ်... ခွပ်'

နှင်တံသံကို ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် မြင်းနှစ်ကောင်က ကဆုန်ဆိုင်းပြေးတော့သည်။ တဂျုန်းဂျုန်း တကျိုင်းကျိုင်း မြည်နေသော လှည်းအိမ်မှအသံနှင့်ပင် တခြားမည်သည့်အသံမှ မကြားရတော့။

သီဟကျော်က ဒေါက်ကပ်ကို မောင်းနေရင်း လမ်းဘေးကို အသာကဲကြည့်လိုက်၏။ ချက်ချင်းပင် သင်းသီရိ၏ မျက်နှာကို မြင်ယောင်လာမိ၏။ ကျောရိုးတစ်လျှောက် စိမ့်တက်သွားမိသည်။

မကြာခင်မှာပင် တောင်ကုန်းထိပ်သို့ ရောက်ရှိသွား၍ သီဟကျော်က မြင်းလှည်းကို အရှိန်သတ်ရပ်လိုက်၏။ ထို့နောက်... ဟေဇယ်





ကို တွဲကူကာ လှည်းအောက်သို့ ဆင်းလိုက်သည်။

ဟေဇယ်က အောက်သို့ရောက်ရောက်ချင်းမှာပင် ချောက်ကမ်းပါးအစွန်းနားသို့ လျှောက်သွားကာ တိုက်ခတ်လာသော လေကို အားရပါးရ ရှူသွင်းနေ၏။

သီဟကျော်က အနားသို့ တိုးသွားလိုက်ကာ...

'ဟေဇယ်... ပြောစရာရှိလို့ဆို ဘာပြောမှာလဲ။ ဘာများ အရေးကြီးလို့ ကိုယ့်ကို ဒီအထိတောင် ခေါ်လာတာလဲ ဟေဇယ်ရယ်'

သူမက သီဟကျော်ကိုကြည့်ကာ သက်ပြင်းကို ချလိုက်ပြီး...

'သီဟကို တို့ဘာလို့ ဒီနေရာကို ခေါ်လာတာလဲ သိလား'

'ဟင့်အင်း...'

သူ ခေါင်းကို ခါယမ်းလိုက်သည်။ သူမကပင် ဝမ်းနည်းနာကျင်နေသော အသံဖြင့်...

'ဒီနေရာမှာ တို့အပေါ်ရက်စက်ယုတ်မာခဲ့တဲ့ ချစ်သူကြောင့် တို့ ရုပ်ပျက်ဆင်းပျက် သေခဲ့ရတယ်လေ'

'ဟင်... မင်းဘာပြောလိုက်တယ်'

ကြားလိုက်ရသောစကားက သီဟကျော်နားထဲတွင် မိုးချိန်းသံကဲ့သို့ ကျယ်လောင်သွားပြီး ထိတ်လန့်ချောက်ချားစွာ ရေရွတ်မိလိုက်တော့သည်။

'မကြားလိုက်ဘူးလား သီဟ... တို့ ထပ်ပြောပြမယ်။ သေသေချာချာ နားထောင်နော်။ လွမ်းတဲ့ နှစ်နှစ်ကျော်ကျော်တုန်းကပေါ့ တို့ကို လက်ထပ်မယ်လို့ အယုံသွင်းပြီး လှည့်စားခဲ့တဲ့ ချစ်သူက ဟောဒီရေတံခွန်တောင်ပေါ်ကို ဒေါက်ကပ်မြင်းလှည်းကြီးနဲ့ ခေါ်လာခဲ့တယ်လေ။ တို့က ကြောက်လို့ အတန်တန်ငြင်းနေတဲ့ကြားက မရမကခေါ်လာခဲ့တာပေါ့။ သူ့မှာက အကြံအစည်ရှိနေတာကိုး'

ဟေဇယ်၏ နှုတ်ခမ်းတွေက စကားပြောနေသည်နှင့် မတူဘဲ



www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ရာကို အသိမဲ့စွာ တတွတ်တွတ် ရွတ်ဖတ်နေပုံမျိုး။

သူမ၏ စကားတွေကို သီဟကျော် ဆက်ပြီး ကြားနိုင်စွမ်းမရှိတော့။ ဖြစ်နိုင်လျှင် နားအစုံကိုပိတ်ပြီး ဝေးရာသို့ ပြေးထွက်သွားချင်နေမိသည်။

ဟေဇယ်က ဆက်ပြီး...

'တို့ချစ်သူက လူယုတ်မာတစ်ယောက်မှန်း တို့မသိခဲ့ဘူး။ သူဟာ တို့ကို ကြောရှုံ့သက်သက်ပဲ ကြံချင်တာပါ။ လက်ထပ်ချင်တာမှ မဟုတ်ဘဲ။ ဒါနဲ့ သူဟာ ဟောဒီရေတံခွန်တောင်ပေါ်က ပြန်အဆင်းမှာ မြင်းလှည်းကို မှောက်အောင် တရကြမ်းမောင်းပြီး တို့ကို ချောက်ထဲပြုတ်ကျသွားအောင် လုပ်ခဲ့တယ်။ သူ့အကြံအောင်မြင်သွားတယ် ဆိုပါတော့။ တို့လည်း ချောက်ထဲကျပြီး သေခဲ့ရတယ်။ သူ့ကိုလည်း လူသတ်သမားအဖြစ်နဲ့ ဘယ်သူကမှ သံသယမဝင်ခဲ့ဘူး'

ထိုစကားလုံးများက သီဟကျော်၏ သွေးခုန်နှုန်းကို တဒုန်းဒုန်းမြန်ဆန်လာစေသည်။ ဟုတ်သည်။ သူ့ကို လူသတ်သမားအဖြစ် ဘယ်သူကမှ သံသယမဝင်ခဲ့။

တကယ်တော့ မြင်းလှည်းမှောက်သွားစဉ် သင်းသီရိအား ဖက်ထားသည့်လက်ကို လွှတ်ပြီး လှည်းနံရံကို လှမ်းခိုလိုက်နိုင်ခြင်းမှာ မတော်တဆ ဖြစ်သွားရခြင်းမဟုတ်ခဲ့ပေ။ သူ သေသေချာချာ ကြံရွယ်ပြီး သင်းသီရိကို ချောက်ထဲကျအောင် တမင်လွှတ်ချခဲ့ခြင်းသာ ဖြစ်၏။

ဘယ်သူမှမသိနိုင်ခဲ့သော သူ့ပြစ်မှုသည် အခုတော့...အခုတော့။

●





ဟေဇယ်က မျက်စိမျက်နှာပျက်သွားသော သီဟကျော်ကို ကြည့်ကာ မဲ့ပြုံးပြုံးလိုက်ပြီး...

'ငါ... ဘယ်သူ့ဆိုတာကိုရော နင်သိရဲ့လား... သီဟကျော် ငါဟာ နင်သတ်လို့ သေခဲ့ရတဲ့ သင်းသီရိပဲ'

'ဟင်... မဖြစ်နိုင်ဘူး... မဖြစ်နိုင်ဘူး'

သွေးရူးသွေးတန်းဖြင့် အော်ဟစ်ရင်း သီဟကျော်က နောက်သို့ တစ်လှမ်းချင်း ဆုတ်နေမိသည်။ သူနှင့် အပြိုင် ဟေဇယ်က ရှေ့သို့ ဖြည်းဖြည်းချင်းတိုးလာပြီး...

'ကဲ... ဒီတစ်ခါတော့ နင့်အလှည့်ပဲ'

'အား... ငါ... ငါ... မှားပါတယ်ဟာ၊... ငါ့ကို... ငါ့ကို ခွင့်လွှတ်ပါ'

သွေးပျက်ချောက်ချားစွာ အော်ဟစ်လိုက်ပြီး သီဟကျော်က နောက်သို့ ချာခနဲ လှည့်ကာ ထွက်ပြေးလိုက်တော့သည်။ သို့သော် ခြေတစ်လှမ်း နှစ်လှမ်းလောက် အရောက်မှာပင်...

'ဟင်...'

သူ့ရှေ့တွင် နောက်ထပ် မိန်းကလေးတစ်ယောက် ပိတ်ဆို့ရပ်နေသည်။ ထိုမိန်းကလေးက မျက်နှာတစ်ခုလုံး အမာရွတ်တွေ ဗရပွနှင့် မိန်းကလေးပင်။

'ဟင်... နင်... က... ရော... ဘယ်သူလဲ'



www.burmeseclassic.com

www.burmeseclassic.com



'နင့်... ဝိညာဉ်ကို နှုတ်ဖို့ စောင့်နေတဲ့လူ'

ထိုလေသံက မာကျောခက်ထန်မှုများနှင့်အတူ ခါးသီးနာကျင်မှုတွေ သီနိုနေသည်။

သီဟကျော်က မလွတ်မြောက်နိုင်တော့မှန်း သိလိုက်သည်။ သို့သော် နောက်ကျသွားခဲ့လေပြီ။ သူ့ထံသို့ ကြောက်မက်ဖွယ်အမူအရာဖြင့် ပြေးဝင်လာသော ဘီလူးသရဲမျက်နှာဖြင့် မိန်းကလေးကိုကြည့်ကာ...

'အား!!!'

ဟု အော်ကာ သိစိတ်တွေအားလုံး အမှောင်ကျသွားတော့လေ၏။

■





(နိဂုံး)

သီဟကျော် ပြန်သတိရရချင်းမှာပင် သူ့ကိုယ်သူ ဆေးရုံပေါ်သို့ ရောက်ရှိနေမှန်း သဘောပေါက်လိုက်သည်။ ထို့အတွက်ကြောင့်ပင် 'ငါမသေဘူး' ဟု စိတ်ထဲမှ ကြုံးဝါးကာ ပျော်ရွှင်သွားမိသည်။

တစ်ပြိုင်တည်းမှာပင် ထိတ်လန့်စရာအဖြစ်ဆိုးများမှ ကယ်တင်ပေးခဲ့သည့် ကံကြမ္မာကို သူ ကျေးဇူးတင်မိသွား၏။

သို့သော် ထိုပျော်ရွှင်နေသော စိတ်များက တစ်ခဏအတွင်းမှာပင် နေရောင်ထိသော မြူမှုန်လေးများကဲ့သို့ပင် လွင့်စင်ပျောက်ကွယ်သွားရလေသည်။

ပက်လက်လှဲအိပ်နေရသော သူ့မျက်နှာတည့်တည့်ပေါ်တွင် တစီစီနှင့် ပျံသန်းနေသည့် ယင်ကောင်တစ်ကောင်ကြောင့် ဖြစ်၏။

'တောက်... ဒီယင်ကောင်ကလည်း'

ဟု သီဟကျော်က ပြစ်တင်ရေရွတ်လိုက်ကာ ပျံသန်းနေသော ယင်ကောင်ကို လှမ်းရိုက်ဖို့ ကြိုးစားလိုက်သည်။

'ချွင်...'

'ဟင်...'

သူ့လက်က တစ်စုံတရာဖြင့် တုပ်နှောင်ခံထားရ၍ ကြွတက်မလာ။ ထို့ကြောင့် သူ့လက်ကို စောင်းငဲ့ကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



'ဟာ…'

အံ့သြစိတ်ကြောင့်ပင် သူ ကြက်သေသေသွားမိသည်။

သူ့လက်ကောက်ဝတ်နှင့် ခုတင်သံတိုင်ကို ပူးတွဲတုပ်နှောင်ထားသည့် သံမဏိလက်ထိပ်တစ်ခု။

'ငါ… လက်ထိပ်ခတ်ခံထားရပါလား' ဟူသော အသိကြောင့် သူ နာနာကျင်ကျင်ဖြင့်ပင် အရာရာကို သိနားလည်လိုက်သည်။ ကံကြမ္မာက သူ့ကို မျက်နှာသာပေးခဲ့သော်လည်း တရားဥပဒေကတော့ မျက်နှာသာပေးလိမ့်မည် မဟုတ်တော့ပါ။

သူ့အဖြစ်ကို သူ ရယ်မောပစ်လိုက်ရမလား ငိုကြွေးလိုက်ရမည်လား မဝေခွဲတတ်တော့။

သီဟကျော်က စိတ်ကို လျှော့ချလိုက်တော့၏။

ထိုအချိန်မှာပင် အခန်းထဲသို့ မိန်းမပျိုတစ်ယောက် ဝင်လာမှန်း သိလိုက်၍ သူကြည့်လိုက်သည်။

'ဟင်… သင်းသီရိ'

'တို့… သင်းသီရိ မဟုတ်ပါဘူး၊ ဟေဇယ်ပါ'

သီဟကျော်ကတော့ နားမလည်နိုင်သည့် မျက်လုံးများဖြင့် သူမကို ကြောင်ပြီး စိုက်ကြည့်နေ၏။

'တို့… သူ့ကို ခြောက်လှန့်ခဲ့မိတဲ့အတွက် တောင်းပန်ပါတယ်။ တကယ်တော့ တို့က ဒီမြို့ကို ခဏလာတဲ့ ဧည့်သည်ပါ။ ရှင့်ကြောင့် သေသွားတဲ့ သင်းသီရိရဲ့ သူငယ်ချင်း လဲ့လဲ့ဆွေက အကူအညီတောင်းလို့ ရှင့်ကို ရေတံခွန်တောင်ဆီ အတင်းလိုက်ပို့ခိုင်းပြီး လဲ့လဲ့ဆွေကတို့ကို သင်ပေးလိုက်တဲ့ စကားတွေအတိုင်း ကိုယ့်ကိုယ်ကို သင်းသီရိလို ဟန်ဆောင်ပြောခဲ့ရတာပါ။ သီဟရယ်'

'ဟင်… ဒါဆို… ဟို… အမာရွတ်နဲ့ မိန်းကလေးကရော'

'အဲဒါက လဲ့လဲ့ဆွေလေ။ သင်းသီရိလိုပဲ လွန်ခဲ့တဲ့ ငါးနှစ်





လောက်က ရေတံခွန်တောင်ပေါ်က ပြုတ်ကျပြီး မျက်နှာတစ်ခုလုံး ပျက်စီးသွားတာ။ သင်းသီရိက မသေခင် တစ်ရက်အလိုမှာ ရှင်နဲ့ မှားယွင်းခဲ့မိပြီဆိုတဲ့အကြောင်း သူ့ကို ပြောပြသွားခဲ့တယ်လေ။ အဲဒါကြောင့် ရှင်နဲ့အတူသွားရင်း သင်းသီရိက ချောက်ထဲကျပြီး သေသွားတော့ လဲ့လဲ့ဆွေက ရှင့်ကို မသင်္ကာဖြစ်ပြီး ကျွန်မကို အကူအညီတောင်းတာပေါ့'

ဟေဇယ်က ပြောရင်း သီဟကျော်နှင့် မျက်လုံးချင်းမဆိုင်ချင်သလို သူမ၏ အကြည့်ကို အဝေးသို့ လွှဲဖယ်လိုက်၏။

သူမ၏ အတွေးမျက်ဝန်းအစုံထဲတွင် လဲ့လဲ့ဆွေနှင့် သူမ စတင်ဆုံဆည်းခဲ့သည့် အဖြစ်ကို တရေးရေး ပြန်မြင်ယောင်နေမိ၏။

ဟေဇယ် ဒီမြို့ကို ပြောင်းလာကာစ ဖေဖေကော မေမေပါ မပြီးပြတ်သေးသော လုပ်ငန်းကိစ္စများကြောင့် ရန်ကုန်မှာ ကျန်နေရစ်ခဲ့ကြသည်။ သူမအဖို့က နိုင်ငံခြားဘာသာ တက္ကသိုလ်မှာ ကျောင်းဝင်ခွင့် လျှောက်လွှာများ လက်ခံသည့် နောက်ဆုံးသတ်မှတ်ရက်နှင့် အလွန်နီးကပ်လာနေပြီ ဖြစ်သောကြောင့် မမိမှာစိုးသဖြင့် သူမတစ်ယောက်တည်း အရင်ပြောင်းရွှေ့လာခဲ့ခြင်း ဖြစ်လေသည်။

ဖေဖေတို့လိုက်လာမှ မိသားစုနေထိုင်ဖို့ အိမ်တစ်လုံးဝယ်ယူရန် စီစဉ်ကြမည်ဖြစ်သဖြင့် ဒီအတောအတွင်း ဟေဇယ်က အဒေါ်ဝမ်းကွဲတစ်ယောက်၏ အိမ်တွင် ခေတ္တတည်းခိုနေ၏။

အဲ့သည် အဒေါ်၏ နေအိမ်မှာပင် ဟေဇယ်အဖို့ ကြောက်ရွံ့ထိတ်လန့်ဖွယ်၊ ဝမ်းနည်းသနားဖွယ် မိန်းကလေးတစ်ယောက်ကို စတင်မြင်တွေ့လိုက်ရခြင်း ဖြစ်လေသည်။

စတွေ့တွေ့ချင်းတုန်းကတော့ အဲဒီမိန်းကလေးကို သရဲ တစ္ဆေတစ်ကောင်လားဟုပင် ဟေဇယ့်စိတ်ထဲမှာ ထင်မှတ်မိလိုက်သေး၏။ အဘယ်ကြောင့်ဆိုသော် ထိုမိန်းကလေး၏ မျက်နှာတစ်ပြင်လုံးတွင်



www.burmeseclassic.com

www.burmeseclassic.com



ဓားအစင်းစင်းဖြင့် မွှန်းထားသလို အမာရွတ်တွေက ပြည့်နှက်ဖုံးလွှမ်းနေသည်။ လက်ဆော့တတ်သည့် ကလေးငယ်တစ်ယောက်က မှင်မကောင်းသည့် ဘောပင်တစ်ချောင်းကို စက္ကူလွတ်ပေါ်တွင် ခပ်ကြမ်းကြမ်း ရေးခြစ်ထားသလိုမျိုး အရုပ်ဆိုးလှသော အမာရွတ်တွေက တစ်ခုပေါ်တစ်ခု ဖြတ်လျက်၊ ထပ်လျက် မွစာကျဲနေ၏။ ထိုအမာရွတ်အောက်မှ မျက်လုံးလေးတစ်စုံကတော့ အားငယ်တတ်စွာဖြင့် အရည်လဲ့နေသည်။

'ဒါ...ဒေါ်ဒေါ့်သမီးပဲလေ။ လွန်ခဲ့တဲ့ ငါးနှစ်လောက်က ရေတံခွန်တောင်ပေါ်ကနေ ဆိုင်ကယ်နဲ့ ချော်ကျလို့ မျက်နှာတစ်ခုလုံး ကျောက်ခဲချွန်တွေနဲ့ ခြစ်မိပြီး အခုလို ဖြစ်သွားတာ ကံကောင်းလို့ မသေတာလို့ပဲ ပြောရတော့မှာပေါ့'

ဟေဇယ်၏ အဒေါ်က ဖွင့်ပြောသဖြင့်သာ သူမနှင့် ညီမ နှစ်ဝမ်းကွဲတော်သူ လဲ့လဲ့ဆွေဖြစ်မှန်း ဟေဇယ် သိလိုက်ရသည်။ အစက သူ့ကို ရှောင်ဖယ် ဖယ်နေသော လဲ့လဲ့ဆွေ၏ အပြုအမူကြောင့် စိတ္တဇဝေဒနာသည်လေးလားဟုပင် ဟေဇယ်က အထင်မှားခဲ့သေး၏။

သို့သော်...မဟုတ်ခဲ့ချေ။ လဲ့လဲ့ဆွေက သူမ၏ ဆိုးဝါးလှသော ရုပ်ဆင်းအင်္ဂါကြောင့် လူတောထဲမသွားဝင့်ရှာဘဲ အထီးကျန်နေရသူဖြစ်မှန်း သိလိုက်ရသည့်အခါတွင် ဟေဇယ်က အရမ်းစိတ်ထိခိုက်သွားပြီး လဲ့လဲ့ဆွေအပေါ် နွေးထွေးကြင်နာ ဖြစ်ခဲ့လေသည်။

'ဒီလို တစ်ယောက်တည်း မနေရဘူးလေ ညီမလေးရဲ့။ ကြာလာရင် သိမ်ငယ်စိတ်တွေ ဝင်လာလိမ့်မယ်။ လူဆိုတာ သူငယ်ချင်းတွေ၊ မိတ်ဆွေတွေနဲ့ ပေါင်းသင်းနေထိုင်တတ်ဖို့လဲ လိုတယ် ညီမလေးရဲ့'

ဟေဇယ်က ထိုသို့ ကိုယ်ချင်းစာစကားပြောတိုင်း လဲ့လဲ့ဆွေက...

'ဟိုးအရင်တုန်းကတော့ လဲ့အပေါ် အရမ်းနားလည်တဲ့ သူငယ်ချင်းတစ်ယောက် ရှိခဲ့ဖူးပါတယ်။ သူ့နာမည်က သင်းသီရိတဲ့ အခုတော့





သူလဲ လူယုတ်မာတစ်ယောက်ရဲ့ လက်ချက်နဲ့ ဆုံးသွားရှာပြီ မမရယ်'

ထိုသို့ နားလည်ရခက်သော စကားတစ်ခွန်းကိုသာ အမြဲဆိုလေ့ရှိ၏။ တဖြည်းဖြည်းနှင့် ကြာလာတော့ ဟေဇယ်နှင့် လဲ့လဲ့ဆွေတို့၏ သံယောဇဉ်ကြိုးသည် ခိုင်မြဲသထက် ခိုင်မြဲလာသည်။ လဲ့လဲ့ဆွေက သူ့အပေါ် ကရုဏာကြီးမားလှန်းသော ဟေဇယ့်ကို တွယ်တာကာ ဟေဇယ်သွားလေရာနောက် တကောက်ကောက် လိုက်နေလေ့ ရှိ၏။ သို့သော် လူကြားသူကြားထဲသို့ကား ဘယ်တော့မှမဝင်။ လူမမြင်ကွယ်ရာက တိတ်တိတ်ကလေး ခိုးကြည့်နေလေ့ရှိသည်။

ထူးခြားသည်ကတော့ ဟေဇယ်တစ်ယောက် သီဟကျော်နှင့် ရုပ်ရှင်သွားကြည့်ပြီး အိမ်သို့ ပြန်ရောက်သည့်အခါ လဲ့လဲ့ဆွေက...

'မမ...လဲ့တစ်ခု သတိပေးချင်တယ်။ မမကို အခုချဉ်းကပ်နေတဲ့ လူဟာ လူယုတ်မာ သီဟကျော်ဆိုတဲ့လူပဲ။ လဲ့သူငယ်ချင်း သင်းသီရိ သေရတာ သူ့ကြောင့်ပေါ့'

ဟေဇယ်ကတော့ ဒီမြို့ကလေးမှာ ဧည့်သည်အဖြစ် နေလို့လားမပြောတတ်။ လဲ့လဲ့ဆွေပြောသည့် စကားတွေကို ယုံရမလို မယုံရမလို ဒွိဟဖြစ်နေခဲ့သည်။

ဒီလိုနှင့် တစ်ရက်လည်းမဟုတ်၊ နှစ်ရက်လည်းမဟုတ် ရက်ပေါင်းများစွာကြာအောင် လဲ့လဲ့ဆွေနှင့် သီဟကျော်အကြောင်း ပြောဆိုတိုင်ပင်ဖြစ်ခဲ့ကြပြီးနောက် လဲ့လဲ့ဆွေက...

'မမ မယုံရင် တစ်ခုစမ်းကြည့်ပါလား။ သီဟကျော်ရဲ့ အဖေဆီမှာ ဒေါက်ကပ်မြင်းလှည်းတစ်စင်း ရှိတယ်။ အဲဒီလှည်းကို စီးချင်တယ်လို့ ပူဆာပြီး ရေတံခွန်တောင်ပေါ်ကို သူနဲ့ နှစ်ယောက်တည်း ရောက်အောင်သွား'

'ဟို... ရောက်ရင်ကော...'

'မမကို သင်းသီရိ ချောက်ထဲကျပြီး သေတဲ့နေရာ ပြသွားမယ်



www.burmeseclassic.com

www.burmeseclassic.com



လေ။ ပြီးရင် မမကိုယ် မမ သေရာက ပြန်ထလာတဲ့ သင်းသီရိပါလို့ ပြော။ အို… ရှုပ်ပါတယ်လေ ပြောရမယ့်စကားတွေကိုလည်း အတိအကျ သင်ပေးလိုက်မယ်။ အဲဒီအခါကျရင် သီဟကျော် ဘယ်လို တုန့်ပြန် မလဲဆိုတာ ကြည့်ကြသေးတာပေါ့'

စိတ်အားထက်သန်လွန်းနေသော လှဲလှဲခွေ၏ စကားအဆုံးတွင် ဟေဇယ်က နဝေတိမ်တောင်ဖြင့် ခေါင်းညိတ်လိုက်မိ၏။ အမှန်တကယ် ပြောရလျှင် ထိုအချိန်အထိ သီဟကျော်မှာ အပြစ်ရှိသည်ဟု ဟေဇယ် စိတ်ထဲတွင် မထင်မိသေး။

●





ဟေဇယ်က ဆေးရုံခုတင်ပေါ်တွင် လက်ထိတ်တန်းလန်းဖြင့် လဲလျောင်းနေသော သီဟကျော်ထံသို့ မျက်စိအကြည့်ကို ပြန်ပို့လိုက်သည်။

ဒီတစ်ခါကြည့်သည့် သူမ၏ မျက်ဝန်းထဲမှာတော့ မျက်ရည်စ တွေ ငွေ့ရည်ဖွဲ့စ ပြုနေ၏။ သူမက စကားလုံးများတွင် ရှိုက်သံမပါ အောင်ထိန်းရင်း…

'အမှန်တိုင်းပြောရရင် အဲဒီအချိန်အထိ ရှင့်မှာ အပြစ်ရှိတယ်လို့ ကိုယ့်စိတ်က လုံးဝမထင်ခဲ့မိတာပါ သီဟရယ်။ ဒါပေမယ့်… ဒါပေမယ့်'

သူမ စကားကို ဘယ်လိုမှ အဆုံးသတ်၍ မရနိုင်တော့။ စီးကျ လာသော မျက်ရည်စတွေနှင့်အတူ ရှိုက်သံကလည်း အက်ကြောင်းထင် လာသည်။

ချုံးပွဲချမငိုလိုက်မိခင် ဒီနေရာက အမြန်ဆုံးထွက်သွားမှ ဖြစ်မယ် ဟု သူမ တွေးလိုက်မိ၏။ သူမနောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်သည်။

ကျောခိုင်းပြီး ချာခနဲလှည့်မထွက်ခင် သီဟကျော်ကို နောက်ဆုံး တစ်ချက်လှမ်းကြည့်လိုက်တော့ သူ့ရုပ်ပုံလွှာက မျက်ရည်စတွေကြားမှာ မှုန်ဝါးဝေသီနေ၏။

'တကယ်တော့… ကို့… ကို့… သီဟကို တကယ် သံယောဇဉ် ရှိခဲ့တာပါ'

မျက်ရည်သံလား… စကားသံလား မကွဲပြားတော့သည့် နှုတ် ဆက်စကားနှင့်အတူ သူမ မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ ပြေးထွက် သွားလေတော့၏။

သီဟကျော်က စိတ်တွေ သွေ့ခြောက်စွာဖြင့် အသက်ဝိညာဉ် ကင်းမဲ့နေသလို သူမ၏ ကျောပြင်ကို မျက်စိတစ်ဆုံး ငေးကြည့်နေမိ သည်။

●



www.burmeseclassic.com

www.burmeseclassic.com

အတိတ်က ရေးခြစ်ခဲ့သော အမှားအယွင်း စာမျက်နှာတွေအကြောင်း ပြန်စဉ်းစားလိုက်တော့ ကိုယ့်ကို နှောင်ဖွဲ့သည့် ကြိုးတစ်ချောင်း၏ ဆက်တုံးတွေဟု စိတ်မှာ ခံစားလာရသည်။

ဒါဆို... ဘာများထူးသေးသနည်း။

သံယောဇဉ်ဆိုတာကကော နှောင်ဖွဲ့မည့် ကြိုးတစ်ချောင်းပင် မဟုတ်ပါလား...

တကယ်တော့ လူသားတစ်ယောက်၏ အခွင့်အလမ်းဆိုသည်မှာ မိမိကို နှောင်ဖွဲ့မည့် ကြိုးအမျိုးအစားကို မိမိကိုယ်တိုင်ပင် ရှာဖွေရွေးချယ်ရသည် မဟုတ်ပါလား...

သင်ကော... ဘယ်လိုကြိုးအမျိုးအစားကို ရွေးထားခဲ့ပြီးပြီလဲ။

ဩော်... သံယောဇဉ်တဲ့လားကွယ်...

သတိုးတေဇ

■



BURMESE CLASSIC .com

မောင်မျိုးစိုးစဉ်သည်

# သတိုးတေဇ

## တေလေဝိညာဉ်

* လူ့သတ်မှုဖြစ်ပွားခဲ့သော အိမ်တစ်အိမ်တွင် ဆက်တိုက်ကြုံတွေ့ရသော ခြောက်လှန့်မှုများ

* သရဲအခြောက်ခံရသည့်တိုင် မယုံကြည်မှာစိုး၍ အဖြင့် တစ်ယောက်ကိုတစ်ယောက် ပြောမပြရဲဘဲ ကြိတ်မှိတ်နေရသည့် လူငယ်တစ်စု

* ရေချိုးခန်းထဲမှာ လူမရှိဘဲ ရေပိုက်ခေါင်းဖွင့်သံကြားရပြီး သည့်နောက် . . .

* သရဲအလွန်ခြောက်သော အိမ်ကြီးထဲတွင် တစ်ယောက်တည်း ပိတ်မိနေသူတစ်ဦး၏ သွေးပျက်စရာအတွေ့အကြုံ

* သရဲကိုမယုံကြည်သူများပင် လက်မြှောက်အရှုံးပေးကာ ပြောင်းပြေးရသည့်အိမ်ကြီးတစ်အိမ် . .

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com